# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# အဋ္ဌမပုံမှန်အစည်းအဝေး
# ဆဋ္ဌမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | လယ်ဝေးမြို့နယ်အတွင်းရှိ ဆင်အုံရေလှောင်ကန်ကြီးကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၆ | ကာလပေါက်ဈေးနှင့်မကိုက်ညီဘဲ ပုဂ္ဂလိကသို့ BOT စနစ်ဖြင့် ငှားရမ်းထားသော နိုင်ငံတော်ပိုင် အဆောက်အဦနှင့် မြေနေရာများကြောင့် ပြည်သူ့ဘဏ္ဍာထိခိုက်နစ်နာနေရခြင်းအား မည်ကဲ့သို့ အရေးယူမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၈ |
| ၇ | လယ်ယာမြေ၊ မိမိလက်ရှိပိုင်ဆိုင်မြေတွင် မွေးမြူရေးလုပ်ငန်း၊ အုတ်လုပ်ငန်းများကို တရားမဝင် လုပ်ကိုင်နေရမှုများအား တရားဝင် လုပ်ကိုင်နိုင်ရန်အတွက် လယ်ယာမြေအခြားနည်းသုံးစွဲခွင့်များကို သတ်မှတ်ကာလအတွင်းထုတ်ပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း | ၁၂ |
| ၈ | ကျိုင်းတုံမြို့ ရေပေးဝေရေးလုပ်ငန်းအသစ်တစ်ခု ထပ်မံဆောင်ရွက်နေမှုတွင် လိုအပ်လျက်ရှိသော ရန်ပုံငွေကို ပြည်ထောင်စုရန်ပုံငွေမှ ကူညီဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၁၇ |
| ၉ | သံဖြူဇရပ်မြို့နယ်အတွင်း ဆုတ်ယုတ်လာသော ပင်လယ်ငါးဖမ်းလုပ်ငန်းကို ပြည်ထောင်စုအစိုးရနှင့် မွန်ပြည်နယ်အစိုးရတို့ ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်ချက်များကို ပံ့ပိုးမြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၀ |
| ၁၀ | ရွှေကူမြို့နယ်၊ စီသောင်ကျေးရွာအနီးတွင် တည်ဆောက်လျက်ရှိသော ပေါင်းနက်ရေလှောင်ဆည်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အပြီးသတ်သော်လည်းကောင်း၊ ဘဏ္ဍာငွေခွဲဝေမှုအပေါ်မူတည်၍ နှစ်အလိုက်စဉ်ဆက်မပြတ် အပြီးသတ်သော်လည်းကောင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၄ |

| | | |
|---|---|---|
| ၁၁ | ဦးထွန်းထွန်း၊ ပွင့်ဖြူမဲဆန္ဒနယ်က တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမား များ၏ဘဝ မြင့်မားတိုးတက်စေရေးနှင့် စိုက်ပျိုးရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံအဝန်း စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ၊ နှီးနှောဖလှယ်ပွဲများကျင်းပပြုလုပ် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေး ရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၂၈ |
| ၁၂ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း | ၃၅ |
| ၁၃ | ဦးဘရှိန်၊ ကျောက်ဖြူမဲဆန္ဒနယ်က မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း | ၄၅ |
| ၁၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသည့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၅၅ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း | ၆၅ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး

## ဆဋ္ဌမနေ့ အစီအစဉ်

## [ ၂၃-၅-၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ကော်မတီများတွင် ကော်မတီအဖွဲ့ဝင်များ အစားထိုး လဲလှယ် ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း-

(က) ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်၏ **လယ်ဝေးမြို့နယ်အတွင်းရှိ ဆင်အုံရေလှောင်ကန်ကြီးကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဒေါ်ရွှေပုံ၊ ပဲခူး မဲဆန္ဒနယ်၏ **ကာလပေါက်ဈေးနှင့် မကိုက်ညီဘဲ ပုဂ္ဂလိကသို့ BOT စနစ်ဖြင့် ငှားရမ်းထားသော နိုင်ငံတော်ပိုင် အဆောက်အဦနှင့် မြေနေရာများကြောင့် ပြည်သူ့ဘဏ္ဍာထိခိုက်နစ်နာနေရခြင်းအား မည်ကဲ့သို့ အရေးယူမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးထွန်းထွန်းနိုင်၊ ကနီ မဲဆန္ဒနယ်၏ **လယ်ယာမြေ၊ မိမိလက်ရှိပိုင်ဆိုင်မြေတွင် မွေးမြူရေးလုပ်ငန်း၊ အုတ်လုပ်ငန်းများကို တရားမဝင်လုပ်ကိုင်နေရမှုများအား တရားဝင်လုပ်ကိုင်နိုင်ရန်အတွက် လယ်ယာမြေအခြားနည်းသုံးစွဲခွင့်များကို သတ်မှတ်ကာလအတွင်း ထုတ်ပေးနိုင်ရန်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစတီဖန်၊ ကျိုင်းတုံ မဲဆန္ဒနယ်၏ **ကျိုင်းတုံမြို့ ရေပေးဝေရေးလုပ်ငန်းအသစ်တစ်ခု ထပ်မံဆောင်ရွက်နေမှုတွင် လိုအပ်လျက်ရှိသောရန်ပုံငွေကို ပြည်ထောင်စုရန်ပုံငွေမှ ကူညီဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးညဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၏ **သံဖြူဇရပ်မြို့နယ်အတွင်းဆုတ်ယုတ်လာသော ပင်လယ်ငါးဖမ်းလုပ်ငန်းကို ပြည်ထောင်စုအစိုးရနှင့် မွန်ပြည်နယ်အစိုးရတို့ ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်ချက်များကို ပံ့ပိုးမြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးဇာနည်မင်း၊ ရွှေကူ မဲဆန္ဒနယ်၏ **ရွှေကူမြို့နယ်၊ စီသောင်ကျေးရွာအနီးတွင် တည်ဆောက်လျက်ရှိသော ပေါင်းနက်ရေလှောင်ဆည်အား ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် အပြီးသတ်သော်လည်းကောင်း၊ ဘဏ္ဍာခွဲဝေမှုပေါ် မူတည်၍ နှစ်အလိုက်စဉ်ဆက်မပြတ် အပြီးသတ်သော်လည်းကောင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဦးထွန်းထွန်း၊ ပွင့်ဖြူ မဲဆန္ဒနယ်က **"တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ဘဝ မြင့်မားတိုးတက်စေရေးနှင့် စိုက်ပျိုးရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံအဝန်း စိုက်ပျိုးရေး**

**နည်းပညာပေးသင်တန်းများ၊ နှီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၈။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **“မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)”** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၁၀။ ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်က **“မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လက်ခံဆွေးနွေးရန် အဆို တင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း၊

၁၁။ **“မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** ကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း၊

၁၂။ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

သို့မဟုတ်

လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၁၃။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသည့် **"တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**
**ဆဋ္ဌမနေ့မှတ်တမ်း**

**၁၃၈၀ ခုနှစ်၊ နယုန်လဆန်း ၉ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၂၃ ရက်)**
**(ဗုဒ္ဓဟူးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦးရှိတဲ့အနက် ၃၉၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၁.၆၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ မေလ ၂၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၅ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၉ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊
(၂) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင် ခွင့် ၁ ရက်၊
(၃) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက် ခွင့် ၁၀ ရက်၊
(၄) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ခွင့် ၁ ရက်၊
(၅) ဟသ်ာတမဲဆန္ဒနယ်မှ ဦးခင်မောင်ရီ ခွင့် ၁ ရက်၊
(၆) သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊
(၇) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊
(၈) ဘုရားသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ ခွင့် ၁ ရက်၊
(၉) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၁ ရက်၊
(၁၀) သဲကုန်းမဲဆန္ဒနယ်မှ ဦးအောင်သန်း ခွင့် ၃ ရက်၊
(၁၁) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ခွင့် ၁ ရက်၊
(၁၂) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၁ ရက်၊
(၁၃) ကျွန်းလှမဲဆန္ဒနယ်မှ ဦးထွန်းဝင်း ခွင့် ၁ ရက်၊
(၁၄) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၃ ရက်၊
(၁၅) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း ခွင့် ၁ ရက်၊
(၁၆) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးလီကျန်းဖူ(ခ)ဦးမြင့်ဆွေ ခွင့် ၃ ရက်၊
(၁၇) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၁ ရက်၊

(၁၈) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်နှင့်

(၁၉) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၉ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအားခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၃၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ကော်မတီများတွင် ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော ကော်မတီများတွင် အဖွဲ့ဝင်များ အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးကြီးနေဝင်းအစား ဗိုလ်မှူးချုပ်ရဲနိုင်မျိုးအားလည်းကောင်း၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်ရဲနိုင်မျိုးအစား ဗိုလ်မှူးချုပ်ကျော်ဆန်းလင်းအားလည်းကောင်း ပညာရေးမြှင့်တင်မှုကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်စိုးမြင့်အစား ဗိုလ်မှူးချုပ်နေဝင်းအားလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးကြီးကြည်ရွှေအစား ဗိုလ်မှူးကြီးထွန်းမြတ်ရွှေအားလည်းကောင်း၊ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်တင်စိုးအစား ဗိုလ်မှူးချုပ်နိုင်ဝင်းအားလည်းကောင်း၊ လျှပ်စစ်နှင့်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် အဖွဲ့ဝင် ဗိုလ်မှူးချုပ်သန်းအောင်အစား ဗိုလ်မှူးကြီးခင်မောင်ထွန်းအား

လည်းကောင်း အစားထိုးလဲလှယ် ဖွဲ့စည်းမှာဖြစ်ပါတယ်။ တင်ပြခဲ့တဲ့ကော်မတီဝင်များ အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကော်မတီအဖွဲ့ဝင်များ အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ် ၆ မစမီ လွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဥ္စမနေ့ (၂၁-၅-၂၀၁၈ ရက်နေ့)မှာ မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦးက ကြယ်ပွင့်ပြမေးခွန်း တစ်ခု မေးမြန်းခဲ့ပါတယ်။ မေးခွန်းမေးမြန်းရင်းနဲ့ ကိုယ်စားလှယ်တင်ပြသွားတာက ၎င်းမေးခွန်းကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ လ ၁ ရက်နေ့မှာ တင်ပြထားတာဖြစ်တဲ့အကြောင်း၊ အခုဆို ခြောက်လကျော် သွားပြီဖြစ်တဲ့အကြောင်း၊ မေးခွန်းတစ်ခုအတွက် ယခုကဲ့သို့ ကြန့်ကြာခြင်းမဖြစ်သင့်ကြောင်း ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဦးရဲ့မေးခွန်းကို နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေဆိုရန်အသင့်ဖြစ်ကြောင်း ၁-၁၂-၂၀၁၇ ရက်နေ့မှာ လက်ခံရရှိပါတယ်။ ၎င်းကာလသည် လွှတ်တော်ရပ်နားထားသည့်ကာလဖြစ်ပါတယ်။ မေးခွန်းဖြေဆိုရန်အတွက် သတ္တမပုံမှန်အစည်းအဝေးမှာ လျာထားခဲ့သော်လည်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး ခရီးစဉ်များနှင့် အရေးပေါ်အစည်းအဝေးများကြောင့် မကြာခဏပယ်ဖျက်ခဲ့ရပါတယ်။ ၎င်းမေးခွန်းကို သတ္တမပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ (၁၆-၃-၂၀၁၈ ရက်နေ့)မှာလျာထားပြီး ဝန်ကြီးဌာနအား ဖိတ်ကြားခြင်း၊ ကိုယ်စားလှယ်အား အကြောင်းကြားခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမဲ့ ဝန်ကြီး ခရီးစဉ်ရှိတဲ့အတွက် ပယ်ဖျက်ခဲ့ရပါတယ်။ (၃၁)ရက်မြောက်နေ့ (၂၂-၃-၂၀၁၈ ရက်နေ့)မှာလည်းပဲ ထပ်မံလျာထားပြီး ဝန်ကြီးဌာနအားဖိတ်ကြားခြင်း၊ ကိုယ်စားလှယ်အား အကြောင်းကြားခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ သို့သော် လွှတ်တော်အစည်းအဝေးအစီအစဉ်သည် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ရွေးချယ်တင်မြှောက်ခြင်းအစီအစဉ်အဖြစ် ပြောင်းလဲသွားသည့်အတွက် ၎င်းမေးခွန်းကို ထပ်မံရွှေ့ဆိုင်းခဲ့ရပါတယ်။ ကိုယ်စားလှယ်အနေနဲ့လည်း ၎င်းမေးခွန်းကို သတ္တမပုံမှန်အစည်းအဝေးမှ အဋ္ဌမပုံမှန် အစည်းအဝေးသို့ ပြောင်းရွှေ့ခဲ့ပါတယ်။ ဒါကြောင့် ၎င်းမေးခွန်းကို ယခု အဋ္ဌမပုံမှန်အစည်းအဝေး ၂၁-၅-၂၀၁၈ ရက်နေ့ (ပဥ္စမနေ့)ရောက်ရှိမှ မေးမြန်းခွင့်ရခဲ့တာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကိုယ်စားလှယ်များ မေးခွန်းတင်လာတဲ့အခါ လွှတ်တော်ရုံးကနေ မေးခွန်းကို မှတ်ပုံတင်ပြီး စိစစ်မှုပြုလုပ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၆ နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ပေးပို့ရပါတယ်။ နည်းဥပဒေမှာ လွှတ်တော်ရုံးက ပေးပို့တဲ့မေးခွန်းကို လက်ခံရရှိသည့်နေ့မှစ၍ ၁၄ ရက်အတွင်းဖြေကြားရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။ လွှတ်တော်ရုံးက ပေးပို့လာတဲ့မေးခွန်း လက်ခံရရှိတဲ့အခါ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကနေတစ်ဆင့် ဖြေကြား

ရတာလည်းရှိပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက သက်ဆိုင်ရာသို့မေးမြန်းပြီး အဖြေရရှိလာတဲ့ အခါ ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီးကို တာဝန်ပေးအပ်ပြီး လွှတ်တော်မှာ လာရောက် ဖြေကြားစေပါတယ်။ လွှတ်တော်ရုံးအနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက မေးမြန်း၊ ဖြေကြားဖို့ အသင့်ဖြစ်ကြောင်း လွှတ်တော်ရုံးသို့ ပြန်ကြားလာမှ လွှတ်တော်ရုံးက အစည်းအဝေးအစီအစဉ်မှာ ထည့်ရတာဖြစ်ပါတယ်။ ကိုယ်စားလှယ်များရဲ့အခွင့်အရေးမဆုံးရှုံးရအောင် လွှတ်တော်မှာမဖြစ်မနေ မေးစေချင်ပါတယ်။ လွှတ်တော်မှာ ပြည်သူတွေရဲ့အကျိုးအတွက် ဆောင်ရွက်နေပါတယ်ဆိုတာလည်း ပေါ်လွင်စေချင်ပါတယ်။ ဒါကြောင့် ပုံမှန်အစည်းအဝေးတစ်ခုအတွင်း မမေးနိုင်ခဲ့ရင် နောက်ပုံမှန် အစည်းအဝေးမှာ မေးမြန်းနိုင်ဖို့ မေးခွန်းကို ပြန်ပြန်ရွှေ့နေရတာဖြစ်ပါတယ်။ ကိုယ်စားလှယ်များအနေ နဲ့ ဒီမေးခွန်းကို ဘယ်တုန်းကတင်ခဲ့တယ်။ အခုမှပေါ်လာတယ်ဆိုပြီး ပြောဆိုနေလို့ အခြေအနေမှန် သိရှိနိုင်စေရန်နှင့် ကိုယ်စားလှယ်တွေရဲ့အခွင့်အရေး မဆုံးရှုံးရလေအောင် ကိုယ်စားလှယ်များအတွက် မည်သို့ဆောင်ရွက်ထားသည်ကို သိရှိနိုင်ရန် ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

### လယ်ဝေးမြို့နယ်အတွင်းရှိ ဆင်အိုရေလှောင်ကန်ကြီးကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လယ်ဝေးမြို့နယ် ဖွံ့ဖြိုးရေးအတွက် အရေးပါတဲ့ ဆင်အိုရေလှောင်ကန်ကြီး အမြန်ဆုံးပြန်လည်တူးဖော်နိုင်ရန်အတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ မြေပေါ်မြေအောက် သဘာဝသယံဇာတ အရင်းအမြစ်များစွာရှိတဲ့အနက် ရေသယံဇာတဟာ အပေါကြွယ်ဝဆုံးနှင့် အရေးပါဆုံးဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်းလုံးမှာ မြစ်၊ ချောင်း၊ အင်း၊ အိုင်တွေ ပေါများသော်လည်း ယခုအခါမှာ လူတို့ရဲ့ ပယောဂကြောင့်လည်းကောင်း၊ ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုတွေကြောင့်လည်းကောင်း ရေအရင်းအမြစ်များဟာ တဖြည်းဖြည်းနဲ့ ပြောင်းလဲလာခြင်း၊ ပျက်စီးခြင်း၊ လျော့နည်းလာခြင်းများဖြစ်ပေါ်နေတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါကြောင့် သက်ရှိများအတွက် မရှိမဖြစ်လိုအပ်တဲ့ရေကို ရယူသုံးစွဲနိုင်ဖို့အတွက်ဆိုရင်တော့ ရေအရင်း အမြစ်များဖြစ်တဲ့ မြစ်၊ ချောင်း၊ အင်း၊ အိုင်တွေကို ကာကွယ်ထိန်းသိမ်းပေးရန် လိုအပ်လို့နေပါတယ်။

လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ဝေးမြို့နယ်အတွင်းမှာရှိတဲ့ ကြို့ပင်ကျေးရွာနှင့် ရှမ်းစု ကျေးရွာအနီးမှာဆိုရင်တော့ ဆင်အိုကန်အမည်ရှိတဲ့ ရေလှောင်ကန်ကြီးတစ်ခုရှိပါတယ်။ အဲဒီ

ရေလှောင်ကန်ကြီးဟာ ၁၉၅၈ ခုနှစ်က စတင်တူးဖော်ခဲ့ကြတာဖြစ်ပါတယ်။ ယခင်ကဆိုရင် ဆင်အုံရေလှောင်ကန်ကြီးရဲ့ ရေဝပ်ဧရိယာမှာ ၃၈၀၀ ဧကနှင့် ရေနက်ပေ ၂၅ ပေခန့်ရှိပြီး ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သုံးရေအတွက် အကျိုးပြုလျက်ရှိကြောင်းလည်း သိရှိရပါတယ်။ နှစ်ပေါင်း ၆၀ နီးပါးရှိပြီဖြစ်တဲ့ အဲဒီဆင်အုံရေလှောင်ကန်ကြီးကို တစ်ကြိမ်တစ်ခါမှ ပြန်လည်တူးဖော်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းမရှိတာကြောင့် သဲနုန်းမြေများအနည်ထိုင်လာပြီး တဖြည်းဖြည်းနဲ့ တိမ်ကောလို့လာနေပြီဖြစ်ပါတယ်။ ဆင်အုံရေလှောင်ကြီး ဘယ်လောက်အထိ တိမ်ကောလာသလဲဆိုရင် ရေဝပ်ဧရိယာ ၂၈၀၀ ဧကနှင့် ရေနက်ပေ ၁၅ ပေခန့်အထိ တိမ်ကောပျောက်ကွယ်သွားခဲ့ပြီး ယခု လက်ရှိမှာ ရေဝပ်ဧရိယာ ၁၀၀၀ ဧကနှင့် ရေနက်ပေ ၁၀ ပေခန့်သာ ကျန်ရှိပါတော့တယ်။ ဒါကြောင့် ဆင်အုံရေလှောင်ကန်ကြီး မတိမ်ကော၊ မပပျောက်စေရန်အတွက် ကျန်ရှိတဲ့ရေဝပ်ဧရိယာများကို အချိန်မီပြန်လည်တူးဖော်ပြီး ထိန်းသိမ်းကာကွယ်ပေးရန် လိုအပ်လို့နေပြီဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆင်အုံရေလှောင်ကန်ကြီးထဲမှ ရေများကို နေ့စဉ် လယ်ယာမြေဧကပေါင်း ၅၀၀၀ နီးပါးကို စိုက်ပျိုးရေရရှိရေးအတွက် ရေပေးဝေလျက်ရှိသလို မွေးမြူရေးနှင့် သုံးရေအတွက်လည်း ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရပါတယ်။ ချောင်းမငယ်ဆည်ရေသောက်အတွင်းထဲမှာရှိတဲ့ ဆင်အုံကန်ကြီးထဲမှာ ရေမပြတ်စေရန်အတွက် ချောင်းမငယ်ဆည်မှရေများကို လက်တံမြောင်းများမှတစ်ဆင့် ငါးရက်တစ်ကြိမ်ခန့် ရေပေးသွင်းနေရကြောင်းလည်း သိရှိရပါတယ်။ မြို့ပြနှင့် ကျေးလက်ဒေသတွေမှာ လူဦးရေဖွံ့ဖြိုးတိုးတက်လာတာနှင့်အမျှ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာတာနှင့်အညီ ရေလိုအပ်မှုပမာဏလည်း မြင့်မားလာနိုင်တာကြောင့် ရေလှောင်ကန်များနှင့် သဘာဝရေအရင်းအမြစ်များကို ပိုမိုထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ လယ်ဝေးမြို့နယ်အတွင်းမှာရှိတဲ့ ဆင်အုံရေလှောင်ကန်ကြီးကို ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိကို ပြည်သူများကိုယ်စား သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်မျိုးရဲ့ လယ်ဝေးမြို့နယ်အတွင်းမှာရှိတဲ့ ဆင်အုံရေလှောင်ကန်ကြီးကို ပြန်လည်တူးဖော်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းပြီး ပြန်လည်ဖြေကြားပေးပါ့မယ်။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ကြို့ပင်ကျေးရွာအနီးမှာရှိတဲ့ ဆင်အုံကန်ကို ၁၉၅၈ ခုနှစ်ခန့်က တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားတဲ့ကန်ဖြစ်ပါတယ်။ အဆိုပါကန်ဟာ နှစ်ကာလကြာလာတာနှင့်အမျှ သဲနုန်းပို့ချပြီး ရေသိုလှောင်မှုလျော့ကျလျက်ရှိပါတယ်။ အဆိုပါဆင်အုံရေကန်မှာ ချောင်းမငယ်ဆည်ရေသောက်စနစ်အတွင်းမှာတည်ရှိပြီးတော့ ချောင်းမငယ်

မူကြမ်း

ရေလှောင်တမံကနေ ရေသွင်းမြောင်းကတစ်ဆင့် ဆင်အိုကန်အတွင်း ရေကူဖြည့်တင်းပေးပြီး ဒေသအတွင်း မိုးစပါးဧက ၄၅၆၀ ကို အောင်ရေပေးဝေခြင်း ဆောင်ရွက်နိုင်တဲ့ကန်ဖြစ်ပါတယ်။ အလားတူ နွေစပါး ၂၀၇၄ ဧကကို စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်။ မိုးစပါးနှင့် နွေစပါးအတွက် စိုက်ပျိုးရေကို ချောင်းမငယ်ရေလှောင်တမံကနေ ငါးရက်တစ်ကြိမ် ဆင်အိုကန်ထဲ လိုအပ်သလို ချိန်ညှိဖြည့်တင်းပေးလျက်ရှိတဲ့အတွက် စိုက်ပျိုးရေအတွက် အခက်အခဲမရှိ ပေးဝေနိုင်တဲ့အခြေအနေရှိကြောင်း တင်ပြအပ်ပါတယ်။ မိမိတို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေနဲ့ စိုက်ပျိုးရေရရှိရေးလုပ်ငန်းတွေကို စီမံဆောင်ရွက်လျက်ရှိရာမှာ နှစ်စဉ်ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ် ရန်ပုံငွေခွဲဝေရရှိမှုအခြေအနေများအရလည်းကောင်း၊ ဒေသတွင်း လတ်တလောအနေဖြင့် မဖြစ်မနေဆောင်ရွက်ဖို့ လိုအပ်နေမှုအရလည်းကောင်း၊ ဦးစားပေးလုပ်ငန်းတွေကို လျာထားစီမံဆောင်ရွက်ပေးလျက်ရှိပါတယ်။

လက်ရှိအခြေအနေအရ ဆင်အိုကန်ဟာ သဲနုန်းပို့ချမှုအတော်အသင့်ရှိသော်လည်း မိုးစပါး၊ နွေစပါးစိုက်ပျိုးရေကို ချောင်းမငယ်ရေလှောင်တမံကနေ လိုအပ်တဲ့အချိန်မှာ လိုအပ်တဲ့ပမာဏအတိုင်း ရေဖြည့်သွင်းပေးနိုင်တဲ့အနေအထား ရှိနေဆဲဖြစ်ပါတယ်။ ဌာနအနေနဲ့ အခြားမဖြစ်မနေဆောင်ရွက်ဖို့ လိုအပ်နေတဲ့လုပ်ငန်းများစွာကို ဦးစားပေးဆောင်ရွက်ရမယ့်အခြေအနေများလည်းရှိနေသေးတဲ့အတွက်ကြောင့် ဆင်အိုကန်သဲနုန်းတူးဖော်ခြင်းလုပ်ငန်းကို လတ်တလောအနေဖြင့် ဆောင်ရွက်ရန် မရှိသေးပါသော်လည်းပဲ ဆင်အိုကန် နောင်ရေရှည်တည်တံ့ရေးအတွက် သဲနုန်းပို့ချမှုအား သိရှိနိုင်ဖို့ လိုအပ်တဲ့စူးစမ်းလေ့လာတိုင်းတာခြင်းလုပ်ငန်းတွေကို ဆောင်ရွက်သွားရန်ရှိပါတယ်။ ရလာတဲ့အချက်အလက်တွေအပေါ် မူတည်ပြီး စီမံအကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအား ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမျိုးဇော်ဦး(လယ်ဝေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်ဆက်စပ်တည်း မေးခွန်းမေးမြန်းခွင့်ပြုပါ။ ဒုတိယဝန်ကြီးဖြေဆိုသွားတဲ့အထဲမှာ ဆင်အိုကန်ကြီးထဲကို သဲနုန်းမြေကျတာတွေနဲ့ပတ်သက်ပြီးတော့မှ စူးဆန်းလေ့လာပါ့မယ်လို့ ဖြေဆိုထားတာတွေ့ပါတယ်။ ကျွန်တော် မေးမြန်းတဲ့အထဲမှာလည်း ဆင်အိုရေလှောင်ကန်ကြီးထဲကို သဲနုန်းမြေတွေကျလာတဲ့အခါမှာ ယခုအခါမှာ ရေဝပ်ဧရိယာ ၂၈၀၀ ဧကနှင့် ရေနက်ပေ ၁၅ ပေခန့်လောက်အထိတိမ်ကောပပျောက်သွားပြီ ဒါကြောင့်မို့လို့ စူးစမ်းလေ့လာမှုတွက်ကို ဘယ်တော့လောက်များ စတင်အကောင်အထည်ဖော်နိုင်မယ်ဆိုတာကို သိလိုတဲ့အတွက်ကြောင့်မို့လို့ ဆက်စပ်မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ဆက်စပ်မေးခွန်းကို ပြန်လည်ဖြေကြားပါ့မယ်။ စူးစမ်းလေ့လာမှု

လုပ်ငန်းကို ယခု ပွင့်လင်းရာသီကစပြီးတော့ စတင်ဆောင်ရွက်သွားဖို့ စီစဉ်ထားရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**ကာလပေါက်ဈေးနှင့်မကိုက်ညီဘဲ ပုဂ္ဂလိကသို့ BOT စနစ်ဖြင့် ငှားရမ်းထားသော နိုင်ငံတော်ပိုင်အဆောက်အဦနှင့် မြေနေရာများကြောင့် ပြည်သူ့ဘဏ္ဍာထိခိုက်နစ်နာနေရခြင်းအား မည်ကဲ့သို့အရေးယူမည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ရွှေပုံ(ပဲခူးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပုံ ဖြစ်ပါတယ်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ ကာလပေါက်ဈေးနှင့်မကိုက်ညီဘဲ ပုဂ္ဂလိကသို့ BOT စနစ်ဖြင့် ငှားရမ်းထားတဲ့ နိုင်ငံတော်ပိုင်အဆောက်အဦနှင့် မြေနေရာများကြောင့် ပြည်သူ့ဘဏ္ဍာ ထိခိုက်နစ်နာနေရခြင်းအား မည်ကဲ့သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုပါသဖြင့် မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်တွင် ယခင်အစိုးရလက်ထက် နိုင်ငံတော်ပိုင်အဆောက်အဦနှင့် မြေနေရာများကို ပုဂ္ဂလိကသို့ BOT စနစ်ဖြင့် ငှားရမ်းထားသော စက်ရုံ၊ အလုပ်ရုံ၊ စိုက်ကွင်း၊ သိုလှောင်ရုံနှင့် အဆောက်အဦများစာရင်းကို စစ်ဆေးကြည့်ရှုရာတွင် ပဲခူးမြို့ပေါ်ရှိ ကြားစခန်း ဘိုကုန်းရပ်ကွက်ရှိ သိုလှောင်ရုံသုံးလုံးကို ၁၂-၆-၂၀၁၄ ရက်နေ့တွင်ငှားရမ်းခဲ့ပြီး ငှားရမ်းသည့်ကာလမှာ နှစ် ၂၀ သက်တမ်းဖြစ်ပါတယ်။ ထိုနည်းအတူ အခြားသောနိုင်ငံတော်ပိုင်အဆောက်အဦများနှင့် မြေနေရာများကို ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်များအပါအဝင် အစိုးရသက်တမ်းကူးပြောင်းကာနီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလလယ်လောက်တွင်မှ စာချုပ်ချုပ်ဆိုငှားရမ်းခြင်းများရှိသည်ကိုလည်း တွေ့ရှိခဲ့ရပါတယ်။ ပဲခူး-ရန်ကုန်ကားလမ်းမပေါ်ရှိ ယခင်(၁၀)မိုင်ကုန်းပျိုးဥယျာဉ်အရောင်းဆိုင်မြေနေရာ ၁၃.၃၂ ဧကကို တစ်နှစ်လျှင် သိန်းရှစ်ဆယ်နှုန်းဖြင့် ငှားရမ်းထားသည့်အတွက် တစ်ဧကကို တစ်လလျှင် ၅၀၀၀၀ ကျပ်နှုန်းသာ ရရှိခဲ့ပါတယ်။ ပဲခူးမြို့ကြားစခန်းရှိ ဘိုကုန်းသိုလှောင်ရုံသုံးလုံး၏ ငှားရမ်းခအား စစ်ဆေးကြည့်ရှုသည့်အခါ အလျားပေ ၁၂၀၊ အနံပေ ၅၀၊ အမြင့် ၁၂ ပေရှိ သိုလှောင်ရုံတစ်လုံး၊ အလျားပေ ၁၀၀၊ အနံပေ ၃၀၊ အမြင့် ၁၄ ပေရှိ သိုလှောင်ရုံတစ်လုံး၊ အလျားပေ ၆၀၊ အနံပေ ၃၀၊ အမြင့် ၁၄ ပေရှိ သိုလှောင်ရုံတစ်လုံးစသည့် သိုလှောင်ရုံသုံးခုတည်ရှိသည့် မြေ ၂.၄၉၈ ဧကအား တစ်နှစ်လျှင် ၁၄.၄ သိန်းမျှဖြင့် နှစ် ၂၀ စာချုပ်ချုပ်ဆိုငှားရမ်းထားသည်ကို တွေ့ရှိရသဖြင့် သိုလှောင်ရုံတစ်လုံး တစ်လ ငှားရမ်းခမှာ ၂၀၀၀၀ ကျပ်မျှသာကျသင့်သည်ကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ယခုကာလဒေသ ငှားရမ်းခဈေးနှုန်းဖြင့် နှိုင်းယှဉ်ကြည့်ပါက ထိုသိုလှောင်ရုံအနီးရှိ ပေ ၂၀ x ပေ ၆၀ အိမ်တစ်လုံးအား သိုလှောင်ရုံအဖြစ် ငှားရမ်းမည်ဆိုပါက တစ်လလျှင် ပျမ်းမျှငွေ ၁၀ သိန်းကျပ်ခန့်ရှိနေပါတယ်။ အထက်ပါနည်းတူစွာပင် ပဲခူးမြို့ပေါ်ရှိ နိုင်ငံပိုင်အဆောက်အဦနှင့်မြေနေရာငါးနေရာကိုလည်း ငှားရမ်းကာလ နှစ် ၂၀၊ ၃၀၊ ၄၀ စာချုပ်များဖြင့် ကာလပေါက်ဈေးထက်

လွန်စွာလျှော့နည်းသောဈေးနှုန်းဖြင့် ငှားရမ်းထားသည်ကို တွေ့ရှိရသည့်အတွက် အဆိုပါငှားရမ်းဖြစ်စဉ်များကြောင့် နိုင်ငံ့အတွက် ဘဏ္ဍာငွေများများစွာနစ်စဉ်ဆုံးရှုံးနေရပါတယ်။ ထို့အပြင် စာချုပ်ချုပ်ဆိုငှားရမ်းစဉ်က သဘောတူထည့်သွင်းချုပ်ဆိုခဲ့သည့် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်လုံးဝမပတ်သက်သည့်လုပ်ငန်းများ လုပ်ကိုင်နေခြင်းသည် စာချုပ်ပါစည်းမျဉ်း၊ စည်းကမ်းများအားချိုးဖောက်နေခြင်းပင်ဖြစ်ပါတယ်။ တည်ဆဲဥပဒေများနှင့်အညီ ချုပ်ဆိုထားသည့် ငှားရမ်းစာချုပ်ပါစည်းကမ်းများအားဖောက်ဖျက်ခြင်း၊ ပဋိညာဉ်ဖောက်ဖျက်ခြင်းသည် ရာဇသတ်ကြီးအရလည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း ပြစ်မှုကြောင်းအရ တရားစွဲဆိုနိုင်သည့်အတွက် အလိုအလျောက် စာချုပ်ပျက်ပြယ်စေပါတယ်။

သို့ဖြစ်ပါ၍ ကာလပေါက်ဈေးနှင့်မကိုက်ညီဘဲ ပုဂ္ဂလိကသို့ BOT စနစ်ဖြင့် ငှားရမ်းထားတဲ့ နိုင်ငံတော်ပိုင်အဆောက်အဦနှင့် မြေနေရာများကြောင့် ပြည်သူ့ဘဏ္ဍာ ထိခိုက်နစ်နာနေရခြင်းအား မည်ကဲ့သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ရွှေပုံရဲ့မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားပါ့မယ်။ နိုင်ငံတော်အနေနဲ့ ပြောင်းလဲကျင့်သုံးလာတဲ့ ဈေးကွက်စီးပွားရေးစနစ်အရ အစိုးရဌာနပိုင်လုပ်ငန်းတွေအနက် နိုင်ငံတော်အပေါ်မှာ ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ လုပ်ငန်းတွေရဲ့အသုံးစရိတ်ကိုလျှော့ချနိုင်ဖို့၊ ယင်းလုပ်ငန်းတွေကနေ နိုင်ငံတော်ကို ဝင်ငွေရရှိဖြည့်ဆည်းပေးနိုင်ဖို့နဲ့ ပုဂ္ဂလိကအခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ရေးအတွက် ဌာနပိုင်လုပ်ငန်းတွေကိုပြန်လည်စိစစ်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ယခင်အစိုးရလက်ထက်က ပုဂ္ဂလိကကို ငှားရမ်းရေးဆောင်ရွက်ခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးမြန်းချက်မှာပါတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနပိုင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်မှာရှိတဲ့ (၁၀)မိုင်ကုန်းပျိုးဥယျာဉ်အရောင်းဆိုင်၊ (၁၀)မိုင်ကုန်းဘက်စုံခြံနဲ့ သိုလှောင်ရုံများငှားရမ်းခြင်းနှင့်စပ်လျဉ်းပြီး ဆောင်ရွက်ခဲ့ရတဲ့အခြေခံအကြောင်းအရင်းများကို ဦးစွာတင်ပြပါ့မယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ယခင်က ဓာတ်မြေဩဇာအပါအဝင် လယ်ယာကဏ္ဍသွင်းအားစုတွေ တောင်သူလယ်သမားများသို့ ဖြန့်ဖြူးတဲ့လုပ်ငန်းကို တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ ယင်းနောက်ပိုင်းမှာ ရောင်းဝယ်ရေးလုပ်ငန်းတွေရပ်ဆိုင်းခဲ့ပြီးတော့ ပင်မတာဝန်စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းတွေကို အဓိကထားဦးတည်ဆောင်ရွက်ခဲ့တဲ့အလျောက် ဓာတ်မြေဩဇာအပါအဝင် သွင်းအားစုဖြန့်ဖြူးရေးလုပ်ငန်းတွေ ဆောင်ရွက်

ခြင်းမရှိတော့ဘဲ ဌာနရဲ့ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်ကို ခေတ်၊ စနစ်နှင့်အညီ ပြင်ဆင်ခဲ့ပါတယ်။ သို့ဖြစ်တဲ့အတွက် ဖြည့်တင်းဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်စဉ်ကရှိခဲ့တဲ့ သိုလှောင်ရုံတွေဟာ အသုံးမပြုဘဲ ရှိနေခဲ့ပါတယ်။ တစ်ဖက်ကလည်း အဆိုပါ သိုလှောင်ရုံ၊ ဂိုဒေါင်တွေဟာ ကာလကြာမြင့်လာမှုနဲ့အတူ ယိုယွင်းမှုအခြေအနေများ ဖြစ်ပေါ်လာခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုအခြေအနေမှာ ဌာနပိုင်လုပ်ငန်းတွေကို ငှားရမ်းခွင့်ရရှိသူများအနေနဲ့ ဌာနမှာရှိစဉ်အခြေအနေထက် ပိုမိုကောင်းမွန်လာစေဖို့အတွက် ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းတွေကို ရင်းနှီးမြှုပ်နှံဆောင်ရွက်စေဖို့ တွန်းအားပေးဆောင်ရွက်ခဲ့ပါတယ်။ စတင်လွှဲပြောင်းပေးစဉ်ကတည်ရှိခဲ့တဲ့လုပ်ငန်းတွေ၊ အဆောက်အဦတွေရဲ့အခြေအနေ၊ ငှားရမ်းလုပ်ကိုင်ခွင့်ရှိသူများရဲ့ ရင်းနှီးမြှုပ်နှံရမှုနှင့် ထိုစဉ်ကရှိခဲ့တဲ့ ဒေသပေါက်ဈေးအခြေအနေကိုချိန်ဆပြီး ငှားရမ်းခနှုန်းထားတွေကို သတ်မှတ်ခဲ့ခြင်းဖြစ်ပါတယ်။

ပဲခူးမြို့၊ (၁၀)မိုင်ကုန်းအရောင်းဆိုင်ကို ငှားရမ်းခဲ့ရာမှာ နိုင်ငံတော်သမ္မတရုံးကို တင်ပြခွင့်ပြုချက်ရယူပြီး ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးမှ သဘောတူအတည်ပြုချက်အရ နှစ်ရှည်နှစ် ၃၀ စာချုပ်ချုပ်ဆိုငှားရမ်းထားခြင်းဖြစ်ပါတယ်။ သို့သော်လည်း စာချုပ်ပါ မူလရည်ရွယ်ချက်အတိုင်း အပြည့်အဝအကောင်အထည်ဖော်နိုင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရခြင်းအပေါ် နှစ်ဘက်နစ်နာမှုမရှိစေဖို့အတွက် သက်ဆိုင်ရာကုမ္ပဏီကို ဦးစွာသတိပေးခေါ်ယူဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးချက်နှင့်အညီ ရှေ့ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်များအနေနဲ့ ဒေသတွင်းစိုက်ပျိုးရေးဝါသနာရှင်များ လွယ်ကူစွာဝယ်ယူရနိုင်တဲ့ သွင်းအားစုတွေ၊ စိုက်ပျိုးရေးသုံးကိရိယာတွေနဲ့ စားသုံးသူများ သန့်ရှင်းလတ်ဆတ်တဲ့ ခြံထွက်သစ်သီးဝလံများ လွယ်ကူစွာဝယ်ယူစားသုံးနိုင်ဖို့အတွက် ခြံဝင်းအတွင်းမှာရှိတဲ့ နှစ်ရှည်ပင်များပြုစုထိန်းသိမ်းပြီး ထွက်လာတဲ့သီးနှံတွေကို အရောင်းဆိုင်ဖွင့်လှစ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြလာမှုရှိပါတယ်။ ဌာနအနေနဲ့ လုပ်ငန်းအကောင်အထည်ဖော်နိုင်မှု အခြေအနေပေါ်မူတည်ပြီး စစ်ဆေးတွေ့ရှိချက်အရ စာချုပ်ပါစည်းကမ်းအတိုင်းအရေးယူဆောင်ရွက်ခြင်းကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပဲခူးမြို့နယ်ရှိ သိုလှောင်ရုံတွေ ငှားရမ်းခြင်းကိစ္စမှာ အဆိုပါသိုလှောင်ရုံတွေကို ကောင်းမွန်စွာပြုပြင်ပေးဖို့နဲ့ ငှားရမ်းကာလကုန်ဆုံးပြီး ဌာနကိုပြန်လည်အပ်နှံချိန်မှာ ကောင်းမွန်တဲ့အခြေအနေအတိုင်း အဖိုးစားနားမဲ့ ဌာနကိုပြန်လည်အပ်နှံနိုင်ဖို့အတွက်ညှိနှိုင်းပြီး စာချုပ်ချုပ်ဆိုငှားရမ်းခဲ့ခြင်းဖြစ်ပါတယ်။ စာချုပ်မှာလည်း အဆိုပါအချက်တွေကို ထည့်သွင်းချုပ်ဆိုတဲ့အပြင် ပြုပြင်ရန်အတွက် အနည်းဆုံးရင်းနှီးမြှုပ်နှံရမည့် ကုန်ကျစရိတ်ပမာဏကိုပါသတ်မှတ် ထည့်သွင်းချုပ်ဆိုခဲ့ခြင်း ဖြစ်ပါတယ်။ ပဲခူးမြို့နယ်၊ ဘိုကုန်းမှာရှိ ငှားရမ်းထားတဲ့သိုလှောင်ရုံသုံးလုံးကို ၁၂-၆-၂၀၁၄ ရက်စွဲပါစာချုပ်နဲ့ ငှားရမ်းထားခြင်းဖြစ်ပါတယ်။ ယင်းသိုလှောင်ရုံတွေကို ကျပ်သိန်း ၄၀၀ ရင်းနှီးမြှုပ်နှံပြီး သတ်မှတ်စံချိန်စံညွှန်းအမီပြုပြင်ပေးဖို့ စာချုပ်မှာထည့်သွင်းချုပ်ဆိုထားခဲ့ပါတယ်။ လက်ရှိငှားရမ်းခနှုန်းထားအနေနဲ့ တစ်နှစ် ၁၄.၄ သိန်းဖြစ်ပြီး ငှားရမ်းကာလဟာ ကနဦး ၁၀ နှစ်၊ သက်တမ်းငါးနှစ်စီဖြင့် (၂)ကြိမ်သက်တမ်းတိုးခွင့်သတ်မှတ်ချက်ဖြင့် ငှားရမ်းထားခြင်းဖြစ်ပြီး ငှားရမ်းခနှုန်းထားကို သက်တမ်းအလိုက် ပြန်လည်စိစစ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ထို့အတူ ပဲခူးမြို့ ဟသ်ာကုန်းကြားစခန်းမှာရှိတဲ့ ငှားရမ်းထားတဲ့ သိုလှောင်ရုံနှစ်လုံးကို ၁၀-၇-၂၀၁၄ ရက်စွဲပါစာချုပ်နဲ့ ငှားရမ်းထားပြီးတော့ ဒီသိုလှောင်ရုံတွေကို ကျပ်သိန်း ၅၀၀ ရင်းနှီးမြှုပ်နှံပြီး သတ်မှတ်စံချိန်စံညွှန်းအမီပြုပြင်ပေးရန် စာချုပ်မှာထည့်သွင်းချုပ်ဆိုဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိ ငှားရမ်းခနှုန်းထားအနေနဲ့ တစ်နှစ် ကျပ် ၁၀.၈ သိန်းဖြစ်ပြီး ငှားရမ်းကာလမှာ ကနဦး ၁၀ နှစ်၊ သက်တမ်းတိုးငါးနှစ်စီဖြင့်(၂)ကြိမ်သက်တမ်းတိုးခွင့်သတ်မှတ်ချက်ဖြင့် ငှားရမ်းထားခဲ့ခြင်းဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ ပဲခူးမြို့နယ်၊ ဘိုကုန်းမှာငှားရမ်းထားတဲ့ အဆောက်အဦတစ်လုံးကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်ပါစာချုပ်ဖြင့် ငှားရမ်းထားပြီး ယင်းအဆောက်အအုံကို ကျပ်သိန်း ၃၀ ရင်းနှီးမြှုပ်နှံပြီး သတ်မှတ်စံချိန်စံညွှန်းအမီပြုပြင်ပေးဖို့ စာချုပ်မှာထည့်သွင်းချုပ်ဆိုခဲ့ပါတယ်။ လက်ရှိ ငှားရမ်းခနှုန်းထားတွေဟာ တစ်နှစ် ကျပ်ခြောက်သိန်းဖြစ်ပြီး ကနဦး ငါးနှစ်၊ သက်တမ်းတိုးငါးနှစ်စီဖြင့် သုံးကြိမ် သက်တမ်းတိုးခွင့် သတ်မှတ်ငှားရမ်းထားခြင်းဖြစ်ပြီး ကာလပေါက်ဈေးနှင့်အညီ ငှားရမ်းခကို ပြန်လည်စီမံဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာနရဲ့ သိုလှောင်ရုံငှားရမ်းမှုနဲ့ ပတ်သက်ပြီး ဌာနကစာချုပ်ပါ စည်းကမ်းသတ်မှတ်ချက်အတိုင်း ပုံမှန်စစ်ဆေးမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ စာချုပ်ပါ စည်းကမ်းမကိုက်ညီပါလျှင်တော့ စာချုပ်စည်းကမ်းများအရ လိုအပ်တဲ့အရေးယူဆောင်ရွက်မှုများကို စီမံဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ငှားရမ်းခနှုန်းထားနဲ့ ပတ်သက်ပြီး စတင်စာချုပ်ချုပ်ဆိုစဉ်ကတည်းက ငှားရမ်းခွင့်ရှိသူတွေရဲ့ ရင်းနှီးမြှုပ်နှံမှု၊ ထိုစဉ် ကာလကရှိခဲ့တဲ့ ဒေသပေါက်ဈေး၊ အဆောက်အအုံရဲ့ မူလအခြေအနေများအပေါ် ချင့်ချိန်တွက်သတ်မှတ် ပြီးချုပ်ဆိုခဲ့တဲ့ စာချုပ်ပါစည်းကမ်းများအရပင် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သို့သော်လည်းပဲ နှစ်ဘက်နစ်နာမှုမရှိစေရေးအတွက် ငှားရမ်းခနဲ့ပတ်သက်၍ ပြောင်းလဲလာတဲ့ အခြေအနေအရပ်ရပ်ပေါ်မှာမူတည်ပြီး ဌာနမှလည်းနစ်နာမှုမရရှိစေရန် သက်ဆိုင်ရာကုမ္ပဏီများနှင့် ထိတွေ့ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ပဲခူးမြို့ (၁၀)မိုင်ကုန်းဘက်စုံခြံဧက ၁၀၀ ကို အရှေ့တိုင်းသတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်ကို ကနဦး ၁၀ နှစ်၊ သက်တမ်းတိုး ငါးနှစ် နှစ်ကြိမ် သတ်မှတ်ချက်နဲ့ ၂၀၁၄ ခုနှစ်၊ ဇူလိုင်က ၁ ရက်နေ့က စာချုပ်ချုပ်ဆိုငှားရမ်းခဲ့ပါတယ်။ စတင်ငှားရမ်းစဉ်က ငှားရမ်းခနှုန်းထားဟာ ကျပ် ၁၀ သိန်းဖြစ်သော်လည်း စာချုပ်မှာ နှစ်နှစ် တစ်ကြိမ် ပြန်လည်သုံးသပ်ပြီး ငှားရမ်းခနှုန်းထားကိုပြင်ဆင်သတ်မှတ်ဆောင်ရွက်ခဲ့ပြီးဖြစ်တဲ့အတွက် ၁-၇-၂၀၁၆ ရက်နေ့ကစပြီး ကျပ်သိန်း ၅၀ သို့ တိုးမြှင့်သတ်မှတ်ထားပါတယ်။

ဌာနကစစ်ဆေးတွေ့ရှိချက်အရ ကြက်ကောင်ရေ ၁၀၀၀၀ ဆံ့ Steel Structure ကြက်မွေးမြူရေးလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၁၀ ဧက ကန်အတွင်း ငါးမွေးမြူခြင်းကို ကြက်ခြံနှင့်တွဲဖက်ဆောင်ရွက်လျက်ပြီး ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်အဖြစ် ကြက်သားပေါက်ထုတ်လုပ်ဖို့ ဖောက်စက်စက်ရုံတည်ထောင်မှု တစ်လလျှင် ကြက်ပေါက်ကောင်ရေ သုံးသိန်းကျော်ဖြန့်ဖြူးနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ လုပ်ငန်းတိုးချဲ့မှု အပိုင်းအနေနဲ့ ကြက်ကောင်ရေ ၈၀၀၀ ခန့်ဆံ့တဲ့ Breeder Farm Hen House နှစ်ရုံ တည်ဆောက်သွားဖို့ ရှိပါတယ်။ အထက်ဖော်ပြပါ (၁၀)မိုင်ကုန်းဘက်စုံခြံရဲ့ လုပ်ငန်းတိုးတက်

ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်တာတွေကို ဌာနကအားပေးဆောင်ရွက်ပြီး တိုးတက်လာတဲ့ အခြေအနေအရ နှစ်နှစ်တစ်ကြိမ်သုံးသပ်ချက်နဲ့ ငှားရမ်းခနှုန်းထားကို တိုးမြှင့်သတ်မှတ်နိုင်ရေး စာချုပ်နဲ့အညီ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ယခုအချိန်အခါမှာ ဝန်ကြီးဌာနအောက်မှာရှိတဲ့ ခြံ၊ စိုက်ကွင်း၊ စက်ရုံ၊ အလုပ်ရုံတွေရဲ့ငှားရမ်းမှု နှုန်းထားကို ပြန်လည်သုံးသပ်ပြီး စာချုပ်စည်းကမ်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက် သွားနိုင်ရေးအတွက် လိုအပ်တာများကို စီမံဆောင်ရွက်သွားဖို့လည်း ရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ အငှားချထားခံရသူက မူလအငှားစာချုပ် မှာမပါဝင်တဲ့ အခြားလုပ်ငန်းပြောင်းလဲလုပ်ဆောင်ရန် တင်ပြလာမှုများအပေါ်မှာ မိမိတို့ဝန်ကြီးဌာန အနေနဲ့စိစစ်သုံးသပ်ခြင်းနှင့် ဆက်စပ်ဌာနတွေကအကြံပြုချက်များ ရယူခြင်းများဆောင်ရွက် ပြီးတော့ ပြောင်းလဲလုပ်ဆောင်ရန် တင်ပြလာတဲ့လုပ်ငန်းအပေါ်မှာမူတည်ပြီး အဖွဲ့စနစ်နဲ့ စိစစ် သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ငှားရမ်းခအခကြေးငွေကို ကာလပေါက်ဈေးနှုန်း များနှင့်နှိုင်းယှဉ်ပြီး နှုန်းထားပြောင်းလဲခြင်းကို လိုအပ်ပါက တည်ဆဲလုပ်ထုံး၊ လုပ်နည်းများနှင့်အညီ အထက်အဖွဲ့အစည်းအဆင့်ဆင့်ကိုတင်ပြပြီး စာချုပ်ပြင်ဆင်ချုပ်ဆိုခြင်းလုပ်ငန်းများအား ဆောင်ရွက် လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လယ်ယာမြေ၊ မိမိလက်ရှိပိုင်ဆိုင်မြေတွင် မွေးမြူရေးလုပ်ငန်း၊ အုတ်လုပ်ငန်းများကို တရားမဝင် လုပ်ကိုင်နေရမှုများအား တရားဝင်လုပ်ကိုင်နိုင်ရန်အတွက် လယ်ယာမြေအခြားနည်းသုံးစွဲခွင့်များကို သတ်မှတ်ကာလအတွင်းထုတ်ပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင် ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ လယ်ယာမြေ၊ မိမိလက်ရှိပိုင်ဆိုင်မြေတွင် မွေးမြူရေး လုပ်ငန်း၊ အုတ်လုပ်ငန်းများကို တရားမဝင်လုပ်ကိုင်နေရမှုများအား တရားဝင်လုပ်ကိုင်နိုင်ရန်အတွက် လယ်ယာမြေအခြားနည်းသုံးစွဲခွင့်များကို သတ်မှတ်ကာလအတွင်းထုတ်ပေးနိုင်ရန် ဆောင်ရွက်ပေး နိုင်ခြင်းရှိ/မရှိတို့ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေ သို့မဟုတ် မိမိလက်ရှိပိုင်ဆိုင်မြေတွေမှာ လုပ်ကိုင်လျက်ရှိကြတဲ့ မွေးမြူရေးလုပ်ငန်းများနှင့် အုတ်ဖုတ်လုပ်ငန်းများမှာ တရားဝင်အခွန်ဆောင်၍ လုပ်ကိုင်နိုင်ခြင်းမရှိတဲ့ လုပ်ငန်းတွေများစွာရှိပါတယ်။ တရားဝင်အခွန်မဆောင်ကြရပေမယ့်လည်း တရားမဝင်လိုင်းကြေး၊ ဆပ်ကြေးများပေးပြီးတော့ လုပ်ကိုင်နေကြရတာဟာ တရားဝင်ပေးဆောင်ရတဲ့ အခွန်၊ အခထက်များပြီး ပေးဆောင်နေကြရတဲ့အတွက် ပေးဆောင်ရတဲ့လုပ်ငန်းများရှိနေတဲ့အတွက် ၎င်းမွေးမြူရေးနှင့် အုတ်လုပ်ငန်းများ လုပ်ကိုင်သူများရော၊ နိုင်ငံတော်မှာပါ များစွာနစ်နာလျက်ရှိပါ တယ်။ တကယ်တော့ ဒီလုပ်ငန်းများဟာ စီးပွားရေးတွက်ချေကိုက်မှုအရရော၊ အလုပ်အကိုင်

အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုအရပါ တရားဝင်အားပေးအားမြှောက်ပြုသင့်တဲ့ လုပ်ငန်းများ ဖြစ်ပါတယ်။ တရားဝင်အားပေးအားမြှောက်ပေးပြုဖို့ဆိုရာမှာ အခြားနည်းသုံးစွဲခွင့်နှင့်ပတ်သက်ပြီး တာဝန်ရှိသူတော်တော်များများဟာ ရှေးယခင်က အတွေးအမြင်မျိုးတွေနဲ့ ကိုင်စွဲထားကြဆဲပါ။ လယ်ယာမြေမှာဆိုလျှင် စိုက်ပျိုးရေးပဲလုပ်ကိုင်ရမယ်။ ဒါမှ ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပကိုလည်း တင်ပို့နိုင်မယ် စသဖြင့် လေ့နံ့ခါးထစ် အယူအစွဲမျိုးတွေရှိပါတယ်။ တကယ်တမ်း အချို့နေရာတွေမှာ ရာသီဥတု၊ ရေခံမြေခံ၊ သဘာဝအရ လယ်ယာမြေစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရတာဟာ တွက်ခြေမကိုက်ဘဲ အရှုံးပေါ်နေတဲ့အတွက် အခြားစီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်နေကြတာတွေ လည်းရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ လယ်ယာမြေပေါ်မှာ စိုက်ပျိုးရေးတစ်ခုတည်းကို အာရုံထားနေတာမျိုးမဟုတ်ဘဲ အခြားတွက်ခြေကိုက်တဲ့လုပ်ငန်းများကို တရားဝင်လုပ်ကိုင်နိုင်ရန် အတွက် လယ်ယာမြေအခြားနည်း သုံးစွဲခွင့်တွေကိုလည်း တိတိကျကျဆောင်ရွက်ပေးသင့်ပါတယ်။ တင်ပြပါလုပ်ငန်းများနှင့်စပ်လျဉ်းပြီးတော့ တရားဝင်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လယ်ယာမြေအခြားနည်း သုံးစွဲခွင့်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိတိကျကျစိစစ်ခွင့်ပြုခြင်းလုပ်ငန်းစဉ်များကို သက်ဆိုင်ရာတာဝန်ရှိသူများမှ ဆောင်ရွက်ပေးရန် ပျက်ကွက်နေဆဲဖြစ်ပါတယ်။ ယခုလို ပျက်ကွက် နေခြင်းဟာ တင်ပြပါလုပ်ငန်းများအပေါ် မတရားလိုင်းကြေး၊ ဆပ်ကြေးကောက်ခံခွင့်ပြုထားသလို ဖြစ်နေပါတယ်။ အခြားနည်းသုံးစွဲခွင့် လျှောက်ထားရာမှာ သက်ဆိုင်ရာဌာနက ဘောလီဘောပုတ်တဲ့ ကိစ္စတွေ၊ အခြားနည်းသုံးစွဲခွင့် လျှောက်ထားမှုများဟာ နှစ်နှစ်၊ သုံးနှစ်ကြာသည့်တိုင် ခွင့်ပြုမှာလား၊ ခွင့်မပြုဘူးလား အဖြေမရတဲ့ကိစ္စတွေဟာ အခြားနည်းကိစ္စအတွက် အခြားဌာနတွေရဲ့ထောက်ခံချက် တွေကအစ လာဘ်မပေးဘဲမရကြတဲ့ကိစ္စတွေ။ ဒါတွေဟာ လက်တွေ့ပကတိအခက်အခဲတွေဖြစ်ပါ တယ်။ ဒီလောက်ခဲရာခဲဆစ်ဖြစ်နေတဲ့ အခြားနည်းကိစ္စအတွက် မွေးမြူရေးသမားတွေ၊ အုတ်လုပ်ငန်း ရှင်တွေဟာ စိတ်ဝင်စားမှုမရှိကြတော့ဘဲနဲ့ ငွေကြေးတံစိုးလက်ဆောင်ပေးပြီးတော့ လုပ်ကိုင်နေကြ တာဟာ အစဉ်အလာတစ်ခုလိုဖြစ်နေပါတယ်။

လယ်ယာမြေအခြားနည်းသုံးစွဲခွင့်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ပါက အလဟဿ လယ်ယာမြေဆုံးရှုံးမှုများကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။ ဥပမာ လယ်ယာမြေဥပဒေပုဒ်မ ၃၁ အရဆိုလျှင် အခြားနည်းအသုံးပြုခွင့်ရတဲ့နေ့မှ ခြောက်လအတွင်း သတ်မှတ်တဲ့နည်းလမ်းများအတိုင်း စတင်အသုံးမပြုလျှင် သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်း မရှိလျှင် ဗဟိုလယ်/စီအဖွဲ့မှ ယင်းလယ်ယာမြေကို ပြန်လည်သိမ်းယူနိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ ၎င်းကိစ္စများကို တိတိကျကျဆောင်ရွက်နိုင်ရန် နည်းဥပဒေ ၉၀ မှာလည်း တိုင်းဒေသကြီး/ ပြည်နယ်/ လယ်/စီအဖွဲ့များဟာ လယ်ယာမြေအခြားနည်းဖြင့် အသုံးပြုခွင့်ပြုထားတဲ့ လုပ်ငန်းများ၏လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ခရိုင်/မြို့နယ်/လယ်/စီအဖွဲ့များကို ကွင်းဆင်းစစ်ဆေးတင်ပြစေပြီး ယင်းတွေ့ရှိချက်ကို ဓာတ်ပုံမှတ်တမ်းများနှင့်အတူ စိစစ်တွေ့ရှိချက်ပုံစံ(၁၆)ချက်ဖြင့် ဗဟိုလယ်/စီ အဖွဲ့ကို ခြောက်လတစ်ကြိမ်တင်ပြရမယ်လို့ ပြဋ္ဌာန်းထားသည့်အပြင် နည်းဥပဒေ ၉၁ မှာလည်း ခရိုင်/မြို့နယ်/လယ်/စီအဖွဲ့များက ကွင်းဆင်းစစ်ဆေးရာတွင် အခြားနည်းအသုံးပြုခွင့်ရယူထားသူ ဟာ ခွင့်ပြုသည့်နေ့/ရက်မှ ခြောက်လအတွင်း သတ်မှတ်နည်းလမ်းများအတိုင်း အသုံးမပြုလျှင်သော်

လည်းကောင်း၊ သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးခြင်းမရှိလျှင်သော်လည်းကောင်း တွေ့ရှိပါက သီးခြားကိစ္စတစ်ရပ်အဖြစ် အမှုတွဲဖွင့်လှစ်၍ နေပြည်တော်ကောင်စီတိုင်းဒေသကြီးနှင့် ပြည်နယ်/လယ်/စီအဖွဲ့များကို ဓာတ်ပုံမှတ်တမ်းများနဲ့အတူ တင်ပြရမည်ဟုပြဋ္ဌာန်းထားရာ တည်ဆဲဥပဒေ၊ ပြဋ္ဌာန်းချက်များအတိုင်း တိတိကျကျ၊ မှန်မှန်ကန်ကန် စိစစ်ဆောင်ရွက်ပါက အလဟဿအကျိုးမဲ့ လယ်ယာမြေဆုံးရှုံးမှုများကိုလည်း ကာကွယ်တားဆီးနိုင်မှာဖြစ်သည့်အတွက် နိုင်ငံတော်နှင့်ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိလျက်ရှိတဲ့ မွေးမြူရေးလုပ်ငန်းနဲ့ အုတ်လုပ်ငန်းများ တရားဝင်လုပ်ကိုင်နိုင်ရန်အတွက် အခြားနည်းအသုံးပြုခွင့်များ ခဲရာခဲဆစ်ဖြစ်နေမှုများကို လွယ်ကူချောမွေ့စွာ လျှောက်ထားရယူမှုများပြုလုပ်နိုင်ရန် ယခုကဲ့သို့ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်ရဲ့ လယ်ယာမြေ၊ မိမိလက်ရှိပိုင်ဆိုင်မြေမှာ မွေးမြူရေးလုပ်ငန်း၊ အုတ်လုပ်ငန်းတွေကို တရားမဝင်လုပ်ကိုင်နေရမှုများကို တရားဝင်လုပ်ကိုင်နိုင်ရန်အတွက် လယ်ယာမြေအခြားနည်းသုံးစွဲခွင့်များကို သတ်မှတ်ကာလအတွင်း ထုတ်ပေးနိုင်ရန် ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားပါမယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ လယ်ယာမြေမှာ မွေးမြူရေးလုပ်ငန်း၊ အုတ်လုပ်ငန်းနှင့်အခြားလုပ်ငန်းတွေကို တရားဝင်လုပ်ကိုင်ခွင့်ရရှိဖို့အတွက် လယ်ယာမြေအခြားနည်းသုံးစွဲခွင့်ကို ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၃၀ အရ လျှောက်ထားဆောင်ရွက်လို့ရပါတယ်။ အဲဒီဥပဒေအရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဟာ လယ်မြေကိုအခြားနည်းအသုံးပြုနိုင်ဖို့အတွက် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ရဲ့ စိစစ်ထောက်ခံချက်နဲ့ ခွင့်ပြုပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဟာ လယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုနိုင်ရေးအတွက် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်တယ်ဆိုပြီး ဥပဒေမှာပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပြဋ္ဌာန်းပြီးချိန်မှစပြီး စိုက်ပျိုးမှုမှအပ အခြားနည်းအသုံးပြုခွင့်လျှောက်ထားတဲ့ အမှုတွဲတွေကို စိစစ်ဆောင်ရွက်ခဲ့တဲ့နေရာမှာ လယ်ယာမြေဥပဒေပုဒ်မ ၃၀(ခ)အရ လယ်မြေမှတစ်ပါး လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်လျှောက်ထားသူများအနက် ခွင့်ပြုထားသူဦးရေ ၄၇၃ ဦးရှိပြီးဖြစ်ပါတယ်။ ဧရိယာအားဖြင့် ၃၄၅၁ ဧကရှိပါတယ်။ လယ်ယာမြေဥပဒေပုဒ်မ ၃၀(က)အရ လယ်ယာမြေကိုအခြားနည်းဖြင့်အသုံးပြုရန် ခွင့်ပြုထားသူဦးရေ ၄၇ ဦး၊ ဧရိယာ ၃၆၀ ရှိပါတယ်။ အဲဒီလို ခွင့်ပြုထားသူအနက်ကနေ အုတ်ဖုတ်လုပ်ငန်း

အတွက် ခွင့်ပြုတဲ့လူက ရှစ်ဦး၊ ဧရိယာ ၁၀ ဧကခန့်ရှိပါတယ်။ မွေးမြူရေးလုပ်ငန်းအတွက် ခွင့်ပြုသူဦးရေ ၁၀ ဦး၊ ဧရိယာ ၈၀ ခန့်ခွင့်ပြုထားပြီးဖြစ်ပါတယ်။ လယ်ယာမြေဥပဒေပုဒ်မ ၃၀ အရ လယ်ယာမြေကိုအခြားနည်းဖြင့် အသုံးပြုခွင့်လျှောက်ထားတဲ့ လုပ်ငန်းနှင့်စပ်လျဉ်းပြီး အသုံးပြုခွင့် ရရှိလိုသူဟာ နည်းဥပဒေ ၈၂ အရ မြို့နယ်ဦးစီးဌာနရုံးဖြစ်တဲ့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးကို လျှောက်လွှာပုံစံ(၁၄)နဲ့ လျှောက်ထားရမှာဖြစ်ပါတယ်။ နည်းဥပဒေ ၈၃ အရ မြို့နယ်ဦးစီးရုံးဟာ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် လုပ်ငန်းစာတွဲဖွင့်ပြီး၊ နည်းဥပဒေ ၈၄ အရ ရက်ပေါင်း ၃၀ အတွင်း လုပ်ငန်းစာတွဲကို စိစစ်ဆောင်ရွက်ရပါတယ်။

မြို့နယ်ဦးစီးရုံးအနေနဲ့ နည်းဥပဒေ ၈၅ အရ သဘောထားမှတ်ချက်နဲ့ လုပ်ငန်းစာတွဲကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို တင်ပြရတာဖြစ်ပါတယ်။ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အနေနဲ့ နည်းဥပဒေ ၈၆ အရ ၁၅ ရက်အတွင်း လုပ်ငန်းစာတွဲကိုစိစစ်ပြီးတော့ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် နေပြည်တော်ကောင်စီသို့မဟုတ် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို ဆက်လက်တင်ပြရပါတယ်။ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေနဲ့ နည်းဥပဒေ ၈၇ နည်းဥပဒေခွဲ(က)အရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့များမှ သဘောထားမှတ်ချက်နဲ့ တင်ပြလာတဲ့လယ်မြေပေါ်မှာ အခြားနည်းသုံးစွဲခွင့်နှင့် စပ်လျဉ်းပြီး ခွင့်ပြုမယ်ဆိုရင် အသုံးပြုဖို့ခွင့်ပြုမိန့်ပုံစံ(၁၅)ထုတ်ပေးပါတယ်။ လယ်ယာမြေမှတစ်ပါး အခြားလယ်ယာမြေများပေါ်မှာ အခြားနည်းသုံးစွဲခွင့်နှင့်စပ်လျဉ်းပြီး အသုံးပြုရန်ခွင့်ပြုမိန့်ပုံစံ ၁၅(က)ထုတ်ပေးရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ လယ်ယာမြေအခြားနည်းသုံးစွဲခွင့်တွေကို သတ်မှတ် ကာလအတွင်း ထုတ်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းပြီး လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ကို တစ်ဦးချင်း၊ တစ်ယောက်ချင်းကသော်လည်းကောင်း၊ အစုအဖွဲ့အားဖြင့်သော်လည်းကောင်း လျှောက်ထားနိုင်ပါတယ်။ အဲဒီလိုလျှောက်ထားတဲ့နေရာမှာ လျှောက်ထားလိုသူတွေဟာ အမှန်တကယ် အသုံးပြုမည်ဖြစ်တဲ့အကြောင်း ကတိခံဝန်ချက်၊ လုပ်ငန်းအကောင်အထည်ဖော်မယ့်စီမံချက်၊ အသုံးပြုမယ့်အဆောက်အဦပြမြေပုံ(Site Plan)၊ လုပ်ငန်းအမျိုးအစားပေါ်တည်ပြီးတော့ သက်ဆိုင်ရာ ဦးစီးဌာနများရဲ့ ထောက်ခံချက်၊ ရပ်ကွက်/ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကစပြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့ရဲ့ သဘောထားမှတ်ချက်အပါအဝင် သက်ဆိုင်ရာဝန်ကြီး ဌာနများရဲ့ သဘောထားမှတ်ချက်တို့နဲ့ ပြည့်စုံစွာတင်ပြလာမယ်ဆိုရင် လယ်ယာမြေအခြားနည်း သုံးစွဲခွင့် ခွင့်ပြုမိန့်ထုတ်ပေးရာမှာ နိုင်ငံတော်ရဲ့စားနပ်ရိက္ခာဖူလုံစေရေးကို ထိခိုက်မှုရှိ/မရှိ၊ သဘာဝ ပတ်ဝန်းကျင်ကို ထိခိုက်နိုင်ခြင်းရှိ/မရှိနဲ့ ဒေသဖွံ့ဖြိုးရေးကိုအကျိုးပြုတဲ့ လုပ်ငန်းများဖြစ်/မဖြစ်တို့ အပေါ် မူတည်စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။

အကယ်၍ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် ခွင့်ပြုမိန့်မရရှိမီ ကြိုတင်ဆောင်ရွက်ခဲ့ မယ်ဆိုရင်တော့ လယ်ယာမြေဥပဒေပုဒ်မ ၁၂ မှာ ပြဋ္ဌာန်းထားတဲ့စည်းကမ်းချက်တွေကို ဖောက်ဖျက်ကျူးလွန်ရာရောက်တဲ့အတွက် လယ်ယာမြေဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်များအတိုင်း အရေးယူခြင်းကို ခံရမှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်မေးမြန်းတဲ့ လယ်ယာမြေ၊ မိမိလက်ရှိပိုင်ဆိုင်မြေတွင် မွေးမြူရေးလုပ်ငန်း၊ အုတ်ဖုတ်လုပ်ငန်းတွေကို တရားမဝင်လုပ်ကိုင်နေမှုများအား တရားဝင်လုပ်ကိုင်နိုင်ဖို့အတွက် လယ်ယာမြေအခြားနည်းသုံးစွဲခွင့်များကို သတ်မှတ်ကာလအတွင်းထုတ်ပေးနိုင်ဖို့ ဆောင်ရွက်နိုင်ခြင်းရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး လယ်ယာမြေပေါ်မှာ တရားမဝင်လုပ်ကိုင်လျက်ရှိတဲ့ လုပ်ငန်းများအနေနဲ့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေအခြားနည်းသုံးစွဲခွင့်ကို လျှောက်ထားသွားရန်လိုအပ်ပါကြောင်းတင်ပြအပ်ပါတယ်။ လယ်ယာမြေအခြားနည်းအသုံးပြုခွင့် လျှောက်ထားလာမှုကိုလည်း ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်တွေနဲ့အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဆင့်ဆင့်က စိစစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနဲ့ မိမိတို့ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေနဲ့လည်း လစဉ်အစည်းအဝေးများခေါ်ယူပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးထွန်းထွန်းနိုင်(ကနီမဲဆန္ဒနယ်)**။ ။ ဆက်စပ်ပြီးတော့ မေးခွန်းမေးခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယဝန်ကြီး ဖြေကြားချက်အရဆိုရင် ကျွန်တော်တို့ မကွေးတိုင်းဒေသကြီးမှာ အခြားနည်းသုံးစွဲခွင့်နဲ့ ပတ်သက်ပြီးတော့ ၁၀ ဧကခွင့်ပြုထားတယ်။ မွေးမြူရေးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ၈၀ ဧကလောက်ခွင့်ပြုထားတယ်လို့ ဖြေသွားတာသိရပါတယ်။ အဲဒီတော့ တကယ်တမ်း ကျွန်တော်တို့ လုပ်နေရတာတွေကတော့ ကျွန်တော်တို့မြို့နယ်ထဲမှာရှိတဲ့ အတိုင်းအတာလောက်ကိုမရှိပါဘူး။ ဒီကိန်းဂဏန်းတွေကတော့။ နောက်ပြီး တစ်ခုကတော့ ခွင့်ပြုချက်ပေးတယ်ဆိုတဲ့နေရာမှာ လေ့လာတွေ့ရှိရသလောက် ကျွန်တော်တို့နယ်မှာ အုတ်လုပ်ငန်းနဲ့ပဲဖြစ်ဖြစ်၊ ကျန်တဲ့ မွေးမြူရေးလုပ်ငန်းနဲ့ပဲဖြစ်ဖြစ် အခြားနည်းသုံးစွဲခွင့်တင်ထားတာတွေက နှစ်နှစ်၊ သုံးနှစ်ကြာသည့်တိုင်အောင် ခွင့်ပြုမှာလား၊ ခွင့်မပြုဘူးလားစသသည်ဖြင့် မသိကြတဲ့ကိစ္စတွေပါ။ အဲဒီတော့ အဲလိုဖြစ်နေတဲ့အတွက် တရားမဝင်လုပ်တဲ့လုပ်ငန်းတွေဆိုတာပေါ်လာခြင်း၊ ပိုပြီးတော့များလာခြင်းဖြစ်ပါတယ်။ အဲဒီတော့ အခြားနည်းသုံးစွဲခွင့် တင်ထားတဲ့ကိစ္စတွေနဲ့ပတ်သက်ပြီး ခွင့်ပြုခြင်းပဲဖြစ်ဖြစ်၊ ခွင့်မပြုခြင်းပဲဖြစ်ဖြစ် အဓိကအားဖြင့် ခွင့်မပြုဘူးဆိုရင်လည်း ခွင့်မပြုတဲ့အကြောင်းကို ပြန်ကြားပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါသဖြင့် ဆက်စပ်မေးခွန်းအဖြစ် မေးမြန်းခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားကြီးရဲ့ ဆက်စပ်မေးခွန်းကို ပြန်လည်ဖြေကြားပေးပါမယ်။ မိမိလျှောက်ထားတဲ့ သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာ မိမိလျှောက်ထားမှု ပြည့်စုံခြင်းရှိ/မရှိကြောင့် ခွင့်ပြုခြင်းရှိ/မရှိနဲ့ နိုင်ငံတော်ကနေပြီးတော့ သတ်မှတ်ထားတဲ့ပြဋ္ဌာန်းထားချက်များနဲ့အညီ ညီညွတ်မှုမရှိလို့ ခွင့်ပြုခြင်းရှိ/မရှိကို သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာ စုံစမ်းစိစစ်မေးမြန်းနိုင်ပါတယ်။ တချို့ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်မရမီ အုတ်ဖုတ်လုပ်ငန်းပဲဖြစ်စေ၊ အခြားသောလုပ်ငန်းကိုပဲဖြစ်စေ ဆောင်ရွက်နေတဲ့

လုပ်ငန်းရပ်တွေရှိနေတဲ့အပေါ်မှာ လက်ရှိ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေနဲ့ ပုဒ်မ ၁၉ ပါ ပြဌာန်းချက်နဲ့အညီ အရေးယူဆောင်ရွက်သွားနိုင်ဖို့ မိမိတို့သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တွေကို အသိပေးအကြောင်းကြားထားပြီးဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ကျိုင်းတုံမြို့ ရေပေးဝေရေးလုပ်ငန်းအသစ်တစ်ခု ထပ်မံဆောင်ရွက်နေမှုတွင် လိုအပ်လျက်ရှိသော ရန်ပုံငွေကို ပြည်ထောင်စုရန်ပုံငွေမှ ကူညီဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(ကျိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန် ဖြစ်ပါတယ်။ ကျွန်တော်မေးမှာကတော့ ကျိုင်းတုံမြို့ရေပေးဝေရေး လုပ်ငန်းအသစ်တစ်ခု ထပ်မံဆောင်ရွက်နေမှုတွင် လိုအပ်လျက်ရှိသော ရန်ပုံငွေကို ပြည်ထောင်စုရန်ပုံငွေမှ ကူညီဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိသိရှိလိုပါ၍ မေးမြန်းမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့်တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။ ကျိုင်းတုံမြို့ ရေပေးဝေရေးလုပ်ငန်းကို ၁၉၉၇ ခုနှစ်မှစတင်၍ ၂၀၁၀ ခုနှစ်အထိ လုပ်ငန်းလုပ်ခဲ့ပါတယ်။ ၎င်းလုပ်ငန်းကတော့ ဝေဖျန်းရေထွက်စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းနဲ့ နန့်ကင်ချောင်း ရေတင်ပန့်ဖြင့် ရေစုပ်တင်ခြင်းလုပ်ငန်းဖြင့် ရေပေးဝေခြင်းဖြစ်ပါတယ်။ ရေလုပ်ငန်းများအတွက် နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ် ၄၅ သိန်း၊ စည်ပင်မှငွေကျပ် ၂၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၉၇ သိန်း အပါအဝင် စုစုပေါင်း ငွေကျပ် ၁၀၇ သိန်းရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့ပါသည်။ ဝေဖျန်းရေထွက်စိမ့်စမ်းရေမှာ မိုးရာသီတွင် ရေထွက်နှုန်း ၄၂၉၂၀၀ ဂါလန်ရရှိသော်လည်း ဆောင်းရာသီနှင့် နွေရာသီတွင် ရေမရနိုင်ပါ။ အသုံးပြုသူပြည်သူ ၂၁၉၆၀ ဦးဖြစ်ပြီး ဆောင်းရာသီနှင့် နွေရာသီတွင် ရေလုံလောက်မှု မရှိတော့ပါ။ ဝေဖျန်းရေပေးဝေရေးဒေသတွင် တောင်ယာခုတ်ထွင်ရှင်းလင်းမှုများပြားလာခြင်းကြောင့် ရေနည်းပါးလာခြင်း ဖြစ်ပါတယ်။ နန့်ခင်ခွဲ့ရေစက်ရုံဟာဆိုရင်လည်း မိုးရာသီမှာ ရေဂါလန် ၄၀၀၀၀၀ ခန့်ရှိပြီး နွေရာသီမှာ ရေခမ်းခြောက်လာ၍ ရေဂါလန် ၅၀၀၀၀ ခန့်သာ ပေးဝေနိုင်သဖြင့် ယခုအခါ အဆိုပါရေပေးရေးလုပ်ငန်းမှာလည်း ဆောင်ရွက်နိုင်ခြင်းမရှိတော့ပါ။ ယခင်က အသုံးပြုသူ ပြည်သူ ၃၉၇၆ ဦးအတွက် ရေပေးဝေနိုင်ခြင်းမရှိတော့ပါ။ ထို့ကြောင့် ၂၀၁၁ ခုနှစ် ကျိုင်းတုံမှ (၈)မိုင် အကွာရှိ နန့်အောင်ချောင်းကို စတင်သွယ်ယူရေးအတွက် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှဦးစီး၍ နှစ်ဖက် ဌာနဆိုင်ရာများနှင့် မြို့နယ်ပြည်သူလူထုတို့မှ ပူးပေါင်းစီစဉ်ရာ (၈)မိုင်ရေပေးဝေရေးလုပ်ငန်းအား ၂၀-၉-၂၀၁၁ ခုနှစ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စည်ပင်သာယာရေးနှင့် ပြည်သူလူထုတို့ ပူးပေါင်း၍ ငွေကျပ် ၄၆၇၇ သိန်းဖြင့်စတင်ဆောင်ရွက်ခဲ့ပြီး ၂-၁၁-၂၀၁၁ ရက်နေ့တွင် လုပ်ငန်းပြီးစီးခဲ့ပါတယ်။ လက်ရှိရေပေးဝေလျက်ရှိတဲ့ ကျိုင်းတုံမြို့ (၈)မိုင်ခန့်ကွာဝေးတဲ့ နန့်အောင်ချောင်းဟာဆိုရင် မိုးရာသီ

အချိန်မှာ တောင်ကျရေများ စုပေါင်းစီးဝင်၍ ရေများနောက်ကျိလာသည့်အတွက် သုံးစွဲရန် မသင့်တော့ပါ။ ထို့ကြောင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဒေသအာဏာပိုင် အဖွဲ့အစည်းများ၏ လမ်းညွှန်ချက်အရ ကျိုင်းတုံ-တောင်ကြီးလမ်း ၁၁ မိုင်ရေထွက်မှ အင်းလေးကန် ကျောက်စီမြေထိန်း နံရံများပြုလုပ်ပြီး ရှစ်လက်မပိုက်လိုင်း ၁၅၀၀၀ ပေကို (၈)မိုင်ရေစုကန်သို့ သွယ်တန်းမည်ဖြစ်ပါတယ်။ သွယ်တန်းခစုစုပေါင်းခန့်မှန်းကုန်ကျမည့်တန်ဖိုးမှာ ၃၃၄၂၅၀၀၀၀ ကျပ် ထပ်မံလိုအပ်လျက်ရှိပါတယ်။ လိုအပ်ငွေများကို ကျိုင်းတုံမြို့ စည်ပင်သာယာရေးကော်မတီမှ ဒေသခံများ၏ပူးပေါင်းဆောင်ရွက် ထည့်ဝင်နိုင်ရေး ဆောင်ရွက်လျက်ရှိသော်လည်း လိုအပ်သည့်ငွေပမာဏ များပြားသည့်အတွက် တတ်နိုင်မည်မဟုတ်သေးပါ။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေကျပ်သိန်း ၅၀၀ ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရှစ်လက်မပိုက် ၂၅၀ ချောင်းဝယ်ယူရန် သုံးစွဲမည်ဖြစ်ပါသည်။ ရေသွယ်တန်းမှုပြီးစီးသည့်အခါမှာ ရေပေးဝေရေးလုပ်ငန်းစတင်၍ ကျိုင်းတုံမြို့ပေါ်ရှိပြည်သူများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှတပ်ရင်းတပ်ဖွဲ့များ၊ ဘုန်းတော်ကြီးကျောင်းများ၊ ကျိုင်းတုံတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများ နွေ၊ မိုး၊ ဆောင်း ရာသီမရွေးသန့်ရှင်းကြည်လင်သောရေကို လုံလောက်စွာရရှိမည်ဖြစ်ပါသည်။ များစွာအကျိုးရှိမည်ဖြစ်ပါသည်။ ဒါက ၁၁ မိုင်ရေထွက်ကို အင်ဂျင်နီယာမှူးကြီးများနှင့်သွားရောက်ပြီး တိုင်းတာပြီးစစ်ဆေးထားခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျိုင်းတုံမြို့ရေပေးဝေရေးလုပ်ငန်းအသစ်တစ်ခုထပ်မံဆောင်ရွက်နေမှုကို လိုအပ်လျက်ရှိသောရန်ပုံငွေကို ပြည်ထောင်စုရန်ပုံငွေမှ ကူညီဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလို၍မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ်၊ ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်ရဲ့မေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာ ကျိုင်းတုံမြို့ရေပေးဝေရေးလုပ်ငန်းအသစ်တစ်ခု ထပ်မံဆောင်ရွက်နေမှုတွင် ရန်ပုံငွေကို ပြည်ထောင်စုရန်ပုံငွေမှ ကူညီဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်တော့ ကျိုင်းတုံမြို့မှာ ဖွံ့ဖြိုးရေးလုပ်ငန်းတွေ အကောင်အထည်ဖော်မှု အခြေအနေများကို ဦးစွာဖော်ပြဖြေဆိုထားတာကို တင်ပြပါမယ်။ ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေး ဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မူလဝင်ငွေလျာထားချက်မှာ ကျပ်သိန်း ၁၀၁၀၀ ဖြစ်ပြီးတော့ ငွေလုံးငွေရင်းအသုံးစရိတ်ငွေကျပ် သိန်း ၅၂၇၀ ဖြင့် မူလရန်ပုံငွေ(BE)မှာ ကတ္တရာခင်းခြင်း (၂)လမ်း ခန့်မှန်းကုန်ကျငွေကျပ် ၁၉၄ သိန်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း(၆)လမ်း ခန့်မှန်းကုန်ကျငွေ ကျပ် ၇၆၇ သိန်း၊ ကွန်ကရစ်ခင်းခြင်း(၆)လမ်း ခန့်မှန်းကုန်ကျငွေ ၁၄၂၄ သိန်း၊ ကျောက်ချောလမ်းခင်းခြင်း(၇)လမ်း ခန့်မှန်းကုန်ကျငွေကျပ် ၇၇၉.၅ သိန်း၊ မြို့တွင်းလမ်းဖာခြင်း ခန့်မှန်းကုန်ကျငွေ ကျပ် ၃၂၀.၆ သိန်း၊ Box Culvert တည်ဆောက်ခြင်း ၁၂ စင်း ခန့်မှန်းကုန်ကျငွေကျပ် ၄၉၂ သိန်း၊

ကွန်ကရစ်တံတားတစ်စင်းတည်ဆောက်ခြင်း ခန့်မှန်းကုန်ကျငွေ ၇၄.၈ သိန်း၊ ရေပေးရေးလုပ်ငန်း ၁၄ ခု ခန့်မှန်းကုန်ကျငွေ ၈၂၁.၄ သိန်း၊ အခြားလုပ်ငန်း ၁၅ ခုအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၃၉၆ သိန်းဖြင့် အဆိုပါလုပ်ငန်းတွေကို ရရှိတဲ့ဘဏ္ဍာငွေပေါ်မူတည်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်ထဲမှာလည်း ပါရှိပါတယ်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာတော့ ကတ္တရာထပ်ပိုးလွှာခင်းခြင်း(၂)လမ်း ခန့်မှန်းကုန်ကျငွေ ၂၅၂ သိန်း၊ ရေပေးရေးလုပ်ငန်းနှစ်ခု ခန့်မှန်းကုန်ကျငွေ ၉၀ သိန်း၊ ကွန်ကရစ် တံတား(၆)စင်းတည်ဆောက်ခြင်း ခန့်မှန်းကုန်ကျငွေ ၄၄၈.၈ သိန်း၊ အခြားလုပ်ငန်း နှစ်ခု ခန့်မှန်း ကုန်ကျငွေကျပ် ၇၂ သိန်းနဲ့ လုပ်ငန်းတွေကို ၆၀ ရာခိုင်နှုန်းပြီးစီးအောင်ဆောင်ရွက် ထားပြီးဖြစ် ကြောင်း သိရပါတယ်။

ထို့အတူ ၂၀၁၈-၂၀၁၉ ယခုဘဏ္ဍာရေးနှစ် Mini Budget မှာ မူလဝင်ငွေကို လျာထားချက် ၁၀၆၇၀ လျာထားပြီးတော့ အပိုင်း(၁)အနေနဲ့ ငွေလုံးငွေရင်းအသုံးစရိတ်ငွေ ကျပ် ၅၃၉၅.၉ သိန်းနဲ့ ကတ္တရာလမ်းခင်းခြင်း(၁)လမ်း ခန့်မှန်းကုန်ကျငွေသိန်း ၂၂၀၊ ကျောက်ချောလမ်း(၄)လမ်း ခန့်မှန်း ကုန်ကျငွေကျပ် ၄၂၆.၅ သိန်း၊ ကွန်ကရစ်လမ်းခင်းခြင်း(၂)လမ်း ခန့်မှန်းကုန်ကျငွေကျပ် ၂၂၇ သိန်း၊ မြေသားလမ်းခင်းခြင်း(၂)လမ်း ခန့်မှန်းကုန်ကျငွေကျပ် ၅၀၈ သိန်း၊ Box Culvert ၁၇ စင်း တည်ဆောက်ခြင်းခန့်မှန်း ကုန်ကျငွေကျပ် ၁၅၅၉ သိန်း၊ ကွန်ကရစ်တံတားတစ်စင်းတည်ဆောက်ခြင်း ကျပ် ၂၁၄.၉ သိန်း၊ မြို့တွင်းလမ်းပေါက်ဖာခြင်းခန့်မှန်းကုန်ကျငွေကျပ် ၁၁၁ သိန်း၊ မြို့ရေပေးရေး လုပ်ငန်း ၁၀ ခုအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၈၇.၅ သိန်းနဲ့ ရေမြောင်းပြုလုပ်ဖို့ ခန့်မှန်းကုန်ကျငွေ ကျပ် ၁၆၁၂ သိန်း၊ အင်ဂျင်နီယာလုပ်ငန်းသုံးယာဉ်ဝယ်ယူမှုအတွက် ခန့်မှန်းကုန်ကျငွေကျပ်သိန်း ၂၃၀ တို့နှင့်ဆောင်ရွက်ရန် လျာထားကြောင်း ဖြေကြားမှုရှိပါတယ်။

ကျိုင်းတုံမြို့ ရေပေးဝေရေးလုပ်ငန်းအသစ်တစ်ခုဖြစ်တဲ့ Intake Tank တည်ဆောက်ခြင်း (၁၃ ပေ-၆ လက်မ x ၁၃ ပေ-၆ လက်မx ပေ ၄၀)ခန့်မှန်းကုန်ကျငွေကျပ် ၉၇.၁ သိန်းနဲ့ ကွီနမ့်ကိုင်ချောင်း ရေထွက်ကနေပြီးတော့မှ (၈)မိုင်ရေလှောင်ကန်ကို ၈ လက်မ GI ပိုက်သွယ်တန်း ခြင်း ၁၆၀၀၀၀ ခန့်မှန်းကုန်ကျငွေကျပ် ၅၃၉၁ သိန်း စုစုပေါင်းခန့်မှန်းကုန်ကျငွေ ၅၄၈၈.၁ သိန်း ကုန်ကျခံဆောင်ရွက် သွားဖို့ ဖော်ပြထားတာရှိပါတယ်။ အဲဒီလုပ်ငန်းအတွက် ရှမ်းပြည်နယ်အစိုးရကတော့ ယခု ၂၀၁၇-၂၀၁၈ ပြီးခဲ့တဲ့ဘဏ္ဍာရေးနှစ်မှာ ၈ လက်မ GI ပိုက်များ ဝယ်ယူဆောင်ရွက် သွားဖို့အတွက် ကျပ်သိန်း ၅၀၀ ကို ထောက်ပံ့ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းလည်း ဖော်ပြပါရှိပါတယ်။ ကျန်ရှိတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ဖို့အတွက် ကျပ်သိန်းပေါင်း ၅၀၀၀ ခန့် ကုန်ကျမည်ဖြစ်ပါတယ်။ ပြည်နယ်အစိုးရအဖွဲ့ကနေ သဘာဝဘေးကြိုတင်ကာကွယ်ရေးရန်ပုံငွေကနေ ယခုနှစ်မှာ သိန်း ၂၀၀၀ ထပ်မံခွဲဝေပေးထားပြီး ဖြစ်ကြောင်းသိရပါတယ်။ ထပ်မံပြီးလိုအပ်မယ့်ငွေကိုတော့ ၂၀၁၈-၂၀၁၉ ယခုဘဏ္ဍာရေးနှစ်အတွင်း လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်ကို မိမိဝန်ကြီး ဌာနမှကိုယ်စား ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သံဖြူဇရပ်မြို့နယ်အတွင်း ဆုတ်ယုတ်လာသော ပင်လယ်ငါးဖမ်းလုပ်ငန်းကို ပြည်ထောင်စုအစိုးရနှင့် မွန်ပြည်နယ်အစိုးရတို့ ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်ချက်များကို ပံ့ပိုးမြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညာဏ်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးညာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးခန်းမအတွင်းမှာရှိကြတဲ့ ဂုဏ်သရေရှိပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညာဏ်ဟိန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော်မေးလိုတဲ့မေးခွန်း ကတော့ သံဖြူဇရပ်မြို့နယ်အတွင်းမှာရှိတဲ့ ဆုတ်ယုတ်လာသော ပင်လယ်ငါးဖမ်းလုပ်ငန်းကို ပြည်ထောင်စုအစိုးရနှင့် မွန်ပြည်နယ်အစိုးရတို့ ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်ချက်များကို ပံ့ပိုးမြှင့်တင် ပေးရန် အစီအစဉ်ရှိ/မရှိတို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအချိန်ဟာ ပါတီစုံဒီမိုကရေစီစနစ်ကို မြင်သာစွာ အကောင်အထည်ဖော်နေတဲ့ကာလ ဖြစ်ပါတယ်။ ဒီလိုဖော်ဆောင်ပြောင်းလဲရာမှာ Liberal Democracy ဖြစ်ဖို့ သတိထားသွားရပါတယ်။ ဒီမိုကရေစီအရေးကိုတစ်ဖက်ကလုပ်ပြီး တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ဖို့ တစ်ဖက်ကအချိုးညီစွာလုပ်ရမှာဖြစ်ပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်အတွက် နိုင်ငံတကာကလာမယ့် ရင်းနှီးမြှုပ်နှံမှုကို ကျွန်တော်မမျှော်တော့ပါဘူး။ ကျွန်တော့်မြို့နယ် စီးပွား တိုးတက်ဖို့အတွက် ရှိပြီးသား အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေရဲ့အခက်အခဲကို အလေးထားသုံးသပ်ပြီး အစိုးရအကူအညီဖြင့် တိုးတက်အောင်လုပ်ဖို့ပဲ ကြိုးစားပါတယ်။ ဒါကြောင့် ဆဋ္ဌမပုံမှန်အစည်းအဝေးနားတဲ့ကာလမှာ ကျိုက္ခမီငါးလုပ်ငန်းရှင်များ၊ ကျိုက္ခမီကမ်းဝေးငါးလုပ်ငန်း ရှင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးတို့နဲ့ တွေ့ဆုံစည်းဝေးပြီးတော့ ၎င်းတို့တွေ့ကြုံနေရတဲ့ အခက်အခဲ ကို အစိုးရဆီကနေပြီးတော့ လိုအပ်တဲ့အကူအညီတွေကို ဖော်ထုတ်ပါတယ်။ သူတို့ရဲ့ လုပ်ငန်းစိန်ခေါ်မှု တွေက (၁) ငါးရစ်ထချိန်မှာ လုပ်ငန်းသုံးလပိတ်ပါတယ်။ ယခင်က လုပ်ငန်း ၇၀ ရာခိုင်နှုန်းကိုခွင့်ပြု ပြီးတော့ ၃၀ ရာခိုင်နှုန်းကို အလှည့်ကျ ပိတ်ပေးရတယ်လို့ဆိုပါတယ်။ အခုတော့ ၁၀၀ ရာခိုင်နှုန်းလုံး ကို လုပ်ငန်းပိတ်ရမယ်လို့ ကြားပါတယ်။ ဒီငါးဖမ်းလုပ်ငန်းကို လူဦးရေ ၃၀၀၀ ခန့်က မှီခိုစားသောက် နေရတဲ့အတွက် သူတို့ရဲ့စားဝတ်နေရေးကိုပါ ထည့်သွင်းစဉ်းစားပြီး ဖြေလျှော့ပေးစေလိုကြပါတယ်။ (၂) ငါးဖမ်းလုပ်ငန်းက ကမ်းနီး၊ ကမ်းဝေး နှစ်မျိုးရှိပြီးတော့ ကျိုက္ခမီမှာက ကမ်းဝေးငါးဖမ်းလုပ်ငန်း ရှိပါတယ်။ ငါးဖမ်းလှေများရှိ အင်ဂျင်များဟာ ခေတ်မမှီတော့ပါဘူး။ အင်ဂျင်စက်အသစ်လဲရန်။ လှေအရွယ်အစားကလည်းပဲ ခေတ်နဲ့အညီ ပေ ၄၀ မှတိုးချဲ့ပေးဖို့လိုတဲ့အတွက် စက်လှေ ယာဉ်လိုင်စင် အသစ်ပြောင်းလဲပေးစေလိုကြပါတယ်။ (၃) လုပ်ငန်းလိုင်စင်ကျပြန်တော့ ယခင်က ပြည်ထောင်စု လိုင်စင်ကို ရန်ကုန်အထိ တက်လုပ်ကြရပါတယ်။ နောက်ပိုင်းမှာတော့ အကြောင်းကြောင်းကြောင့် ပြည်ထောင်စုလိုင်စင်အစား ဒေသခံကမ်းဝေးလိုင်စင်ဆိုပြီးတော့ ဖြစ်လာပါတယ်။ မွန်ပြည်နယ် နယ်နိမိတ်အတွင်းမှာပဲ ဖမ်းခွင့်ရှိပြီး တနင်္သာရီတိုင်း၊ ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ် ငါးဖမ်းကွက်များ အထိ ဖမ်းခွင့်မရှိပါဘူး။ ဒါကြောင့် ငါးအမိနည်းပြီးတော့ အကျိုးအမြတ်မရတဲ့အပြင် အရှုံးပေါ်တဲ့အခါ ပေါ်နေ၍ ပြည်ထောင်စုလိုင်စင်လို မြန်မာ့ပိုင်နက်အတွင်း မည်သည့်နေရာမှာမဆို ဖမ်းခွင့်ရလိုကြပါ

တယ်။ အခွန်ဆောင်ကျသင့်ငွေက အတူတူပဲမို့ဖြစ်ပါတယ်။ (၄) လှေဝင်ထွက်ရာ ကျားဆိပ်ချောင်းဟာ ကောနေပါပြီ။ တစ်ကြိမ်ကို လှေတစ်စီးပဲဝင်နိုင်ပါတော့တယ်။ သောင်တူးစက်ဖြင့်ချောင်းကို ပြန်နက်ချဲ့ပေးစေလိုကြပါတယ်။ (၅) လှေဆိုက်ကပ်တဲ့တံတားဟာ ကိုယ့်အားကိုယ်ကိုးတံတားမို့လို့ ခဏခဏပျက်ပါတယ်။ ငါးတင်ချချိန်လည်း အလွန်ကြာပါတယ်။ အစိုးရဘတ်ဂျက်ဖြင့် အင်ဂျင်နီယာအမြင်နှင့် တံတားဆောက်ပေးပါက အချိန်တိုတိုနှင့် လုပ်ငန်းပြီးနိုင်ပါတယ်။ အဲဒီလိုဆောက်ပေးပြီးတော့ Jetty အသုံးပြုခကို အစိုးရက ပြန်လည်ကောက်ယူပါလို့ တင်ပြကြပါတယ်။ (၆) နောက်ဆုံးအချက်အနေဖြင့် ငါးဖမ်းစက်လှေများပြုပြင်ဖို့ လွန်းတင်ရန်နေရာတစ်ခု ဖော်ထုတ်ပေးစေလိုပါတယ်။ လက်ရှိက ချောင်းနံဘေး အစိုးရပိုင်ဆားဝင်းမြေနေရာတစ်ခုမှာ ဆောင်ရွက်နေကြရပါတယ်။ မြေခွန်ဆောင်ဆိုလည်း သူတို့ဆောင်ပေးကြမယ်လို့တင်ပြကြပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီအသွင်ကူးပြောင်းကာလများတွင် နိုင်ငံ့စီးပွားတိုးတက်မြင့်မားရန် SME လုပ်ငန်းများ ပံ့ပိုးမြှင့်တင်ရေးသည် အဓိကကျပါတယ်။ လုပ်ငန်းတွေအတွက် ချေးငွေပေးရုံနဲ့ မလုံလောက်သေးပါဘူး။ အခုကျွန်တော်တင်ပြချက်များသည် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်ဘတ်ဂျက်နှင့်မလုံလောက်၍ ပြည်ထောင်စုအစိုးရနှင့် ပေါင်းစပ်အဖြေရှာစေလိုခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဒေသခံတို့၏စီးပွားမြှင့်တင်ခြင်းသည် နိုင်ငံ့စီးပွားဘဝမြင့်မားဖို့ လက်တွေ့ကျတာမို့ မဲဆန္ဒရှင်များကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရ၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများနှင့် ကျွန်တော်တို့ရဲ့မိတ်ဆွေကိုများကိုလည်း ထိုသို့ ကိုယ့်ဒေသအလိုက် စီးပွားတိုးတက်မြင့်မားပေးဖို့အတွက် ဒေသခံအခြေခံကျတဲ့စီးပွားရေးတွေကို မြှင့်တင်ဖော်ဆောင်ပေးကြဖို့ အကြံပြုတိုက်တွန်းရင်း ကိုယ်စိတ်ရွှင်လန်း ချမ်းသာပါစေကြောင်း ဆုတောင်းလျက် ကျွန်တော်၏မေးခွန်းမေးမြန်းခြင်းအစီအစဉ်ကို နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဟိန်းရဲ့ မေးခွန်းအပေါ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ မွန်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ဖြေကြားသွားပါမယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါအချက်(၆)ချက် မေးမြန်းထားမှုကို တွေ့ရှိရပါတယ်။ ပထမအချက်အနေနဲ့ ငါးမဖမ်းရရာသီ(Closed Season)အချိန်ကာလကို ဖြေလျှော့ပေးရန်ကိစ္စရပ်ဖြစ်ပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်းမှာရှိတဲ့ ငါးသယံဇာတတွေကို စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ဖို့အတွက် ငါးမဖမ်းရတဲ့ရာသီ (Closed Season)နှင့် ငါးမဖမ်းရ ဧရိယာ(Closed Area)များသတ်မှတ်ခြင်းကို နှစ်အလိုက်ဆောင်ရွက်လျက်ရှိပါတယ်။ ၁၉၉၃-၁၉၉၄ ခုနှစ်ကနေ ၂၀၁၁-၂၀၁၂ ခုနှစ်အထိ ငါးဖမ်းကွက်များအလိုက်သတ်မှတ်ပြီး

ဆောင်ရွက်ခဲ့မှုရှိပါတယ်။ ယင်းကာလနောက်ပိုင်း ၂၀၁၂-၂၀၁၃ ခုနှစ် ငါးဖမ်းရာသီမှာ ကမ်းဝေး ငါးဖမ်းရေယာဉ်စီးရေရဲ့ ၇၅ ရာခိုင်နှုန်းကို ငါးဖမ်းဆီးခွင့်ပြုခဲ့သော်လည်းပဲ နှစ်စဉ်လျှော့ချဖမ်းဆီး ခွင့်ပြုလျက်ရှိပြီး ၂၀၁၆-၂၀၁၇ ခုနှစ်ရာသီမှာတော့ ငါးဖမ်းကိရိယာ၊ လုပ်ငန်းအမျိုးအစားအလိုက် ၃၀ ရာခိုင်နှုန်းကိုသာ ဖမ်းဆီးခွင့်ပြုခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၂၀၁၆-၂၀၁၇ ခုနှစ် ငါးဖမ်းရာသီမှာတော့ ငါးမဖမ်းရရာသီနှင့် ငါးမဖမ်းရဇရိယာသတ်မှတ်ရေးကို နှစ်ဖက် မိမိတို့အစိုးရဌာနအပိုင်းနှင့် သက်ဆိုင်ရာလုပ်ငန်းရှင်များအပိုင်း အားလုံးတွေ့ဆုံပြီး အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ပြီး နောင်နှစ် ငါးဖမ်းရာသီတွေမှာ ငါးဖမ်းရေယာဉ်အားလုံး တားမြစ်ပိတ်ပင်သွားမည်ဖြစ်ပါကြောင်းနှင့် ရေယာဉ်ပိုင်ရှင်အားလုံးကိုလည်း ကြိုတင်ပြင်ဆင်ထားရှိဖို့ အသိပေးဆောင်ရွက်ခဲ့မှုရှိပါတယ်။ မနှစ်က ၂၀၁၇-၂၀၁၈ ခုနှစ် ငါးဖမ်းရာသီအတွက်ကတော့ မေလ ၁၆ ရက်နေ့ကနေ ဩဂုတ်လ ၁၅ ရက်နေ့အထိ Closed Season နှင့် Closed Area သတ်မှတ်ချက်ကို ညွှန်ကြားချက်အမှတ် (၃/၂၀၁၈)ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ မြန်မာ့ပင်လယ်ပြင်အတွင်းမှာ ငါးသယံဇာတပြုန်းတီး ခြင်းဟာ ပြည်တွင်းနှင့်နိုင်ငံခြား ငါးခိုးရေယာဉ်များကြောင့်သာမဟုတ်ဘဲနဲ့ ပြည်တွင်းငါးဖမ်းရေယာဉ် တွေက သတ်မှတ်ပိုက်ကွက်နှင့်အညီ ငါးဖမ်းဆီးမှုမရှိခြင်း၊ ခွင့်ပြုငါးဖမ်းကိရိယာအရေအတွက်များ ထက် ကျော်လွန်ဖမ်းဆီးခြင်းနှင့် တားမြစ်ရေပြင်အတွင်း ဝင်ရောက်ဖမ်းဆီးခြင်း၊ ပုံတူပွားရေယာဉ် များနှင့် ငါးဖမ်းဆီးခြင်းများလည်း ပါဝင်ကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် နိုင်ငံတကာမှာ ဆောင်ရွက် နေတဲ့နည်းတူ ငါးသယံဇာတများပေါက်ပွားချိန်မှာ ငါးဖမ်းရေယာဉ်အားလုံးကို တားမြစ်ပိတ်ပင်သွားဖို့ လုပ်ငန်းရှင်များနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ မွန်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ မြန်မာ့ ပင်လယ်ပြင်မှာ ငါးသယံဇာတထိန်းသိမ်းနိုင်ဖို့အတွက် ပြည်နယ်အတွင်း ရေးမြို့နယ်၊ အစင်မှာ (Check Point)နှင့် သံဖြူဇရပ်မြို့နယ်မှာ စစ်ဆေးရေးအဖွဲ့တွေကနေပြီးတော့ ဥပဒေနှင့်အညီ သတ်မှတ်ထားတဲ့ ငါးဖမ်းပိုက်ကွက်အရွယ်အစား ကိုက်ညီမှုရှိ/မရှိကို စိစစ်ပြီး ပင်လယ်ပြင်ကို ငါးဖမ်းဆီးထွက်ခွာခွင့်ကို စိစစ်ခွင့်ပြုပေးလျက်ရှိပါတယ်။ ပြည်နယ်/ခရိုင်/မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနအဆင့်ဆင့်ကလည်းပဲ ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်က ဒေသခံငါးလုပ်ငန်းအစုအဖွဲ့များနဲ့ သော်လည်းကောင်း၊ တရားမဝင်ဖမ်းဆီးမှုများမရှိစေရေးကို ကွင်းဆင်းစိစစ်ဆောင်ရွက်လျက် ရှိကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းတွေမှာ တရားမဝင်ဖမ်းဆီးမှုမရှိစေရေးအတွက် မြန်မာ့တပ်မတော်(ရေ)ကနေ တာဝန်ယူဆောင်ရွက်မှုရှိပါ တယ်။ တရားမဝင်ငါးဖမ်းဆီးမှုတွေ မပေါ်ပေါက်စေရေးအတွက် ငါးဖမ်းရေယာဉ်တွေမှာ ရေယာဉ် စောင့်ကြည့်ထိန်းချုပ်ရေးစနစ် VMS စနစ် တပ်ဆင်ရေးအတွက်ကိုလည်းပဲ ငါးလုပ်ငန်းဦးစီးဌာန အနေနဲ့ သက်ဆိုင်ရာ ငါးလုပ်ငန်းအသင်းအဖွဲ့များနှင့်ပေါင်းပြီးတော့ အစီအမံများ ချမှတ်ဆောင်ရွက် လျက်ရှိတဲ့အပြင် VMS စနစ်တပ်ဆင်ဖို့အတွက် ညွှန်ကြားချက်ကိုလည်းပဲ ထုတ်ပြန်ဆောင်ရွက်ခဲ့ပြီး ပါတယ်။ ဆက်လက်ပြီး မေးခွန်းပါဒုတိယအချက်အနေနဲ့ ငါးဖမ်းစက်လှေတွေရဲ့ အရွယ်အစားနှင့် အင်ဂျင်ပြောင်းပြီး လိုင်စင်ပြန်လဲပေးရန်ကိစ္စ မေးမြန်းထားမှုကို ဖြေကြားပါမယ်။ တည်ဆဲမြန်မာ့ ပင်လယ်ငါးလုပ်ငန်းဥပဒေ ပုဒ်မ ၅၇ မှာ ကမ်းဝေးငါးလုပ်ငန်းမှာ အသုံးပြုမယ့် ငါးဖမ်းရေယာဉ်ကို

ပြည်တွင်းမှာ တည်ဆောက်လို့ပဲဖြစ်စေ၊ ပြည်ပမှ ဝယ်ယူတင်သွင်းလိုလျှင်ပဲဖြစ်စေ ဦးစီးဌာနရဲ့ ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမယ်လို့ ဖော်ပြထားပါတယ်။ ဒါကြောင့် ကမ်းနီးအရွယ်အစား သတ်မှတ်ချက်ထက်ကျော်လွန်နေတဲ့ ငါးဖမ်းရေယာဉ်များအနေနဲ့ ဌာနရဲ့ခွင့်ပြုမိန့်ရယူပြီး တည်ဆောက်ထားတဲ့ ရေယာဉ်များ မဟုတ်တဲ့အတွက် တည်ဆဲဥပဒေနှင့်ညီညွတ်မှုမရှိခြင်းနှင့် လက်ရှိသယံဇာတတည်ရှိမှု အခြေအနေအပေါ်မှာ လေ့လာတွေ့ရှိတဲ့ သုတေသနရလဒ်များအရ ရေယာဉ်စီးရေတွေကိုကန့်သတ်ဖို့ စည်းကမ်းသတ်မှတ်ဆောင်ရွက်လျက်ရှိခြင်းကြောင့် ဥပဒေနှင့်အညီသာ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းပါတတိယအချက်ကို ဆက်လက်ဖြေကြားပါမယ်။ မြန်မာ့ပင်လယ်ပြင် မည်သည့်နေရာမဆို ငါးဖမ်းခွင့်လိုင်စင်ကိစ္စဖြစ်ပါတယ်။ အလျား ပေ ၃၀ အောက်၊ မြင်းကောင်ရေ ၂၅ ကောင်ထက်မပိုတဲ့ ရေယာဉ်တွေကို ကမ်းနီးငါးဖမ်းရေယာဉ်များအဖြစ် သတ်မှတ်ပြီးတော့ အလျားပေ ၃၀ နှင့်အထက်၊ မြင်းကောင်ရေ ၂၅ ကောင်နှင့်အထက် ရေယာဉ်တွေကိုတော့ ကမ်းဝေးငါးဖမ်းရေယာဉ်များအဖြစ်သတ်မှတ်ပြီး ညွှန်ကြားချက်များ ထုတ်ပြန်ကြီးကြပ် ဆောင်ရွက်လျက်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ် ငါးဖမ်းရာသီမှာ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ခွင့်ပြုလိုင်စင်ထုတ်ပေးခဲ့တဲ့ ကမ်းဝေးငါးဖမ်းရေယာဉ် ၃၂၁ စီးမှာ ဒေသခံကမ်းဝေးရေယာဉ် ၃၁၁ စီးပါပြီး ကမ်းဝေးဂရမ်ကြီးရေယာဉ် ၁၀ စီးပါဝင်ပါတယ်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေနဲ့ မွန်ပြည်နယ်အတွင်းသွားလာနိုင်တဲ့ ငါးဖမ်းရေယာဉ်တွေကို G.T 55 တန် အလျား ၇၅ ပေ၊ မြင်းကောင်ရေ ၂၀၀ အထိ သတ်မှတ်ထားပါတယ်။ ယင်းအနေအထားထက်ကျော်လွန်လျှင် မြန်မာပြည်တစ်ပြည်လုံးသွားလာနိုင်တဲ့ ရေယာဉ်အဖြစ် စစ်ဆေးတိုင်းတာမှတ်ပုံတင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ G.T 55 တန် အလျား ၇၅ ပေ၊ မြင်းကောင်ရေ ၂၀၀ ရေယာဉ် ၅၁၁ စီး မှတ်ပုံတင်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ရေယာဉ်အရွယ်အစားပြောင်းလဲခြင်း၊ အင်ဂျင်ပြောင်းလဲခြင်းတို့အတွက် မွန်ပြည်နယ် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှာ လျှောက်ထားရပါတယ်။ လျှောက်ထားမှုအပေါ် စိစစ်စစ်ဆေးပြီး ရေယာဉ်မှတ်ပုံတင်ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒေသခံကမ်းဝေးငါးဖမ်းရေယာဉ်တွေရဲ့ ရေယာဉ်မှတ်ပုံတင်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကသာ ထုတ်ပေးရာမှာ မွန်ပြည်နယ်အတွင်းသာ ပြေးဆွဲခွင့်ပြုတဲ့ ငါးဖမ်း၊ ငါးသယ်ယာဉ်အဖြစ် သတ်မှတ်ခွင့်ပြုပေးခြင်းဖြစ်ပါတယ်။ ဂရမ်သက်တမ်းမှာ တစ်နှစ်သတ်မှတ်ထားပါတယ်။ အဲဒီလို ဒေသခံကမ်းဝေးငါးဖမ်းရေယာဉ်အဖြစ် ရေယာဉ်မှတ်ပုံတင်ဂရမ်ရရှိထားတဲ့ ငါးဖမ်းရေယာဉ်ဟာ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ငါးဖမ်းကွက်အတွင်းမှာသာ ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ခွင့်ပြုနိုင်ပါတယ်။ မြန်မာ့ပင်လယ် ငါးလုပ်ငန်း ဥပဒေနှင့်အညီ ဆောင်ရွက်ထားတဲ့ ကမ်းဝေးငါးဖမ်းရေယာဉ်တွေကို ရေကြောင်း ပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားတဲ့ရေယာဉ်မှတ်ပုံတင်ဂရမ်ကြီးရရှိထားတဲ့ ငါးဖမ်း ရေယာဉ်များ အနေနဲ့ကတော့ မိမိကြိုက်နှစ်သက်ရာ တိုင်းဒေသကြီး/ပြည်နယ် ငါးဖမ်းကွက်များသို့ အဆိုပြု ပြောင်းရွှေ့လုပ်ကိုင်နိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ စတုတ္ထနှင့် ပဥ္စမအချက်တွေဖြစ်တဲ့ မေးခွန်းပါအချက်နှစ်ချက်ကို တစ်ဆက်တစ်စပ်တည်း ဖြေကြားပေးပါမယ်။ ကျိုက္ခမီငါးဖမ်းစက်လှေများဆိုက်ကပ်ရာ ကျားဆိပ်ချောင်းကို ပြန်လည်တူးဖော်ပေးဖို့နှင့် ဆိပ်ခံတံတား (Jetty)တည်ဆောက်ရေးတို့နှင့်ပတ်သက်တဲ့ မေးခွန်းများဖြစ်ပါတယ်။ ကျားဆိပ်ချောင်းဟာ ဒီရေ အတက်အကျရှိတဲ့အတွက် သဲသောင်ပို့ချမှုဖြစ်ပေါ်ပြီး တဖြည်းဖြည်းတိမ်ကောလာမှုရှိကြောင်း သိရ ပါတယ်။ ဒါကြောင့် ကျားဆိပ်ချောင်းကို ပြန်လည်တူးဖော်ပေးဖို့နှင့် ဆိပ်ခံတံတား(Jetty) တည်ဆောက်ရေးတို့အတွက် ကွင်းဆင်းတိုင်းတာပြီး လိုအပ်တဲ့အစီအမံများ ပြုလုပ်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ဆဋ္ဌမအချက် စက်လှေများ လွှန်းတင်ရန်နေရာနှင့်စပ်လျဉ်းပြီး လက်ရှိအသုံးပြုတဲ့နေရာကို တရားဝင်ချမှတ်ပေးရန်ကိစ္စ မေးမြန်းထားတဲ့ကိစ္စဖြစ်ပါတယ်။ တရားဝင် လွှန်းတင်နေရာသတ်မှတ်ရေးနှင့်ပတ်သက်ပြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေး နည်းဥပဒေပုဒ်မ ၇၃ နှင့်အညီ မွန်ပြည်နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ဒေသ-၈)ကို လျှောက်ထားရမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ဒီလိုလျှောက်ထားမှု အပေါ်မှာ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခွင့်ပြု သွားမည်ဖြစ်ပါကြောင်း သံဖြူဇရပ်မြို့နယ်အတွင်း ပင်လယ်ငါးဖမ်းလုပ်ငန်းနှင့် စပ်လျဉ်းတဲ့မေးခွန်း အပေါ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရွှေကူမြို့နယ်၊ စီသောင်ကျေးရွာအနီးတွင် တည်ဆောက်လျက်ရှိသော ပေါင်းနက်ရေလှောင်ဆည်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အပြီးသတ်သော်လည်းကောင်း၊ ဘဏ္ဍာငွေခွဲဝေမှုအပေါ်မူတည်၍ နှစ်အလိုက်စဉ်ဆက်မပြတ် အပြီးသတ်သော်လည်းကောင်း ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေကူမဲဆန္ဒနယ်မှ ဦးဇာနည်မင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် တက်လာကြသူများအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုပါ။ ကျွန်တော့်အနေနဲ့ကတော့ ရွှေကူမြို့နယ်၊ စီသောင် ကျေးရွာအနီးတွင် တည်ဆောက်လျက်ရှိတဲ့ ပေါင်းနက်ချောင်းရေလှောင်ဆည်စီမံကိန်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အပြီးသတ်သော်လည်းကောင်း၊ ဘဏ္ဍာခွဲဝေမှုအပေါ်မူတည်ပြီးမှ နှစ်အလိုက် စဉ်ဆက်မပြတ် အပြီးသတ်သော်လည်းကောင်း ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ရဲ့ပေါင်းနက်ချောင်း ရေလှောင်စီမံကိန်းရဲ့တည်နေရာပြမြေပုံဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ကျေးလက်မှာ မိုးရေချိန်လက်မက တော့ ၆၅ လက်မ၊ ၇၀ လက်မရှိပါတယ်။ နောက်တစ်ခါ ရေကိုသိုလှောင်နိုင်မယ့် ရေကန်ရဲ့ပမာဏက တော့ ၂၂၅၈၆ ဧကပေ သိုလှောင်နိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခါ ရေပေးဝေနိုင်မယ့် ဧရိယာကတော့

ဧက ၅၀၀၀၀ နဲ့ ၁၀၀၀၀ ကြားမှာ ရှိမယ်ဆိုတာကို ကျွန်တော်တို့ကွင်းဆင်းလေ့လာတွေ့ရှိရပါတယ်။ ဒီစီမံကိန်းကို ခန့်မှန်းကုန်ကျတွက်ချက်မှုကတော့ ကျပ်သန်းပေါင်း ၂၂၆၁၀ ခန့် တွက်ချက်ထားတယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့သိရှိရပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးရတဲ့ရည်ရွယ်ချက်ကတော့ ဒီစီမံကိန်းကြီးအကောင်အထည်ဖော်ပြီးစီးပါက ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်အတွင်းမှာ ရှိတဲ့ နှစ်စဉ်တောင်သူများအား စိုက်ပျိုးဧက ၅၀၀ ကို မိုးစပါးအပြည့်အဝစိုက်ပျိုးနိုင်မည်ဖြစ်သည့်အပြင် နွေစပါးနှင့် အခြားသီးနှံဧက ၂၀၀ အား ရေပေးဝေပြီးမှ စိုက်ပျိုးနိုင်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကချင်ပြည်နယ်ရဲ့စတုတ္ထစပါးကျီအဖြစ် စီမံချက်ကိုလည်း အထောက်အကူပြုပေးနိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပေါင်းနက်ချောင်းတည်ဆောက်နိုင်ဖို့အတွက်က Pilot Project အနေနဲ့ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဇလဗေဒနှင့် ဘူမိဗေဒ မြေတိုင်းတာမှုတွေကို ၁၉၉၅-၁၉၉၆ ခုနှစ်မှာ ပမာဏစူးစမ်းလေ့လာမှုများ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၀၂-၂၀၀၃ ခုနှစ်မှာ အကြိုတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးလည်း ဖြစ်ပါတယ်။ ၂၀၀၃-၂၀၀၄ ခုနှစ်မှာလည်း အသေးစိတ်တိုင်းတာတွက်ချက်မှုများ ပြုလုပ်ပြီးမှ အင်ဂျင်နီယာမှုတွေက စူးစမ်းလေ့လာမှုအားလုံးကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်တယ်ဆိုတဲ့အကြောင်းကိုလည်း သိရှိရပါတယ်။ နှစ်စဉ်အလိုက်မှာ ရန်ပုံငွေသုံးစွဲမှုမှာ ပေါင်းနက်ချောင်းစီမံကိန်းရဲ့လုပ်ငန်းစတင်တဲ့ ၂၀၀၂-၂၀၀၃ ခုနှစ်မှ ၂၀၁၆-၂၀၁၇ ခုနှစ်အထိ ယနေ့သုံးစွဲထားတဲ့ငွေက ကျပ်သန်းပေါင်း ၁၆၇၆.၉၅၃ သန်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီရေလှောင်ဆည်ကြီးကို အကောင်အထည်ဖော်သင့်ကြောင်းကိုလည်း ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြံပြုလိုပါတယ်။

ဒီဥစ္စာကတော့။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပေါင်းနက်ချောင်းရေလှောင်ဆည်စီမံကိန်းရဲ့နှစ်စဉ်အလိုက်ရရှိမှု သုံးစွဲမှုကို လုပ်ငန်းပြီးစီးမှုအခြေအနေပြဇယားပဲ ဖြစ်ပါတယ်။ ဒါကတော့ ပေါင်းနက်ချောင်းဆည်ရဲ့လုပ်ငန်းပြီးစီးမှုဟာ ၃၁.၃၉ ရာခိုင်နှုန်းအထိ ပြီးစီးနေတယ်ဆိုတဲ့အကြောင်းကို ကျွန်တော့်အနေနဲ့တင်ပြခြင်းဖြစ်ပါတယ်။ ဒီဟာတော့ ခွင့်ပြုငွေစီမံကိန်းကို ကုန်ကျတဲ့ ကျပ်သန်း ၂၂၆၁၀ အား ပြန်လည်စိစစ်ဖို့ကိုလည်း ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ကြောင်းကျိုးပြချက်အရဆိုလို့ရှိရင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဒီပေါင်းနက်ချောင်းကို ၁၆၅၀၀ ပေတူးဖော်ခြင်းမှာ ခွင့်ပြုငွေက ကျပ်သန်း ၁၉၀ ဖြစ်သော်လည်း မြေပြင်မှာ ကျွန်တော့်အနေနဲ့ ကွင်းဆင်းလိုက်တဲ့အခါကျတော့ နာရီ ၂၁၀ သာ ဆောင်ရွက်ထားပြီးမှ တစ်နာရီလျှင် ၈၀၀၀၀ ကျပ်နဲ့ တွက်မယ်ဆိုလို့ရှိရင် သုံးစွဲထားတဲ့ငွေပမာဏ သိန်း ၂၀၀ ခန့်ပဲ ကုန်ကျနေတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့ ဒီရဲ့ဘဏ္ဍာကိုလည်း သက်ဆိုင်ရာကနေ စိစစ်ပြီးမှ ဆောင်ရွက်ဖို့လည်း ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းကို ကျွန်တော့်အနေနဲ့ သီးသန့်ဆောင်ရွက်ပေးမယ့်အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်းရဲ့မေးခွန်းဖြစ်တဲ့ ရွှေကူမြို့နယ်၊ စီသောင်ကျေးရွာအနီးတည်ဆောက်လျက်ရှိသော ပေါင်းနက်ရေလှောင်တမံကို လာမယ့် ဘဏ္ဍာနှစ် ၂၀၁၈-၂၀၁၉ အတွင်း အပြီးသတ်သော်လည်းကောင်း၊ ဘဏ္ဍာခွဲဝေရရှိမှုအပေါ် မူတည်ပြီး နှစ်အလိုက်စဉ်ဆက်မပြတ် အပြီးသတ်ထိ ဆောက်လုပ်ပေးရန်အတွက်သော်လည်းကောင်း အစီအစဉ်ရှိ/မရှိနှင့် မည်ကဲ့သို့ဆက်လက်ဆောင်ရွက်သွားမည်နှင့် မရှိပါက အဘယ်ကြောင့်ဆိုသည်ကို စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းကို ပြန်လည်ဖြေကြားပေးပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်၊ စီသောင်ကျေးရွာအနီးမှာရှိတဲ့ ပေါင်းနက်ရေလှောင်တမံစီမံကိန်းကို ယခင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ရဲ့ ၃၀-၆-၂၀၀၃ ခုနှစ်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ အစည်းအဝေးအမှတ်စဉ်(၁/၂၀၀၃) ခွင့်ပြုချက်နဲ့ ၂၀၀၃ ခုနှစ်မှာပဲ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါစီမံကိန်းကို ရွှေကူမြို့နယ်အတွင်းမှာရှိတဲ့ လယ်ယာမြေဧရိယာ ဧက ၅၀၀၀ ခန့်ကို မိုးစပါးစိုက်ပျိုးရေပေးဝေဖို့နှင့် နွေစပါးနှင့် အခြားသီးနှံ ၂၀၀၀ ဧကခန့်ကို စိုက်ပျိုးရေပေးဝေနိုင်ဖို့ ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ပါတယ်။ ပေါင်းနက်ရေလှောင်တမံစီမံကိန်းရဲ့ အဓိကလုပ်ငန်းကဏ္ဍများဖြစ်တဲ့ တမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေထုတ်ပြွန်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ၂၀၀၂-၂၀၀၃ ဘဏ္ဍာနှစ်ကနေ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ဘဏ္ဍာနှစ်အလိုက် နှစ်အလိုက်ရရှိတဲ့ရန်ပုံငွေနဲ့ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ တမံတည်ဆောက်ခြင်းလုပ်ငန်းဟာ ၁၂.၃၂ ရာခိုင်နှုန်း၊ ရေထုတ်ပြွန်တည်ဆောက်ခြင်းလုပ်ငန်းဟာ ၈၈.၈၃ ရာခိုင်နှုန်းနှင့် ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းဟာ ၆၁.၉၉ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်မှာတော့ အဲဒီဘဏ္ဍာနှစ်ကစပြီး ရန်ပုံငွေခွဲဝေရရှိမှုမရှိခဲ့တဲ့အတွက် စီမံကိန်းလုပ်ငန်းတွေကို ယာယီ ရပ်ဆိုင်းထားခဲ့ရတဲ့ အခြေအနေဖြစ်ပါတယ်။

ပေါင်းနက်ရေလှောင်တမံစီမံကိန်းကို ဆက်လက်ဆောင်ရွက်နိုင်ဖို့အတွက် လိုအပ်တဲ့ရန်ပုံငွေကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလ-စက်တင်ဘာလဘဏ္ဍာနှစ်ရန်ပုံငွေအတွင်းမှာ တင်ပြတောင်းခံသွားဖို့အတွက် လျာထားဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး စီမံကိန်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ စီမံကိန်းပြီးဆုံးသည်အထိ အကောင်အထည်ဖော်နိုင်ဖို့အတွက်ကိုလည်း ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့မေးခွန်းထဲမှာပါဝင်သွားတဲ့ လုပ်ငန်းတွေအကောင်အထည်ဖော်တဲ့အခါမှာ နှစ်ပေါင်းများစွာကြာခဲ့တဲ့အတွက်ကြောင့်မို့လို့ မြေပြင်အခြေအနေမှာ အမှန်တကယ်ကွင်းဆင်းစစ်ဆေးပြီးမှ ရန်ပုံငွေကို ချင့်ချိန်သုံးစွဲတဲ့ပုံစံမျိုးနဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားဖို့အတွက်ကိုလည်းပဲ တင်ပြအပ်ပါတယ်။ ပေါင်းနက်ရေလှောင်တမံ

စီမံကိန်းဟာ ဒေသရဲ့စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့တဲ့လုပ်ငန်း ဖြစ်တာနဲ့အညီ စီမံကိန်းရဲ့လျာထားလုပ်ငန်းအားလုံး ရာနှုန်းပြည့်ပြီးစီးအောင်ဆောင်ရွက်နိုင်မှသာ ဒေသခံပြည်သူတွေရဲ့ စီမံကိန်းအကျိုးကျေးဇူးကို ဆောလျင်စွာခံစားရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျန်ရှိတဲ့လုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့အတွက် ဘဏ္ဍာနှစ်အလိုက်ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုနှင့်အညီ ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာနကနေ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဇာနည်မင်း(ရွှေကူမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ဒီမေးခွန်းနှင့်ပတ်သက်ပြီးမှ ဝန်ကြီးအနေနဲ့ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်သွားပေးမယ်လို့ ဖြေကြား သွားပေးတဲ့အတွက် ကျွန်တော့်အနေနဲ့ တောင်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ကျွန်တော့် အနေနဲ့ ပြောလိုပါတယ်။ အဲဒီမှာ ဘဏ္ဍာနှစ်အလိုက် ပေးသွားမယ်ဆိုတာ အပြီးသတ်ပေါ့နော်။ ကျွန်တော့်အနေနဲ့ မေးခွန်းထဲမှာ အပြီးသတ်ပါရှိတဲ့အတွက် တစ်ဆက်တစ်စပ်တည်းအနေနဲ့ အပြီးသတ် ပြီးစီးနိုင်ဖို့အတွက်က အပြီးသတ်ပြီးစီးနိုင်အောင် တည်ဆောက်နိုင်မယ့်အခြေအနေရှိမှသာလျှင် အပြီးသတ်ပြီးစီးနိုင်မှာ ဖြစ်တယ်။ အဲဒီမှာ ဝန်ကြီးဖြေသွားတဲ့အတိုင်း ဘဏ္ဍာကို နှစ်စဉ်အလိုက် ခွဲသွားမယ်ဆိုတော့ ဘဏ္ဍာရဲ့လိုအပ်ချက်ရှိတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ သုံးသပ်မိပါတယ်။ ဒါကြောင့် မို့ ဘဏ္ဍာရဲ့သုံးစွဲမှုအပေါ် ထိထိရောက်ရောက်နဲ့ဖြစ်အောင်၊ ဒီ Project ကြီးကို အမြန်ပြီးမှ တောင်သူ တွေဆောလျင်စွာခံစားနိုင်အောင်အတွက် ဒီဘဏ္ဍာကိုလည်း ပြန်လည်စိစစ်ပြီးမှ။ ခဏနေကလည်း ကျွန်တော်တင်ပြပြီးဖြစ်သွားတဲ့အတွက် သိန်း ၁၉၀၀ ချပေးလိုက်တဲ့လုပ်ငန်းကို တကယ့်မြေပြင်မှာ ကွင်းဆင်းလိုက်တော့ သိန်း ၂၀၀ နဲ့တင် လုပ်ငန်းဟာပြီးစီးနေတာတွေ့တဲ့အတွက် သိန်း ၁၇၀၀ လောက်က ကွာဟနေပါတယ်။ ဒါကြောင့်မို့လို့ ဒီချထားတဲ့ ဘဏ္ဍာပေါ့။ ခွင့်ပြုပေးခဲ့တဲ့ဟာကိုလည်း ခဏနေက ဝန်ကြီးဖြေကြားသွားသလိုပဲ မြေပြင်မှာ ကွင်းဆင်းပြီးမှ ခွင့်ပြုပြီးထားတဲ့ ကျပ် ၂၂၆၁၀ သန်း ဘဏ္ဍာကို ထိထိရောက်ရောက်သုံးစွဲနိုင်အောင် ပြန်လည်စိစစ်ပြီးမှ ဆောင်ရွက်နိုင်ခြေရှိမရှိကို လည်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ဖြေကြားပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျေးဇူးတင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး အခုလိုအသေးစိတ်ဆွေးနွေး မေးမြန်းတဲ့ဆက်စပ် မေးခွန်းအပေါ်မှာ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တင်ပြခဲ့သလိုပဲ။ ပေါင်းနက်ရေလှောင်တမံစီမံကိန်း လုပ်ငန်းတစ်ရပ်ကို အကောင်အထည်ဖော်တဲ့အခါမှာ လုပ်ငန်းအပိုင်းအခြားတွေ အများကြီးရှိပါတယ်။ တမံတည်ဆောက်တဲ့လုပ်ငန်းဆောင်ရွက်ရသလို၊ ရေထုတ်ပြွန်လုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်းနှင့် ရေသောက်လုပ်ငန်းတွေကိုလည်းပဲ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နှစ်ကာလအလိုက် ရရှိတဲ့ဘဏ္ဍာရန်ပုံငွေအပေါ်မှာ စိစစ်ပြီးတော့ ဆောင်ရွက်နိုင်မယ့်လုပ်ငန်းအနေနဲ့ အကောင်အထည် ဖော်ဆောင်ရွက်သွားဖို့အတွက်ကို ကျွန်တော်ဖြေကြားခြင်းဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး

ပြောသလိုပဲ မြေပြင်အခြေအနေမှာ လက်တွေ့တည်ရှိနေတဲ့အနေအထားအပေါ်မှာ ပြန်လည်သုံးသပ်ပြီးမှ နှစ်ကာလအလိုက် ပိုင်းခြားပြီး အခုနကတင်ပြခဲ့တဲ့ တည်ဆောက်ရေးလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဆက်စပ်မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**ဦးထွန်းထွန်း၊ ပွင့်ဖြူမဲဆန္ဒနယ်က တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ဘဝ မြင့်မားတိုးတက်စေရေးနှင့် စိုက်ပျိုးရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံအဝန်း စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ၊ နှီးနှောဖလှယ်ပွဲများကျင်းပပြုလုပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးထွန်းထွန်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်အားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ဘဝမြင့်မားတိုးတက်စေရေးနှင့် စိုက်ပျိုးရေးနည်းပညာများဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံအဝန်းစိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ၊ နှီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်မှတစ်ဆင့် တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံသောတိုင်းပြည်တစ်ပြည်ဖြစ်ပြီး လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပါတယ်။ ကျေးလက်နေပြည်သူအများစုသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသော ကျေးဇူးရှင်တောင်သူလယ်သမားများဖြစ်ကြပါတယ်။ တောင်သူလယ်သမားဆိုသည်မှာ လယ်ယာသီးနှံစိုက်ပျိုးရေးနှင့်အတူ လယ်ယာလုပ်ငန်းသုံးကျွဲ၊ နွားများနှင့် ကြက်၊ ဘဲ၊ ဝက်စသည့်အိမ်မွေးတိရစ္ဆာန်များ၊ မွေးမြူရေးကို တစ်နိုင်တစ်ပိုင်တွဲဖက်လုပ်ကိုင်ကြရပါတယ်။ စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြသည့် စိုက်ပျိုးရေးတောင်သူများရှိသကဲ့သို့ တိရစ္ဆာန်မွေးမြူရေးကိုသာလုပ်ကိုင်ကြသည့် မွေးမြူရေးတောင်သူများလည်းရှိကြပါတယ်။ နိုင်ငံတကာမှာ သီးနှံစိုက်ပျိုးရေးကိုဖြစ်စေ၊ တိရစ္ဆာန်မွေးမြူရေးကိုဖြစ်စေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တွဲဖက်၍ဖြစ်စေ၊

လယ်ယာသား၊ ငါးထုတ်ကုန်များအား ပင်မစိုက်ပျိုးထုတ်လုပ်သူအားလုံးကို တောင်သူလယ်သမားများ ဟုသတ်မှတ်ခေါ်ယူကြပါတယ်။ မည်သို့ပင်ဆိုစေ လူသားအားလုံး၏ စားနပ်ရိက္ခာဖူလုံရေးအတွက် အမှန်တကယ်လုပ်ပေးသူများမှာ တောင်သူလယ်သမားဦးကြီးများပင်ဖြစ်ပါတယ်။ တောင်သူ လယ်သမားဦးကြီးများဟု ခေတ်အဆက်ဆက်ခေါ်ခဲ့သော်လည်း နေပူမရှောင် မိုးရွာမရှောင် ထွန်တုံး နှင့် နွားနှင့်ဖက်ရုန်းကန်နေရတဲ့ကျော့မွဲလူတန်းစားဘဝက၊ ဆင်းရဲသားဘဝက ယနေ့တိုင်ရုန်းမထွက် နိုင်တာကို သတိပြုဂရုစိုက်ဖို့လိုပါတယ်။ တမျိုးသားလုံး၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)တွင် ၃၀ ရာခိုင်နှုန်းခန့်ကို လယ်ယာသား၊ ငါးကဏ္ဍမှရရှိရာ ပင်မထုတ်လုပ် သူများမှာ တောင်သူလယ်သမားများပင်ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမား များ၏ စိုက်ပျိုး၊ မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြင့်မားလာစေရေးနှင့် နိုင်ငံ့စီးပွားရေးအထောက်အကူပြုစေရေးတို့အတွက် ရည်မှန်းချက် ပန်းတိုင်များချမှတ်ဆောင်ရွက်ရန် လိုအပ်နေပါတယ်။ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေး နှင့် မွေးမြူရေးကုန်ထုတ်လုပ်မှုတိုးတက်ရန် အဓိကလိုအပ်ချက်မှာ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ သွင်းအားစုနှင့် ဈေးကွက်ရရှိရေးတို့ဖြစ်ပါတယ်။ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူ လယ်သမားများဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကလုပ်ဆောင်ရမယ့်လုပ်ငန်းစဉ်ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူ လယ်သမားများအတွက် အဓိကမဖြစ်မနေဖြည့်ဆည်းဆောင်ရွက်ပေးရမှာကတော့ နည်းပညာ သွင်းအားစုနဲ့ ဈေးကွက်ရရှိရေးတို့ဖြစ်ပါတယ်။ တောင်သူလယ်သမားတို့၏ဘဝမြင့်မားရန်အတွက် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များ၊ အသိပညာများတိုးတက်ရန်အတွက် စိုက်ပျိုးနည်းစနစ်မှန်ကန်စေ ရန်၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ရန်၊ ပြောင်းလဲသွားသောရာသီဥတုနှင့်အညီ စိုက်ပျိုးနိုင် ရန်၊ ပိုးသတ်ဆေးများကို စနစ်တကျသုံးစွဲတတ်ရန်၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်း ချောမောစေရန် နိုင်ငံတော်အစိုးရနှင့် တောင်သူလယ်သမားများ၏စိုက်ပျိုးရေးကဏ္ဍဟန်ချက်ညီစေ ရန်အတွက် စိုက်ပျိုးရေးနည်းပညာပေးသင်တန်းတွေ၊ တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲတွေ ကျင်းပပြုလုပ်ပေးရန်လိုအပ်ပါတယ်။ ခေတ်နဲ့လျော်ညီတဲ့စိုက်ပျိုးနည်းများကို စနစ်တကျစိုက်ပျိုးနိုင်မှ အထွက်တိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးမြေများကို မြေဆီလွှာစမ်းသပ်သုတေသနပြုမှုများပြုလုပ်ရန် လိုအပ်နေပြီဖြစ်ပါတယ်။ ယနေ့တောင်သူလယ်သမားများမှာ မြေအစိုဓာတ်၊ အချဉ်ဓာတ်၊ အငန်ဓာတ်၊ ဘယ်လောက်ရှိမှန်းရှိလို့မသိ သိချင်စမ်းသပ်ချင်သော်လည်း ဓာတ်ခွဲခန်းက အလွယ်တကူမရှိ ယခု အချိန်အခါမှာ ဓာတ်မြေဩဇာအလွန်အကျွံသုံးစွဲမှု၊ ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲမှု၊ နွေ၊ မိုး၊ ဆောင်း ၁၂ ရာသီ သီးထပ်သီးနှံစိုက်ပျိုးမှုတို့ကြောင့် မြေဆီလွှာများပျက်စီးနေတာကိုကြာခဲ့ပါတယ်။ ဒါတွေကို စနစ်တကျပြန်လည်စစ်ဆေးပြီး ဘယ်လိုအသုံးပြုရမယ်ဆိုတာ တောင်သူများသိရှိအောင် နည်းပညာ သင်တန်းတွေ ဟောပြောပွဲတွေ ပြုလုပ်ရန်လိုအပ်ပါတယ်။ ဒါတင်မကသေးပါဘူး ခေတ်မီဇကေကွက်၊ စံပြကွက်တွေဖော်ထုတ်ပေးနိုင်အောင်၊ ကုန်ထုတ်လမ်းတွေစနစ်တကျဖြစ်အောင်၊ ရေစီးရေလာ ရေသွင်းရေထုတ်ကောင်းမွန်အောင် စနစ်တကျမြောင်းတွေကောင်းမွန်ဖို့ဆိုရင် တောင်သူတွေရဲ့သူတို့

ရဲ့ လိုအပ်ချက်အခက်အခဲ နည်းပညာတွေကိုပေးဖို့ တောင်သူလယ်သမားတွေနဲ့မဖြစ်မနေထိတွေ့ဖို့ လိုအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးနိုင်ဖို့ ဆိုရင် တောင်သူတွေကို အသိပညာပေးမှုများပြုလုပ်ပေးမှ၊ သတင်းအချက်အလက်တွေသိရှိမှ သုံးစွဲလာမယ်။ သုံးစွဲတတ်ကြမှာဖြစ်ပါတယ်။ ယနေ့အချိန်အခါမှာ တောင်သူအများစုမှာ မိရိုးဖလာမျိုးများသာမက စံမျိုးများကိုပြောင်းလဲစိုက်ပျိုးခြင်းကြောင့် သီးနှံအထွက်နှုန်းများပိုမိုထွက်ရှိသည်ကို သိရှိကြပါတယ်။ သို့သော်လည်း တောင်သူအများစုဟာ မသုံးစွဲနိုင်တာကို သိရှိရပါတယ်။ ဘာကြောင့်လဲဆိုရင် စံမျိုးသည် မိရိုးဖလာမျိုးများထက်ဈေးမြင့်နေခြင်း၊ သုံးစွဲရန်၊ စိုက်ပျိုးရန် မသုံးစွဲတတ်ခြင်းတို့ကြောင့်ဖြစ်ပါတယ်။ မျိုးကောင်းမျိုးသန့်ကိုသာ ရွေးချယ်စိုက်ပျိုးနိုင်မယ်ဆိုရင် ပိုးမွှားရောဂါဒဏ်ခံနိုင်ပြီး အထွက်နှုန်းတွေပိုမိုထွက်ရှိလာမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ၊ GAP လိုက်နာဆောင်ရွက်ရေးအတွက် တောင်သူများအားပညာပေးခြင်း၊ အစားအစာလုံခြုံစိတ်ချရန်အတွက် ပိုးသတ်ဆေး၊ ဓာတ်ကြွင်းအာနိသင်များမပါဝင်ရေး၊ မိမိတို့ထုတ်လုပ်သည့်လယ်ယာထွက်ကုန်များသည် အာဆီယံနိုင်ငံများနှင့် နိုင်ငံတကာတွင် ယှဉ်ပြိုင်စွမ်းရှိရန်အတွက် တောင်သူများအားလုံးကို စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ သိရှိနားလည်ပြီး စနစ်တကျလိုက်နာကျင့်သုံးလာအောင် ကူညီပံ့ပိုးပေးသင့်ပါတယ်။ သုံးစွဲရမယ့်ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကိုလည်း မှန်မှန်ကန်ကန်သုံးစွဲတတ်ဖို့ တောင်သူများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် အသိပညာပေးဖို့လိုအပ်ပါတယ်။ ဒါတွေကို သေသေချာချာနားမလည်တော့ ပိုးသတ်ဆေးကို ဘယ်လောက်ထိသုံးစွဲနေလဲဆိုရင် ဥပမာ-နှမ်းလုပ်ပြီး နှမ်းပုံတဲ့နေရာမှာတောင် ပိုးသတ်ဆေးကို သုံးစွဲနေတာကို တွေ့ရပါတယ်။ ဒီလိုဘာကြောင့်သုံးစွဲသလဲဆိုရင် မြန်မြန်မှည့်အောင်၊ ပိုးမစုတ်အောင်ပက်ဖျန်းကြခြင်းဖြစ်ပါတယ်။ သို့သော်လည်း အဲဒီလို ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲရင် ဓာတုဓာတ်ကြွင်းများပါဝင်မှုများတဲ့အတွက် နိုင်ငံတကာမှ မဝယ်ယူကြောင်း၊ အစားအသောက်ဘေးကင်းလုံခြုံမှုမရှိကြောင်း တောင်သူတွေကို အသိပညာပေးရမှာဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လုပ်သားရှားပါးလာတယ်။ ကျွဲ၊ နွားတွေကလည်း ရှားပါးလာတဲ့အချိန်အခါမှာ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲဖော်ဆောင်ဖို့လည်း လိုအပ်ပါတယ်။ ဒီလိုဖော်ဆောင်တဲ့နေရာမှာလည်း တောင်သူတွေအနေနဲ့ စက်ကိရိယာတွေကို ဝယ်ယူသုံးစွဲနိုင်ဖို့၊ သုံးစွဲတတ်ဖို့၊ ပြင်ဆင်ထိန်းသိမ်းတတ်ဖို့နှင့် စက်ကိရိယာတွေကို သုံးစွဲခြင်းကြောင့် ရရှိလာမည့်အကျိုးအမြတ်တွေကိုလည်း သိရှိဖို့လိုအပ်ပါတယ်။ တိုင်းပြည် စီးပွားဖွံ့ဖြိုးတိုးတက်ပြီး တောင်သူလယ်သမားတို့၏ဘဝမြင့်မားဖို့ဆိုရင် သီးနှံဈေးနှုန်းခိုင်မာဖို့ လိုအပ်ပါတယ်။ တောင်သူဘက်ကလည်း အရည်အသွေးမြင့်တဲ့သီးနှံတွေ၊ ဘောင်ဝင်တန်းဝင်တဲ့သီးနှံတွေ စိုက်ပျိုးထုတ်လုပ်နိုင်ဖို့လိုသလို နိုင်ငံတော်အစိုးရအနေနဲ့လည်း တည်ငြိမ်တဲ့ဈေးကွက်၊ အာမခံချက်ရှိတဲ့ဈေးကွက်တွေ ဖော်ဆောင်နိုင်ဖို့လိုပါတယ်။ အစိုးရနှင့်တောင်သူ၊ တောင်သူနှင့်အစိုးရ အချိတ်အဆက်မိမိ စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ဖို့ကလည်း အရေးကြီးပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့လူသားအားလုံး၏အခြေခံအကျဆုံး မရှိမဖြစ်လိုအပ်ချက်မှာ စားနပ်ရိက္ခာဖူလုံရေးဖြစ်ပါတယ်။ မြန်မာနိုင်ငံ ဆန်စပါးနှင့် ကောက်ပဲသီးနှံအမျိုးမျိုးအပါအဝင် သား၊ ငါး မျိုးစုံပိုလျှံသည့်နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါတယ်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် လူစွမ်းအား အရင်းအမြစ်နှင့် ရေမြေသယံဇာတ၊ ရာသီဥတုအခြေအနေကောင်းများကို ပိုင်ဆိုင်ထားပြီး ပိုမိုထုတ်လုပ်နိုင်စွမ်းလည်းရှိပါတယ်။ သဘာဝအရင်းအမြစ်များကို အကျိုးရှိရှိထိရောက်မှန်ကန်စွာ အသုံးချတတ်ဖို့လိုအပ်ပါတယ်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပင်မထုတ်လုပ်သူများဖြစ်သည့်တောင်သူလယ်သမားများ၏လိုအပ်ချက်များကို ဥပဒေနှင့်အညီ ဘက်စုံထောင့်စုံမှ ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးကြမှာဖြစ်ပါတယ်။ ကျေးလက်နေတောင်သူလယ်သမားများကိုဗဟိုပြု၍ ငွေကြေးအရင်းအနှီး၊ နည်းပညာရရှိရေး၊ မျိုးစေ့မြေဩဇာ၊ စက်ကိရိယာမှအစ သွင်းအားစုများအပါအဝင် တောင်သူတွက်ခြေကိုက်သောဈေးနှုန်းနှင့် ရေရှည်တည်တံ့ခိုင်မာသည့်ဈေးကွက်ရရှိရေးအထိ စနစ်တကျဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါတယ်။ သို့မှသာ တောင်သူလယ်သမားတို့၏ ကုန်ထုတ်စွမ်းအားပိုမိုမြင့်မားလာသည်နှင့်အမျှ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝစိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် တောင်သူကိုဗဟိုပြု၍ ပြည်ထောင်စုအစိုးရမှ တာဝန်ရှိဌာနအဖွဲ့အစည်းအားလုံးမှ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရန် လိုအပ်ပါသဖြင့် ကျွန်တော့်အဆိုကို ပြည်သူ့လွှတ်တော်မှတစ်ဆင့် ဆွေးနွေးပေးပါရန် တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းထွန်းတင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးပဲ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ထီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းတင်သွင်းတဲ့အဆိုကို ကျွန်တော့်အနေနဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုရှင် ဦးထွန်းထွန်းမှ ကျွန်တော်တို့နိုင်ငံအနေနဲ့ စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ စိုက်ပျိုးရေးနှင့် အသက်မွေးကြရကြောင်း ဒါကြောင့်မို့လို့ အများစုဖြစ်တဲ့ တောင်သူလယ်သမားတွေရဲ့အကျိုးစီးပွား၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့လိုအပ်ကြောင်း တင်ပြသွားတာကို တွေ့ရှိရပါတယ်။ တောင်သူလယ်သမားများရဲ့ဘဝမြင့်မားစေဖို့အတွက် သူတို့ရဲ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုးရေးလုပ်ငန်းကို အဆင့်မြှင့်တင်ပေးနိုင်မှသာ ပိုမိုအဆင်ပြေလာမှာဖြစ်တဲ့အပြင် တိုင်းပြည်အတွက်လည်း ကုန်ထုတ်စွမ်းအားများမြင့်တက်လာပြီး တိုင်းပြည်ရဲ့စီးပွားရေးတိုးတက်ဖို့ကိုလည်း တစ်ဖက်တစ်လမ်းက ကူညီပံ့ပိုးရာရောက်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တောင်သူလယ်သမား

တွေအတွက်ဆိုရင် အဆိုရှင်တင်ပြထားတဲ့ စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့် ရွေးချယ် စိုက်ပျိုးနိုင်ရေး၊ ရာသီဥတုနှင့်ကိုက်ညီတဲ့သီးနှံတွေရွေးချယ်စိုက်ပျိုးနိုင်ရေး၊ ပိုးသတ်ဆေးကို စနစ်တကျသုံးစွဲတတ်စေရေးနဲ့ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းနိုင်ရေး၊ တောင်သူလယ်သမားများရဲ့စည်းလုံးညီညွတ်မှုဖော်ဆောင်နိုင်ရေး စတဲ့အချက်တွေဟာ အင်မတန်ပဲ အရေးကြီးသောအချက်များဖြစ်ပါတယ်။ လက်ရှိပြည်ထောင်စုအစိုးရအနေနဲ့လည်း လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အဆင့်မြင့်မားစေရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်တွေထုတ်ပေးတာက အစ စိုက်ပျိုးစရိတ်ချေးငွေတွေတိုးမြှင့်ပြီး အချိန်မီထုတ်ပေးနေတာတွေကို ကျွန်တော်တို့တွေ့နေရပါတယ်။ မျိုးစပါးများကိုလည်း မျိုးကောင်းမျိုးသန့်များဖော်ထုတ်ပြီးမှ ဖြန့်ဖြူးနေတာတွေကိုလည်း ကျွန်တော်တို့တွေ့ရှိရပါတယ်။

လယ်ထွန်စက်နှင့် ရိတ်သိမ်းခြွေလှေ့စက်တွေ အစရှိတဲ့လယ်ယာသုံးစက်ပစ္စည်းတွေကိုလည်း အရစ်ကျငွေချေးစနစ်နဲ့ဆောင်ရွက်ပေးနေတာတွေဟာ တောင်သူလယ်သမားတွေရဲ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေတာတွေပဲဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းညွှန်မှုနဲ့ ဆန်စပါးအသင်းအချုပ်ရဲ့ထိန်းချုပ်မှုနဲ့ တောင်သူလယ်သမားတွေရဲ့ဆန်စပါးတွေကို အခြေခံဈေးနှုန်းကို စပါးတင်း ၁၀၀ ကို ငွေကျပ် ၅၀၀၀၀၀ နှုန်းနဲ့ ဝယ်ယူပေးနိုင်ဖို့ကလည်း ကျွန်တော်တို့ တောင်သူလယ်သမားတွေအတွက် သတင်းကောင်းတစ်ခုပဲဖြစ်ပါတယ်။ ဒါ့အပြင် လယ်ယာမြေသိမ်းဆည်းခံရမှုများနှင့်ပတ်သက်၍လည်း တောင်သူလယ်သမားများရဲ့အခွင့်အရေး မဆုံးရှုံးစေရေးအတွက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်တဲ့လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီနဲ့ ကော်မတီအဆင့်ဆင့်ကနေပြီးတော့မှ၊ မူဝါဒများ ချမှတ်ပြီးတော့ ပြန်လည်ပေးအပ်နေတာတွေကိုလည်း ကျွန်တော်တို့ တွေ့နေရပြီဖြစ်ပါတယ်။

ဒါ့အပြင် တောင်သူလယ်သမားနှင့် တိုက်ရိုက်သက်ဆိုင်နေတဲ့လယ်ယာမြေဥပဒေ၊ မြေလွတ် မြေရိုင်းဥပဒေ၊ တောင်သူလယ်သမားများရဲ့အကျိုးစီးပွားကာကွယ်ရေးနှင့် မြှင့်တင်ပေးရေးဥပဒေများကိုလည်း ခေတ်နှင့်လိုက်လျောညီထွေတဲ့ဥပဒေများဖြစ်အောင် ပြင်ဆင်ရေးဆွဲနေပြီဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ အစိုးရသစ်ရဲ့တောင်သူလယ်သမားတွေအပေါ်မှာ လူမှုစီးပွားဘဝဖွံ့ဖြိုးဖို့အတွက် ဆောင်ရွက်ချက်တွေပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း ၂၀၁၆-၂၀၁၇ ခုနှစ်မှာ နွေစပါးစိုက်ဧက ၁၇.၆၉၅ သန်း စိုက်ပျိုးနိုင်ခဲ့ပြီး စပါးတင်းပေါင်း ၁၃၂၇.၂၃ သန်းထိထုတ်လုပ်နိုင်ပြီး ပြည်ပကို ဆန် မစ်ဒရစ်တန်ချိန် ၁.၇၄၇ သန်းတင်ပို့နိုင်ခဲ့ပါတယ်။ နောက် ၂၀၁၇-၂၀၁၈ ခုနှစ်မှာတော့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ စပါးစိုက်ဧက ၁၇.၂၈၂ သန်းစိုက်ပျိုးနိုင်ပြီး စပါးတင်းပေါင်း ၁၁၀၅.၃၅၆ သန်း ထုတ်လုပ်နိုင်ပြီးတော့မှ ဆန်တင်ပို့မှုကို ၃.၅၁၈ သန်းတိုးတက်လာတာကို တွေ့ရပါတယ်။ ဒါကို ကြည့်ခြင်းအားဖြင့်လည်း ဆန်တင်ပို့မှုနှစ်ဆခန့်မြင့်မားစွာတင်ပို့နိုင်တာကို တွေ့ရှိရပါတယ်။ ဒါ့အပြင် ဝန်ကြီးဌာနအနေနဲ့ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူထုတွေ့ဆုံပွဲတွေကျင်းပပြီး စိုက်ပျိုးရေးအသိပညာပေးရေး မြှင့်တင်ပေးနေတာတွေကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ သီးနှံမျိုးစုံကိုလည်း မျိုးကောင်းမျိုးသန့်များထုတ်လုပ်ပြီး ဖြန့်ဖြူးပေးနေတာကိုလည်း ကျွန်တော်တို့

တွေ့ရပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်မှာ မျိုးစပါးသစ် ၂၅ မျိုးကို ထုတ်လုပ်နိုင်ခဲ့ပြီး မျိုးစပါးတင်းပေါင်း ၂၂ သိန်းကျော်တင်ပို့ဖြန့်ဖြူးနိုင်ခဲ့တာကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားတွေမသိမဖြစ်တဲ့ ရာသီသီးနှံအလိုက် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းတွေကို ရရှိနိုင်ဖို့အတွက် မြေရွေးချယ်မှု၊ မြေပြုပြင်မှု၊ မျိုးစေ့ရွေးချယ်မှုနဲ့ စိုက်ပျိုးချိန်မှန်ကန်မှု၊ စနစ်တကျစိုက်ပျိုးနိုင်မှု၊ သွင်းအားစုတွေကိုလည်း စနစ်တကျ အသုံးပြုနိုင်ဖို့၊ ပိုးမွှားရောဂါကာကွယ်မှုတွေကိုလည်း စနစ်တကျလုပ်ကိုင်နိုင်ဖို့၊ ရိတ်သိမ်းတဲ့နေရာမှာလည်း စနစ်တကျရိတ်သိမ်းနိုင်ဖို့အတွက် ပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်နေတာတွေကို ကျွန်တော်တို့ တွေ့ရှိနေရပါတယ်။ သီးနှံအရည်အသွေးမြှင့်နိုင်ဖို့အတွက်လည်း စနစ်တကျ ရိတ်သိမ်းခြင်း၊ အခြောက်ခံခြင်း၊ သန့်စင်သိုလှောင်ခြင်း အစရှိတဲ့နည်းပညာများကိုလည်း ပို့ချပေးနေတာတွေ့ရပါတယ်။ ဒါ့အပြင် မျိုးစေ့ထုတ်လုပ်မှုနဲ့ပတ်သက်၍ မိမိဒေသမှာ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်နိုင်ရေး၊ စီးပွားဖြစ်မျိုးစေ့မျိုးသန့်များထုတ်လုပ်နည်းများကိုလည်း လုပ်ငန်းစဉ်တစ်ဆင့်ချင်း စီအလိုက် တောင်သူများသဘောပေါက်နားလည်အောင် လက်တွေ့၊ စာတွေ့ပညာပေးနေတာတွေကို လည်း တွေ့ရပါတယ်။ ဝန်ကြီးဌာနမှာ လက်ရှိအသုံးပြုနေတဲ့နည်းစနစ်တွေဖြစ်တဲ့ မြန်မာ့ GAP စနစ်၊ SRI စပါးစိုက်ပျိုးရေးနည်းစနစ် အစရှိတဲ့နည်းစနစ်များနှင့်ပတ်သက်၍လည်း လုပ်ကိုင်ရမယ့် လုပ်ထုံးလုပ်နည်းတွေနဲ့ အကျိုးကျေးဇူးတွေကိုလည်း ရှင်းလင်းတင်ပြတာတွေ ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါ့အပြင် ပိုးသတ်ဆေးသုံးစွဲမှုနဲ့ပတ်သက်၍လည်း ပိုးသတ်ဆေးကို စနစ်တကျ အန္တရာယ်ကင်းရှင်းစွာ သုံးစွဲနိုင်ဖို့အတွက် ပိုးသတ်ဆေးရဲ့ဆိုးကျိုးတွေ၊ ပိုးသတ်ဆေး ဓာတ်ကြွင်းများလာရတဲ့အကြောင်းတွေ၊ ဝယ်ယူရာမှာ၊ ဖျော်စပ်ရာမှာ လိုက်နာမယ့်အချက်တွေ၊ ဆေးဖျန်းတဲ့နေရာမှာ လိုက်နာရမယ့်အချက်တွေ၊ ပိုးသတ်ဆေးကိုစနစ်တကျ စွန့်ပစ်ဖို့ သိုလှောင်ပုံတွေ စတာတွေနဲ့ပတ်သက်လို့လည်း ရှင်းလင်းတင်ပြထားတာတွေကိုလည်း တွေ့ရပါတယ်။ ဒါ့အပြင် ပိုးသတ်ဆေးအဆိပ်သင့်တဲ့ လက္ခဏာတွေ၊ အန္တရာယ်ကိုဖြစ်စေမဲ့ ဆိုးကျိုးတွေနဲ့ပတ်သက်လို့လည်း ပညာပေးတာတွေ တွေ့ရပါတယ်။ ယခုဆိုရင် စိုက်ပျိုးနည်းစနစ်မြင့်မားပြီးတော့မှ မျိုးကောင်းမျိုးသန့်တွေနဲ့ ပတ်သက်ပြီးတော့မှ နည်းစနစ်တစ်ခုက ဘာလဲဆိုတော့ ပျိုးသစ်နုကောက်ကွက်ကျဲစနစ်တွေကိုလည်း စမ်းသပ်စိုက်ပျိုးနေ တာတွေ့ရပါတယ်။ အရင်ကဆိုရင် တစ်ဧကကို မျိုးစပါးနှစ်တင်းလောက်အသုံးပြုရာကနေမှ ခြောက်ပြည်အထိ လျှော့ချနိုင်ခဲ့ပြီး ယခုဆိုလို့ရှိရင် ပျိုးသစ်နုကောက်ကွက်ကျဲစနစ်မှာတော့ တစ်ပင်ချင်းစိုက်ရတဲ့စနစ်ဖြစ်တာကြောင့် စပါးမျိုး နို့ဆီဗူး ၁၀ ဗူးခန့်သာကုန်ကျပြီး ပျိုးသစ်ကို အရင်က ၂၅ ရက်ကနေမှ တစ်လသားအထိ စောင့်ပြီးတော့မှ ပျိုးနုတ်ယူရတာဖြစ်ပါတယ်။ ယခုဆိုရင် ၁၀ ရက်၊ ၁၂ သားမှာ နုတ်နိုင်ပြီးတော့မှ အချိန်ကုန်သက်သာတာတွေကို ကျွန်တော်တို့ တွေ့ရှိနေရပါတယ်။ ဒီနည်းမျိုးတွေကို တောင်သူတွေလက်လှမ်းမီလာအောင် အသိပညာပေးမှု၊ လက်တွေ့ပြသမှုတွေ ဆောင်ရွက်ပေးမယ်ဆိုပါက ပျိုးခင်းအတွက်မြေနေရာ အခက်အခဲတွေ၊ ပြုစုရတဲ့အချိန်တွေ၊ ပျိုးသက်ရင့်အောင် စောင့်ထိန်းနေရတဲ့ဒုက္ခတွေ ကနေပြီးတော့မှ လျှော့ချနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အထက်က တင်ပြတဲ့အချက်တွေဟာ နိုင်ငံတော်အစိုးရအနေနဲ့ ဆောင်ရွက်နေတာတွေပဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ပညာပေးဆွေးနွေးပွဲတွေ၊ စိုက်ပျိုး

နည်းစနစ်တွေကို လက်တွေ့ပြသတာတွေ ဆောင်ရွက်နေသော်လည်း ကျေးလက်နေတောင်သူ လယ်သမားအားလုံးအတွက်ကတော့ အလှမ်းဝေးနေဆဲပဲဖြစ်ပါတယ်။ ထိရောက်မှုအားနည်းနေဆဲပဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုလို့ရှိရင် စိုက်ပျိုးရေးဌာနအနေနဲ့ ဝန်ထမ်းအင်အားနည်းပါးမှု၊ တွေ့ဆုံပွဲတွေသာ ဆောင်ရွက်ရပြီးတော့မှ သင်တန်းအနေနဲ့ ပို့ချမှုမှာတော့ အခက်အခဲအမျိုးမျိုး တွေ့ဆုံနေရဆဲပဲ ဖြစ်ပါတယ်။ ဒါတွေကိုလည်းပဲ နိုင်ငံတော်အစိုးရအနေနဲ့ အကုန်အကျခံပြီး သင်တန်းပို့ချမှုတွေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးမယ်ဆိုပါက ပိုမိုကောင်းမွန်လာမှာဖြစ်ပါတယ်။ အဲဒီလိုစိုက်ပျိုးနည်းစနစ်ကောင်းတွေ၊ မျိုးကောင်းမျိုးသန့်တွေ ပေါ်ပေါက်လာမှုကြောင့် စပါးအထွက်နှုန်းများ မြင့်တက်လာပြီး တောင်ယာခုတ်ထွင်မှုများလည်း လျော့ကျလာတာကိုတွေ့ရပါတယ်။ ဒါ့ကြောင့်မို့လို့ တောင်ယာစနစ်အများဆုံးအသုံးပြုနေတဲ့ တိုင်းရင်းသားဒေသတွေမှာ အမြဲတမ်းလယ်ယာများ ဖော်ထုတ်ပေးပြီး နိုင်ငံတော်မှ နည်းပညာ၊ မျိုးစေ့အထောက်အကူပြုပစ္စည်းတွေ ထောက်ပံ့ပေးနိုင်မည်ဆိုပါက တောင်ယာခုတ်ထွင်မှုများကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ယခုဝန်ကြီးဌာနအနေနဲ့ လူထုတွေ့ဆုံပွဲတွေ၊ အသိပညာပေးမှုတွေ ဆောင်ရွက်နေသော်လည်းပဲ ကျေးလက်နေ ပြည်သူများအားလုံးကို လွှမ်းခြုံမှုမှာတော့ အင်မတန်အားနည်းနေသေးတာကို တွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ယခုမြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေးနဲ့ တောင်သူလယ်သမားတွေရဲ့ လူမှုစီးပွားဘဝမြင့်မားလာစေရေးအတွက် မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်က တင်သွင်းတဲ့ ဦးထွန်းထွန်းရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံလိုက်ရပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ (ခ) နည်းဥပဒေခွဲငယ် ၃ အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါ့မယ်။ ဦးထွန်းထွန်းတင်သွင်းသွားတဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဦးထွန်းထွန်း၊ ပွင့်ဖြူမဲဆန္ဒနယ်က တင်သွင်းသော တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တောင်သူလယ်သမားများ၏ဘဝ မြင့်မားတိုးတက်စေရေးနှင့် စိုက်ပျိုးရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံအဝန်း စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ၊ နှီးနှောဖလှယ်ပွဲများ ကျင်းပပြုလုပ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးထွန်းထွန်း၊ ပွင့်ဖြူမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ ယင်းအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ၂၄-၅-၂၀၁၈ ရက်(ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်က စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)ကို ၉-၂-၂၀၁၈ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ် ပါတယ်။

**ဒေါ်မာမာခိုင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များနှင့် ဧည့်သည်တော်အပေါင်းရှင်။ ကျွန်မကတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် သထုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာခိုင် ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့ တာဝန်ပေးအပ်ချက်အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁ / ၂၀၁၈ -၂၂၉

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ် ၊ မေ လ ၁၈ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၉-၂-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၈ - ၀၉၉

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)ကို အမျိုးသားလွှတ်တော်၌ ၂၃-၁၁-၂၀၁၇ ရက်နေ့မှာ စတင်တင်သွင်းပြီး ၉-၂-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါတယ်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ၃၀-၃-၂၀၁၂ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၀/၂၀၁၂)ဖြင့် ပြဋ္ဌာန်းခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို စီမံခန့်ခွဲရသည့်အတွက် ယင်းဥပဒေ၏အားနည်းချက်အပေါ်သုံးသပ်၍ ခေတ်နှင့်လျော်ညီစေရန် ပြင်ဆင်လိုသည့်အတွက်လည်းကောင်း၊ ပြဋ္ဌာန်းပြီး မူရင်းဥပဒေနှင့် နည်းဥပဒေတို့သည် ကိုက်ညီမှုမရှိသည်ကို တွေ့ရှိရ၍ ယနေ့ခေတ်ကာလနှင့်ကိုက်ညီသည့် ဥပဒေကောင်းတစ်ရပ်ဖြစ်စေရန်အတွက်လည်းကောင်း ရည်ရွယ်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)ကို ပြင်ဆင်ရေးဆွဲတင်ပြခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါတယ်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၁-၄-၂၀၁၈ ရက်နှင့် ၁၂-၅-၂၀၁၈ ရက်တို့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်လေ့လာခဲ့ပါတယ်။ စိစစ်လေ့လာတွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး သိရှိစေရန်အတွက် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

၄။ သို့ဖြစ်ပါ၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁ / ၂၀၁၈ -၂၂၉

ရက် စွဲ ၊ ၂ ၀ ၁ ၈ ခု နှစ် ၊ မေ လ ၁၈ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီရဲ့ လေ့လာတွေ့ရှိချက်အစီရင်ခံစာတင်ပြခြင်း**

ရည် ညွှန်း ချက်။ အမျိုးသားလွှတ်တော်၏ ၉-၂-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၈ - ၀၉၉

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)ကို အမျိုးသားလွှတ်တော်၌ ၂၃-၁၁-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၉-၂-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ၃၀-၃-၂၀၁၂ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၀/၂၀၁၂) ဖြင့် ပြဋ္ဌာန်းခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို စီမံခန့်ခွဲရသည့်အတွက် ယင်းဥပဒေ၏ အားနည်းချက်များအပေါ် သုံးသပ်၍ ခေတ်နှင့်လျော်ညီစေရန် ပြင်ဆင်လိုအတွက်လည်းကောင်း၊ ပြဋ္ဌာန်းပြီး မူရင်းဥပဒေနှင့် နည်းဥပဒေတို့သည် ကိုက်ညီမှုမရှိသည်ကိုတွေ့ရှိရ၍ ယနေ့ ခေတ်ကာလနှင့်ကိုက်ညီသည့် ဥပဒေကောင်းတစ်ရပ် ဖြစ်စေရန်အတွက်လည်းကောင်း ရည်ရွယ်၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)ပြင်ဆင်ရေးဆွဲ တင်ပြခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁-၄-၂၀၁၈ ရက် နှင့် ၁၂-၅-၂၀၁၈ ရက်တို့တွင် ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း

ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့် အညီ စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ပြင်ဆင်သည့်ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၁၀) ပိုဒ်ပါရှိပါသည်။

( ခ) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက်အချက် (၂၈)ချက်ကို သဘောတူလက်ခံပါသည်။

( ဂ) ဥပဒေခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၈ ခုနှစ်)**

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    ။)**

**၁၃၈၀ ပြည့်နှစ်၊    လ    ရက်**

**(၂၀၁၈ ခုနှစ်၊    လ    ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

(ဃ) အပိုဒ် ၁ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁။ ဤဥပဒေကို မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ဟု ခေါ်တွင်စေရမည်။

( င) အပိုဒ် ၄ တွင် ပုဒ်မ ၂ ပုဒ်မခွဲ(ဃ) ရှိ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ဆိုသည့် စကားရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဟု ပြင်ဆင်ပါသည်။

( စ) အပိုဒ် ၅ ရှိ ပုဒ်မ ၂ ပုဒ်မခွဲ(င)ကို မူလဥပဒေပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(ဆ) အပိုဒ် ၆ ကို အပိုဒ် ၅ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၂ ပုဒ်မခွဲ(စ)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(စ) မြေရိုင်းဆိုသည်မှာ သစ်ပင်၊ ဝါးပင် သို့မဟုတ် ခြုံနွယ်များပေါက်ရောက်လျက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပထဝီမြေအနေအထားအရ မြေမျက်နှာပြင်ညီညာမှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါမျှ လုပ်ကိုင်အသုံးပြုခဲ့ခြင်းမရှိသော မြေသစ်ဖြစ်သည့် မြေရိုင်းနှင့် တောရိုင်းမြေများကိုဆိုသည်။ ယင်းစကားရပ်တွင် ဤဥပဒေအရ ဆောင်ရွက်ရန်အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် လက်ရှိလုပ်ကိုင်အသုံးပြုခြင်းမရှိသော ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်း ပါဝင်သည်။

မူကြမ်း

( ဇ) အပိုဒ် ၇ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၇။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအခန်း(၂) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

**အခန်း(၂)**

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းများ**

(ဈ) အပိုဒ် ၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၈။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုး တက်ရေးနှင့်ဒေသခံများ၊ မြေယာမဲ့ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေး တို့အတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို အသုံးပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာအသုံးချ စီမံဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းများမှ သင့်လျော်သည့် ပုဂ္ဂိုလ်များနှင့် ပြင်ပမှ သင့်လျော်သည့်ပုဂ္ဂိုလ်များက အဖွဲ့ဝင်အဖြစ် လည်းကောင်း ပါဝင်သော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲ ရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ည) အပိုဒ် ၉ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၉။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃ ၏ နောက်တွင် ပုဒ်မ ၃-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၃-က။ ဗဟိုကော်မတီသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စု နယ်မြေ စီမံခန့်ခွဲရေး ကော်မတီများကို ဖွဲ့စည်းပေးရမည်။ ထိုသို့ ဖွဲ့စည်းရာတွင် ဒေသခံတိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အရပ်ဖက်ဆိုင်ရာအဖွဲ့အစည်း

ကိုယ်စားလှယ်များ၊ သင့်လျော်သည့်ပညာရှင်များ ထည့်သွင်းဖွဲ့စည်းပေးရမည်။

( ခ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းထားသော စီမံခန့်ခွဲရေးကော်မတီများကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

( ၡ) အပိုဒ် ၁၀ ရှိ ပုဒ်မ ၅ ပုဒ်မခွဲ(ခ) နှင့်(ဃ)တို့ကို မူလပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

( ဌ) အပိုဒ် ၁၂ ကို အပိုဒ် ၁၁ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပုဒ်မ ၅ ပုဒ်မခွဲ(စ) ရှိ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ဆိုသည့်စကားရပ်ကို အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း နှင့်ဟု ပြင်ဆင်ပါသည်။

( ဍ) အပိုဒ် ၁၆ ကို အပိုဒ် ၁၅ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၅။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၈ ကို အောက်ပါ အတိုင်း အစားထိုးရမည် -

၈။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့် သို့မဟုတ် အသုံးပြုခွင့် လျှောက်ထားသည့် လုပ်ငန်းများကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

( ဎ) အပိုဒ် ၁၇ ခြေဆင်းကို အပိုဒ် ၁၆ အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၆။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၈ ၏ နောက်တွင် ပုဒ်မ ၈-က နှင့် ပုဒ်မ ၈- ခ တို့အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

(ဏ) အပိုဒ် ၁၆ ရှိ ပုဒ်မ ၈-က ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၈-က။(ဂ) ဗဟိုကော်မတီသည် စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

(တ) အပိုဒ် ၁၆ တွင် ပုဒ်မ ၈-ခ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၈-ခ။ ပုဒ်မ ၈ နှင့် ပုဒ်မ ၈-က ပုဒ်မခွဲ(ဂ) အရ ဗဟိုကော်မတီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

(ထ) အပိုဒ် ၁၉ ကို အပိုဒ် ၁၈ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်တွင် ပုဒ်မ ၁၀ ခြေဆင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့်ဆက်နွယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ အတွက် ဆိုသည့်စကားရပ်ကို အောက်ပါလုပ်ငန်းများအတွက်ဟုလည်းကောင်း၊ ပုဒ်မခွဲ(က)ရှိ အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါက ဆိုသည့်စကားရပ်ကို အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍ ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(ဒ) အပိုဒ် ၂၀ ခေါင်းစဉ်ကို အပိုဒ် ၁၉ ခေါင်းစဉ် အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၉။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၁၀ ၏ နောက်တွင် ပုဒ်မ ၁၀-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဒ) အပိုဒ် ၂၀ ကို အပိုဒ် ၁၉ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၁၀-က ပုဒ်မခွဲ(က)ကို အောက်ပါတိုင်း ပြင်ဆင်ပါသည်-

(က) စိုက်ပျိုးရေး လုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီသီးနှံတို့အတွက် ဧက ၃၀၀ အထိ ခွင့်ပြုနိုင်သည်။ ခွင့်ပြုထားပြီးသည့် ဧက ၇၅ ရာခိုင်နှုန်းကို အပြည့်အဝလုပ်ကိုင် ဆောင်ရွက်ပြီးဖြစ်ပါက ထပ်မံ၍ တစ်ကြိမ်လျှင် ဧက ၃၀၀ ထက်မပိုစေဘဲ စုစုပေါင်း ဧက ၃၀၀၀အထိ အကြိမ်ကြိမ် ခွင့်ပြုနိုင်သည်။

( န) အမျိုးသားလွှတ်တော်၏ အတည်ပြုချက် ပုဒ်မ ၁၀-ခ ကို ပယ်ဖျက်ပါသည်။

( ပ) အပိုဒ် ၂၁ ကို အပိုဒ် ၂၀ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ် ခေါင်းစဉ်နှင့် ပုဒ်မ ၁၁ ခေါင်းစဉ်တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၀။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၁၁ ခေါင်းစဉ်၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)နှင့် ပုဒ်မခွဲ(ခ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၁၁။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို အောက်ပါ လုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ အချိန်ကာလနှင့်စပ်လျဉ်း၍ -

( ဖ) အပိုဒ် ၂၂ ကို အပိုဒ် ၂၁ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၁၁-က ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင် -

(၁) နှစ်ရှည်ပင်နှင့် ဥယျာဉ်ခြံသီးနှံဖြစ်လျှင် စတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ နှစ်ပေါင်း ၃၀ ထက် မပိုစေဘဲခွင့်ပြုနိုင်သည်။

( ဗ) အပိုဒ် ၂၂ အဖြစ်အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၂၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ(ခ) တွင်ပါရှိသော လုပ်ပိုင်ခွင့်ရမြေ ဆိုသည့်စကားရပ်ကို ခွင့်ပြုထားသည့်မြေ ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဘ) အပိုဒ် ၂၃ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၃။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၁၇ ကို အောက်ပါ အတိုင်း အစားထိုးရမည်-

၁၇။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ တင်ပြလာသည့်ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီကို တာဝန်ပေးအပ်၍လည်းကောင်း၊ သီးခြားအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်စေနိုင်သည်။

( မ) အပိုဒ် ၂၄ တွင် ပုဒ်မ ၂၂ ပုဒ်မခွဲ(က) ခြေဆင်းရှိ ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် ဆိုသည့်စကားရပ်ကို ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများသည် ဟု ပြင်ဆင်ပါသည်။

(ယ) အပိုဒ် ၂၄ တွင် ပုဒ်မ ၂၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၄) ရှိ မူလခွင့်ပြု ကာလအတွင်း ဆိုသည့် စကားရပ်ကို ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ) အရ ခွင့်ပြု ကာလအတွင်း ဟု ပြင်ဆင်ပါသည်။

( ရ) အပိုဒ် ၂၄ ရှိ ပုဒ်မ ၂၂ ပုဒ်မခွဲ(ခ) ခြေဆင်းနှင့် ပုဒ်မခွဲငယ်(၁) ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) ဗဟိုကော်မတီ၏ ခွင့်ပြုမိန့်မရရှိဘဲ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို ရယူလုပ်ကိုင် အသုံးပြုလျက်ရှိသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည်-

(၁) မိမိရယူလုပ်ကိုင် အသုံးပြုလျက်ရှိသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း ဧရိယာနှင့် ၎င်းတို့နှင့်စပ်လျဉ်းသော အသေးစိတ်အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိရန် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၈ ခုနှစ်) ပြဋ္ဌာန်းသည့် နေ့မှစ၍ ခြောက်လအတွင်း သတ်မှတ်ချက်နှင့်အညီ ဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသို့ လျှောက်ထားရမည်။

(လ) အပိုဒ် ၂၄ ရှိ ပုဒ်မ ၂၂ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၃)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ခ) (၃) ပုဒ်မခွဲငယ်(၁) ပါအတိုင်း သတ်မှတ်ကာလအတွင်း လျှောက်ထားခြင်း မရှိဘဲ အဆိုပါ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများအပေါ်တွင် ဆက်လက်၍ ရယူလုပ်ကိုင် အသုံးပြုလျှင်သော်လည်းကောင်း၊ ယင်းသို့လျှောက်ထားသည့် အခါဗဟိုကော်မတီ သို့မဟုတ် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီက ခွင့်မပြုသင့်သဖြင့် အဆိုပါမြေလွတ်၊ မြေလပ်နှင့်မြေရိုင်းပေါ်မှ ထွက်ခွာ ဖယ်ရှားစေရန် ညွှန်ကြားသည့်အမိန့်ကိုမလိုက်နာဘဲ ဆက်လက်ရယူ အသုံးပြုလျှင်သော်လည်းကောင်း ဤဥပဒေအရ အရေးယူခြင်းခံရမည်။

(ဝ) အပိုဒ် ၂၇ ရှိ ပုဒ်မ ၂၇ ပုဒ်မခွဲ(ဂ) ကို ပယ်ဖျက်ပါသည်။

(သ) အပိုဒ် ၂၈ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၂၈။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၂၇ ၏ နောက်တွင် ပုဒ်မ ၂၇-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၂၇-က။ ဗဟိုကော်မတီ၏ ခွင့်ပြုမိန့်မရရှိဘဲ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ရယူအသုံးပြုလျှက်ရှိသူ မည်သူမဆို ပုဒ်မ ၂၂ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ် (၃) ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဟ) အပိုဒ် ၂၉ ကို အပိုဒ် ၃၀ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပုဒ်မ ၂၉-က ခေါင်းစဉ်ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၂၉-က။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူ မည်သူမဆို -

၄။ သို့ဖြစ်ပါ၍ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြ အပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၅-၅-၂၀၁၈ ရက်(သောကြာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါ တယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်စာ စားသုံးရန်အတွက် အစည်းအဝေးကို ခေတ္တရပ်နားပါမယ်။ နေ့လယ် ၁၂း၃၀ နာရီအချိန်တွင် အစည်းအဝေးပြန်လည် စတင်မှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၄၅ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်။ ၁၂း၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ဦးဘရှိန်၊ ကျောက်ဖြူမဲဆန္ဒနယ်က မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဘရှိန်၊ ကျောက်ဖြူမဲဆန္ဒနယ်က ဥပဒေကြမ်းတစ်ခု ပေးပို့ထားပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဦးဘရှိန်အား ဖိတ်ခေါ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေပုဒ်မ ၃၇ ပုဒ်မခွဲ(ခ)ကို ပယ်ဖျက်ပေးရန်အတွက် လွှတ်တော်သို့ ဥပဒေကြမ်း တင်သွင်းမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီဥပဒေမှာ အခန်း(၉)ခန်း၊ ပုဒ်မပေါင်း ၇၀ ပါရှိပါတယ်။ အဲဒီပုဒ်မတွေအနက်က ပုဒ်မ ၃၇ ပုဒ်မခွဲ(ခ)ကို ပယ်ဖျက် ပေးနိုင်ရန်အတွက် ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းရခြင်းဖြစ်ပါတယ်။ တင်သွင်းရခြင်း အကြောင်းအရာတွေ အများကြီးရှိတဲ့အနက်က အဓိကအချက်ကတော့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ သိရှိကြတဲ့အတိုင်း။ တရားရုံးတွေရဲ့စီရင်ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်တွေကို တိုင်ကြားစာတွေရတဲ့အခါ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က စုံစမ်းစစ်ဆေးမှုများ မပြုလုပ်နိုင်ရန်အတွက် ဥပဒေပုဒ်မ ၃၇ က ကန့်သတ်ထားပါတယ်။ ဥပဒေပြဋ္ဌာန်းချက်ကတော့ ပုဒ်မ ၃၇။ ကော်မရှင်သည် အောက်ပါအကြောင်းအရာတစ်ရပ်ရပ်နှင့်ငြိစွန်းသော တိုင်တန်းချက်တစ်ရပ်ကို စုံစမ်းစစ်ဆေးခြင်း မပြုလုပ်ရ။ (က) တရားရုံးတစ်ခုခု၏ရှေ့မှောက်၌ စစ်ဆေးကြားနာနေဆဲအမှုများ နှင့် တရားရုံးတစ်ခုခု၏စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများ၊ (ခ) တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသောအမှုများဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်ကတော့ တရားရုံးတွေရဲ့ဆောင်ရွက်ချက်လုပ်ငန်းစဉ်တွေကို ကော်မရှင်က ဝင်ရောက်စွက်ဖက်ခြင်းမပြုစေလိုတဲ့အတွက် ပြဋ္ဌာန်းချက်ဖြစ်တဲ့အတွက်ကြောင့် တရားမျှတတဲ့ ပြဋ္ဌာန်းချက်တစ်ခုအဖြစ်နဲ့ လက်ခံနိုင်ပါတယ်။ ပုဒ်မခွဲ(ခ)ကတော့ တရားရုံးတစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးဖြစ်တဲ့အမှုတွေနဲ့ပတ်သက်ပါတယ်။ ဒီလိုအပြီးသတ်စီရင်ဆုံးဖြတ်ပြီးတဲ့အမှုတွေကို

တိုင်ကြားရင် ကော်မရှင်က စုံစမ်းစစ်ဆေးပိုင်ခွင့်မရှိလို့ ကန့်သတ်ထားတာဟာ တရားမျှတမှုမရှိပါဘူး။ ကော်မရှင်ဥပဒေရဲ့ရည်ရွယ်ချက်နဲ့လည်း ဆန့်ကျင်နေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)မှာ နိုင်ငံသားများရဲ့မူလအခွင့်အရေးနှင့် တာဝန်များကို ပြဋ္ဌာန်းထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈) ပြဋ္ဌာန်းချက်ပါ နိုင်ငံသားများ၏မူလအခွင့်အရေးများကို နစ်နာစေတဲ့တရားရုံးတွေရဲ့ဆုံးဖြတ်ချက်တွေဟာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ အများကြီးရှိနေပါတယ်။ တရားရုံးအဆင့်ဆင့်ရဲ့ဆုံးဖြတ်ချက်တွေနဲ့ပတ်သက်ပြီး မကျေနပ်မှုတွေ၊ မကျေချမ်းဖြစ်မှုတွေ အာဏာပိုင်အဖွဲ့အစည်းအသီးသီးထံတိုင်ကြားမှုတွေ အများကြီးရှိနေတယ်ဆိုတာ ကျွန်တော်တို့အမြဲကြားသိနေရပါတယ်။ ကော်မရှင်အနေနဲ့ နိုင်ငံသားများရဲ့မူလအခွင့်အရေးတွေကို ထိခိုက်အောင်ပြုလုပ်ထားတဲ့ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများရဲ့လုပ်ဆောင်ချက်တွေ၊ ဆုံးဖြတ်ချက်တွေနဲ့ပတ်သက်ပြီး တိုင်ကြားချက်တွေရတဲ့အခါ လက်ခံစစ်ဆေးပိုင်ခွင့်ရှိဖို့လိုအပ်ပါတယ်။ ပုဒ်မခွဲ(ခ)မှာပါတဲ့ ကန့်သတ်ထားတဲ့ပြဋ္ဌာန်းချက်များအရ ဆိုလို့ရှိရင် တရားရုံးတစ်ခုခုက အပြီးသတ်ဆုံးဖြတ်မှုတွေဟာ နိုင်ငံသားများရဲ့မူလအခွင့်အရေးတွေကို ဘယ်လောက်ပဲ ချိုးဖောက်၊ ချိုးဖောက် ဆုံးဖြတ်ချက်တွေ ဖြစ်နေလို့ရှိရင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေနဲ့ အဲဒီတိုင်ကြားချက်မျိုးကို လက်ခံရတဲ့အခါ စစ်ဆေးပိုင်ခွင့်မရှိပါဘူး။ နိုင်ငံသားများရဲ့မူလအခွင့်အရေးများကို ဘယ်သူကချိုးဖောက်၊ ချိုးဖောက်။ ဘယ်အဖွဲ့အစည်းက ချိုးဖောက်၊ ချိုးဖောက်။ ချိုးဖောက်တယ်လို့ တိုင်တန်းချက်ရတဲ့အခါ ကော်မရှင်အနေနဲ့ စုံစမ်းစစ်ဆေးနိုင်တဲ့ အခွင့်အရေးတွေရရှိဖို့ လိုပါတယ်။ ဒီလိုအခွင့်အရေးရှိမှသာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)ပါ နိုင်ငံသားများရဲ့မူလအခွင့်အရေးတွေကို ကာကွယ်ပေးနိုင်မှာဖြစ်သလို ကော်မရှင်ဥပဒေရည်ရွယ်ချက်ဖြစ်တဲ့ အခန်း(၂) ပုဒ်မ ၃ မှာပါတဲ့ ပြဋ္ဌာန်းချက်တွေကို အကောင်အထည်ဖော်ပေးနိုင်မှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်အချုပ်အခြာအာဏာ၏ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာများကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းဖြင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းပြုသည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် နိုင်ငံသားများရဲ့မူလအခွင့်အရေးမဆုံးရှုံးစေရန်အလို့ငှာ အထက်ဖော်ပြပါ ဥပဒေပုဒ်မ ၃၇ ပုဒ်မခွဲ(ခ)ကို ပယ်ဖျက်ပေးရန် လိုအပ်ပါတယ်။ တရားစီရင်ရေးမဏ္ဍိုင်မှာ တာဝန်ယူနေရတဲ့ပုဂ္ဂိုလ်တွေကတော့ တရားရုံးတစ်ခုခုရဲ့ဆုံးဖြတ်ချက်ကို မကျေနပ်ရင် စာချွန်တော်များ တင်သွင်းခွင့်ရှိတယ်လို့ ပြောကောင်းပြောကြပါလိမ့်မယ်။

တရားလွှတ်တော်ချုပ်က လက်ခံကျင့်သုံးတဲ့ စာချွန်တော်တင်သွင်းတဲ့ နည်းလမ်းတွေကလည်း ကျွန်တော်တို့လွှတ်တော်က ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်တွေနဲ့ကွဲလွဲနေတာ တွေ့ရပါတယ်။ ၂၀၁၄ ခုနှစ်၊ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေမှာ စာချွန်တော်ငါးမျိုးဖော်ပြထားပါတယ်။ အဲဒီဥပဒေငါးမျိုးထဲက တားမြစ်စေစာချွန်တော်အမိန့်နှင့် အမှုခေါ်စာချွန်တော်အမိန့်တွေက တရားရုံးတွေရဲ့ဆုံးဖြတ်ချက်တွေနဲ့တိုက်ရိုက်သက်ဆိုင်နေပါတယ်။ ဒီစာချွန်တော်အမိန့်နှစ်ခုလုံးအတွက် ပြဋ္ဌာန်းထားတာက တရားရုံးတစ်ရုံးရုံး သို့မဟုတ် တရားစီရင်မှုသဘောသက်ဝင်တဲ့ကိစ္စတစ်ရပ်ရပ်၏ ဆောင်ရွက်မှု၊ ဆုံးဖြတ်ဆောင်ရွက်ချက်အပေါ် စာချွန်တော်အမိန့်လျှောက်ထားနိုင်တယ်လို့ဖော်ပြထားပါတယ်။ လက်ရှိကာလမှာ တရားလွှတ်တော်ချုပ်က ဘယ်အမှုမဆို နောက်ဆုံးစီရင်

ပိုင်ခွင့်ရှိတဲ့ တရားရုံးအထိ အယူခံ၊ ပြင်ဆင်တက်ရောက်ပြီးမှသာ စာချွန်တော်တင်သွင်းခွင့်ရှိပါတယ်။ ဒါဟာ ဥပဒေပြဋ္ဌာန်းချက်နှင့်ဆန့်ကျင်နေပါတယ်။ ဆင်းရဲလို့ အယူခံပြင်ဆင်မှုမတင်နိုင်တဲ့လူတွေ အများကြီးရှိပါတယ်။ ဒီလူတွေအတွက် စာချွန်တော်လျှောက်ခွင့်မရကြပါဘူး။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တရားရုံးတစ်ခုခုရဲ့ဆုံးဖြတ်ချက်ကို စာချွန်တော်တင်သွင်းတယ်ဆိုတာကလည်း အထူးအဆန်းမဟုတ်ပါဘူး။ မိမိစီရင်ဆုံးဖြတ်ပြီးဖြစ်တဲ့အမှုကို မိမိတို့ကိုယ်တိုင်စာချွန်တော်အနေနဲ့ တင်သွင်းတာကို လက်ခံစစ်ဆေးတာဖြစ်ပါတယ်။ အဲဒီတော့ မိမိတို့ဆုံးဖြတ်ပြီးခဲ့တဲ့အမိန့်ကို ပြောင်းလဲပြင်ဆင်ဆုံးဖြတ်ဖို့ဆိုတာ လွယ်လှတဲ့အလုပ်တော့ မဟုတ်ပါဘူး။ တရားသူကြီးရဲ့ဆုံးဖြတ်လိုက်တဲ့အမှုတွေက ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈) နိုင်ငံသားများ၏ မူလအခွင့်အရေးတွေကို ချိုးဖောက်ရာရောက်တဲ့ဆုံးဖြတ်ချက်ဖြစ်နေလို့ရှိရင် အဲဒီလို လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို ကာကွယ်ပေးဖို့လိုအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)မှာ ပြဋ္ဌာန်းထားတဲ့အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးမဏ္ဍိုင်သုံးရပ်ဟာ အာဏာကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲရမှာဖြစ်သလို အပြန်အလှန်ထိန်းကျောင်းရမှာလည်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့နိုင်ငံမှာဖြစ်ပေါ်နေတဲ့ တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်မှန်ကန်ရေးအတွက် ကျန်တဲ့ အဖွဲ့အစည်းတွေက အပြန်အလှန်ထိန်းကျောင်းခွင့်ရရှိဖို့လိုပါတယ်။ ဒါမှ တရားမျှတတဲ့ ဒီမိုကရေစီနိုင်ငံဖြစ်လာပါမယ်။ ကော်မရှင်ဥပဒေပုဒ်မ ၃၇ ပုဒ်မခွဲ(ခ)ကို ပယ်ဖျက်ခြင်းမပြုဘဲ ဒီအတိုင်းထားလို့ရှိရင် အပြန်အလှန်ထိန်းကျောင်းခွင့်မရှိတဲ့ ပြဋ္ဌာန်းချက်တွေဖြစ်တဲ့အတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)ကို ဆန့်ကျင်ရာရောက်နေပါတယ်။ ဒီနေရာမှာ လွှတ်တော်ကို တစ်ခုတင်ပြလိုတာရှိပါတယ်။ ဒါကတော့ အစိုးရသစ်လက်ထက် ၂၀၁၆ ခုနှစ်မှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ပြည်ထောင်စုလွှတ်တော်ကို အစီရင်ခံစာတစ်ရပ်တင်သွင်းခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်လည်း ဆွေးနွေးခဲ့ပါတယ်။ ပုဒ်မ ၃၇ ပုဒ်မခွဲ(ခ)ကို ပယ်ဖျက်ဖို့ ဖြစ်ပါတယ်။ ကော်မရှင်က ဥပဒေပြဋ္ဌာန်းတယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်ရဲ့အလုပ်လို့ ပြန်ဖြေခဲ့ပါတယ်။ အဲဒီနေ့လွှတ်တော်အပြီးမှာပဲ ကျွန်တော်တို့ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အခုနိုင်ငံတော်သမ္မတကြီးက ကျွန်တော်တို့ ဥပဒေပြင်ဆင်ဖို့ အကြံပြုခဲ့ပါတယ်။ ကျွန်တော်ကလည်း ကြိုးစားပါမယ်လို့ စကားရှိခဲ့ပါတယ်။ ၃၀-၃-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်မှာ နိုင်ငံတော်သမ္မတကြီး ဦးဝင်းမြင့်က တရားစီရင်ရေးကို တည့်မတ်ရပါလိမ့်မယ်လို့ပြောခဲ့ပါတယ်။ ဒါ့အပြင် တရားစီရင်ရေးမဏ္ဍိုင် တိမ်းစောင်းနေမှုကို ပြန်လည်တည့်မတ်ပေးနိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို တိုက်တွန်းကြောင်း ဝေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုကို ကျွန်တော်တို့လွှတ်တော်မှာ ကိုယ်စားလှယ် ၂၅ ဦး ထောက်ခံဆွေးနွေး ဒီလွှတ်တော်က အတည်ပြုထားပါတယ်။ ဒါတွေဟာ ဒီဥပဒေကြမ်းပြင်ဆင်ဖို့အတွက် ကျွန်တော့်ကို အင်အားဖြစ်စေပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၃၇ ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)ပါပြဋ္ဌာန်းချက်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)ပါ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေ

ရဲ့ရည်ရွယ်ချက်များနှင့် ဆန့်ကျင်နေတဲ့အတွက်ကြောင့် ဒီဥပဒေကြမ်းကို လက်ခံဆွေးနွေးနိုင်ရန် အတွက် လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဘရှိန် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်ဇံ(ပေါက်တောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံးကို လေးစားစွာဂါရဝပြုပါတယ်။ ကျွန်တော့်အနေနဲ့ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်လို့ ထောက်ခံ တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဦးဘရှိန်အနေနဲ့မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၃၇ ပါ ပုဒ်မခွဲ နှစ်ခုအနက် ပုဒ်မခွဲ(ခ)ကို ပယ်ဖျက်ပေးဖို့ တင်ပြထားတာဖြစ်ပါတယ်။ ဦးဘရှိန်ရဲ့ တင်ပြ ချက်တွေထဲမှာ တရားရုံးရဲ့စီရင်ဆုံးဖြတ်ဆောင်ရွက်ချက်တွေကို ကော်မရှင်က စုံစမ်းစစ်ဆေးမှုတွေ မပြုလုပ်နိုင်အောင်လို့ ပုဒ်မခွဲ(ခ)က ပိတ်ပင်ထားတဲ့အတွက်ကြောင့်။ ဒါ့အပြင် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)မှာ ပြဋ္ဌာန်းထားတဲ့ နိုင်ငံသား၊ နိုင်ငံသားများရဲ့မူလအခွင့်အရေးနှင့် တာဝန်များဆိုတဲ့အခန်းမှာ နိုင်ငံသားတိုင်း ရသင့်ရထိုက်တဲ့အခွင့်အရေးများကို ဆုံးရှုံးနစ်နာစေတဲ့ တရားရုံးဆုံးဖြတ်ချက်တွေရှိခဲ့ရင် အများအပြားရှိနိုင်တဲ့အတွက်ကြောင့် အဲဒီလိုရှိခဲ့ရင် တရားရုံးတွေရဲ့ လုပ်ဆောင်ချက်ကို ပြန်ပြင်ဖို့က ခက်ခဲလှတဲ့အတွက်ကြောင့်၊ အဲဒီလိုပြန်မပြင်နိုင်ဘူးဆိုရင် နိုင်ငံသား များ၏မူလအခွင့်အရေးများ မဆုံးရှုံးမနစ်နာရလေအောင် ကာကွယ်ပေးရမှာဖြစ်ကြောင်း တင်ပြထား တာ တွေ့ရပါတယ်။ ဒီအချက်တွေဟာ လက်တွေ့ဖြစ်ပေါ်နေတဲ့အခြေအနေတွေနဲ့ ကိုက်ညီနေတဲ့ အတွက် ကျွန်တော် အလေးအနက်ထောက်ခံပါတယ်။ ဒီနေရာမှာ ကျွန်တော် ထောက်ခံတင်ပြရတဲ့ ရည်ရွယ်ချက်ကို အနည်းငယ်တင်ပြလိုပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ မှာ အာဏာသုံးရပ်ကို အပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုသည်လို့ ဆိုထားပါတယ်။ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်တွေကို အပြန်အလှန် ထိန်းကျောင်းဖို့က ဒီလောက်မခက်ခဲပါဘူး။ လက်တွေ့လည်း လုပ်ကိုင်နေကြတာ တွေ့ရပါတယ်။ ဒါပေမဲ့ တရားရေးမဏ္ဍိုင်ကို တခြားမဏ္ဍိုင်နှစ်ခုက ထိန်းကျောင်းဖို့ ဆိုတာကတော့ မလွယ်လှပါဘူး။ မတော်ရင် Content of Court လို့ခေါ်တဲ့ တရားရုံးကိုမထေမဲ့မြင် ပြုမှုနဲ့ ငြိသွားနိုင်ပါတယ်။ ဒါဆိုရင် ဘယ်လိုထိန်းမလဲ။ ဥပဒေပြုပြီးထိန်းရမှာဖြစ်ပါတယ်။ ဆိုလိုတာ ကတော့ ဥပဒေပြုပြီးထိန်းမှ တရားနည်းလမ်းကျမယ်လို့မြင်တဲ့အတွက် ကျွန်တော်ဒီလို ဆွေးနွေး တင်ပြရခြင်းဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတဲ့အခါကျတော့ တရားရုံးတွေရဲ့အပြီးသတ်ဆုံးဖြတ် ချက်ချပြီးတဲ့နောက်မှာ ထိခိုက်နစ်နာသူတွေအဖို့ ဘယ်လိုမှကုစားလို့မရနိုင်တဲ့ လမ်းအဆုံးကို ရောက်သွားတဲ့အခြေအနေတွေ အားမတန်လို့မာန်လျှော့လိုက်ရတဲ့အခြေအနေတွေ အများကြီးရှိ ပါတယ်။ ဒီနေရာမှာ အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်ပေးစေလိုမှု၊ အမှုခေါ်စာချွန်တော်တွေနဲ့ တင်ပြလို့မရဘူးလားလို့ စောဒက တက်စရာရှိပါတယ်။ ဒါပေမဲ့ ဒါတွေအားလုံးဟာ မူလရုံးရဲ့ ဆက်စပ်တဲ့ရုံးတွေကို ပြန်လည်လာတာဖြစ်တဲ့အတွက် သိပ်မထူးခြားလှပါဘူး။ လက်တွေ့မှာလည်း ပြင်ဆင်ဖို့ဆိုတာ အခွင့်အလမ်းအင်မတန်နည်းပါတယ်။ လူတိုင်းဟာ တရားဥပဒေရှေ့မှောက်မှာ

သာတူညီမျှဖြစ်ရပါမယ်။ ဒါဟာနိုင်ငံသားများရဲ့ အခြေခံအခွင့်အရေးလည်းဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ဒီလိုပြင်ဆင်ဆောင်ရွက်ဖို့ကြိုးစားခဲ့ရင် တရားရေးမဏ္ဍိုင်ကို အုပ်ချုပ်ရေးမဏ္ဍိုင်က ဝင်ရောက်စွက်ဖက်တယ်။ တရားရုံးကိုမထီမဲ့မြင်ပြုတယ်ဆိုတဲ့ ရာဇဝတ်မကင်းတဲ့စွပ်စွဲချက် တွေရှိနေတော့ မလုပ်ရဲမကိုင်ရဲဖြစ်ကြပါတယ်။ ဒါဟာ တရားရုံးကို တစ်ဖက်ပိတ်လမ်းသို့ ပို့ဆောင်ပေးတာပဲဖြစ်တယ်။ တစ်နည်းအားဖြင့် တရားရုံးကို တစ်ချက်လွတ်အာဏာပေးလိုက်သလို ဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီစံနှုန်းနှင့်မညီတဲ့လုပ်ရပ် ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ မှာ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြား သုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ ပြုသည်ဆိုတဲ့နေရာမှာ တတ်နိုင်သမျှပိုင်းခြားဆိုတဲ့စကားရပ်ကို အလေးအနက်ထားစဉ်းစားဖို့လိုပါတယ်။ တတ်နိုင်သမျှပိုင်းခြားဆိုတာဟာ လုံးဝပိုင်းခြားခြင်းပြုရမယ်လို့ ဆိုလိုတာမဟုတ်ပါဘူး။ မတတ်နိုင်သည့်အခြေအနေမျိုးဆိုလျှင် မပိုင်းမခြားဘဲကျင့်သုံးနိုင်တယ်ဆိုတဲ့သဘောမျိုးဖြစ်ပါတယ်။ ဒီနေရာမှာ ထွေးရောယှက်တင်သုံးစွဲဖို့မဟုတ်ဘဲ တစ်ကန့်စီတစ်ကန့်စီထား၍ သုံးစွဲခြင်းကိုဆိုလိုပါတယ်။ လုံးဝပိုင်းခြားသုံးစွဲခြင်းပြုရမယ်ဆိုတဲ့သဘောမျိုးကောက်ယူခဲ့ရင် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့ဘောင်ကိုကျော်လွန်ရာရောက်ပါတယ်။ အဲဒါကြောင့် ကော်မရှင်ဥပဒေ ပုဒ်မ ၃၇ ပုဒ်မခွဲ(ခ)ပါ တရားရုံး၏ အပြီးသတ်အစီရင်ခံ ဆုံးဖြတ်ပြီးသားအမှုနှင့်ပတ်သက်၍ တိုင်ကြားချက်ရရှိခဲ့ရင် စုံစမ်းစစ်ဆေးပေးဖို့ကိုတော့ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်သို့ လုပ်ပိုင်ခွင့်အပ်နှင်းသင့်တယ်လို့ တင်ပြလိုပါတယ်။ ဒါမှသာလျှင် အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားရေးမဏ္ဍိုင်တို့ အပြန်အလှန်ထိန်းကျောင်းခြင်း(Check and Balance)လုပ်ရာကြပါတယ်။

ဒါဟာ တစ်ဖွဲ့ကိုတစ်ဖွဲ့ဝင်ရောက်စွက်ဖက်တာမဟုတ်ပါဘူး။ ဆုံးဖြတ်ပြီးသားအချက်များကို တခြားတစ်ဖက်ကစစ်ဆေး၍ ထိန်းညှိခြင်းသာဖြစ်ပါတယ်။ Check ဆိုတဲ့စကားလုံးကို Learner Dictionary ထဲမှာ The Act or The Process of Looking Act Assembly Something to find out information for to see if there are mistake လို့ ဆိုပါတယ်။ အဓိပ္ပာယ်ကတော့ အမှားအယွင်းရှိ/မရှိစစ်ဆေးခြင်းနှင့် ကြည့်ရှုလေ့လာခြင်းဖြစ်ပါတယ်။ ဒါဟာဝင်ရောက်စွက်ဖက်တာမဟုတ်ပါဘူး။ ကော်မရှင်အနေနဲ့ တိုင်ကြားချက်ရရှိလို့ စုံစမ်းစစ်ဆေးတဲ့နေရာမှာလည်းပဲ လူ့အခွင့်အရေး ချိုးဖောက်တာနဲ့ပတ်သက်တဲ့အမှုများကိုသာ ကျွန်တော် ထပ်ပြောပါမယ်။ လူ့အခွင့်အရေးနှင့်ပတ်သက်တဲ့ အမှုများကိုသာ စုံစမ်းစစ်ဆေးမှာဖြစ်ပါတယ်။ တခြားအမှုများကို စုံစမ်းစစ်ဆေးဖို့မဟုတ်ပါဘူး။ ဒါသည်ပင်လျှင် တရားရေးမဏ္ဍိုင်ကို ဝင်ရောက်စွက်ဖက်ခြင်းမဟုတ်။ ထိန်းကျောင်းခြင်းသာဖြစ်တယ်ဆိုတဲ့အဓိပ္ပာယ် ဖြစ်ပါတယ်။ နောက်တစ်ချက် တင်ပြလိုပါတယ်။ ဦးဘရှိန် ပယ်ဖျက်လိုတဲ့ ပုဒ်မ ၃၇ ထဲမှာကိုက ရှေ့နောက်မညီတဲ့အချက်တွေ တွေ့ရပါတယ်။ ဒီပုဒ်မရဲ့ ခြေဆင်းထဲမှာ ကော်မရှင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းသောတိုင်တန်းချက်များကို စုံစမ်း စစ်ဆေးခြင်းမပြုလုပ်ရဆိုတဲ့စာပိုဒ်နောက်မှာ ပုဒ်မခွဲ(က)က တရားရုံးတစ်ခုခု၏ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများနှင့် တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု၊ ပြင်ဆင်မှု၊ ဝင်ရောက်ဆဲ အမှုများ

တွင်လည်းပဲ ဒီသဘောကို တွေ့ရပါတယ်။ ဆိုလိုတာကတော့ အမှုကိုစစ်ဆေးနေဆဲကာလမှာ မစုံစမ်းမစစ်ဆေးရ။ အယူခံနေစဉ်ကာလမှာလည်း မစုံစမ်းမစစ်ဆေးရ။ ပြင်ဆင်မှုဝင်ရောက်ဆဲကာလမှာလည်း မစုံစမ်းမစစ်ဆေးရလို့ဆိုတဲ့ သဘောဖြစ်ပါတယ်။ ဟုတ်ပြီ။ ဒါဆိုရင် အမှုကိုအပြီးအပြတ်စစ်ဆေးပြီးရင်ကော စုံစမ်းစစ်ဆေးခွင့်ပေးပါ့မလားလို့ စဉ်းစားစရာဖြစ်ပါတယ်။ ဒီနေရာမှာ တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ချက်ဆုံးဖြတ်ပြီးသော အမှုများကိုလည်း မစုံစမ်းမစစ်ဆေးရလို့ဆိုထားပြန်တဲ့အခါကျတော့ ကျွန်တော် ဒီဟာမဟုတ်ရင် ဟိုဟာလိုဆိုတာမျိုး မဖြစ်ဘူးဖြစ်နေပါတယ်။ ဥပဒေပညာဟာ သိပ္ပံပညာဆန်ပါတယ်။ ရှေ့နောက်ညီညွတ်ဖို့လိုပါတယ်။ နောက်တစ်ချက်တင်ပြလိုတာရှိပါတယ်။ ဒါကတော့ ပြည်သူ့ဝန်ထမ်းများ ကျင့်သုံးတဲ့ကိစ္စဖြစ်ပါတယ်။ ပြည်သူ့ဝန်ထမ်းများ စုံစမ်းစစ်ဆေးမှုအက်ဥပဒေ (Public Service Enquiry Act) ထဲမှာ အလားတူ ကိစ္စရပ်တစ်ခုတွေ့ရပါတယ်။ အဲဒါက ရာဇဝတ်မှု၊ ပြစ်မှုတစ်ခုခုနဲ့ တရားစွဲဆိုခြင်းခံရလို့ တရားရုံးက ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါကလည်း ဌာနဆိုင်ရာအဖွဲ့အနေနဲ့ PE၊ DE ပြုလုပ်ပြီးတော့မှ အရေးယူအပြစ်ပေးနိုင်တယ်ဆိုတဲ့အချက်ဖြစ်ပါတယ်။

ဒီအမှုနှင့် တရားရုံးကပြစ်ဒဏ်စီရင်ပြီးသည့်တိုင် ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှုပြုလုပ်ရပါတယ်။ အဲဒီမှာ တရားရုံးရဲ့အပြီးသတ်ဆုံးဖြတ်ချက်သည် ဌာနဆိုင်ရာစုံစမ်းစစ်ဆေးမှုကို မပိတ်ပင်နိုင်ကြောင်း တွေ့ရပါတယ်။ ဒါဟာလည်း အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားရေးမဏ္ဍိုင်တို့ ကိုယ့်အပိုင်းနှင့်ကိုယ်ကျင့်သုံးခြင်း ဖြစ်ပါတယ်။ ထွေးရောယှက်တင်ကျင့်သုံးခြင်းမဟုတ်ပါဘူး။ တရားရေးအမှုပြီးသည့်တိုင် ဌာနဆိုင်ရာစုံစမ်းစစ်ဆေးခြင်းပြုလုပ်ရပါတယ်။ ဒါဟာ နှစ်ပေါင်းများစွာကျင့်သုံးလာတဲ့ Preceding ဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ကတော့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားရေးမဏ္ဍိုင်တို့အာဏာကို တတ်နိုင်သမျှပိုင်ခြားနိုင်ရန်အလို့ငှာ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဥပဒေပုဒ်မ ၃၇ ပုဒ်မခွဲ(ခ)ကို ပယ်ဖျက်ပေးရေးကိစ္စ လွှတ်တော်ကိုယ်စားလှယ်များ၊ NGO များ၊ INGO များနှင့် ပညာရှင်များ ပါဝင်ဆွေးနွေးအကြံပြုနိုင်အောင် ဦးဘရှိန်ရဲ့ဥပဒေပြင်ဆင်ချက်အဆိုကို လွှတ်တော်မှ လက်ခံကြားနာဆွေးနွေးသင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဘရှိန်တင်သွင်းသွားတဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရဲ့ သဘောထားပြောပါ။

**ဦးစိုးဘုန်းမြတ်(အဖွဲ့ဝင်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးစိုးဘုန်းမြတ်ဖြစ်ပါတယ်။ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်တင်သွင်းတဲ့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းအရ ကော်မရှင်ဥပဒေ ပုဒ်မ ၃၇ ပုဒ်မခွဲ(ခ)ပါ ကော်မရှင်ကစုံစမ်းစစ်ဆေးခြင်းမပြုရန် တားမြစ်ချက်မှာပါတဲ့ တရားရုံးတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသော အမှုဆိုသောပြဋ္ဌာန်းချက်ကို ပယ်ဖျက်ခြင်းဖြင့် ကော်မရှင်ဥပဒေကိုပြင်ဆင်လိုခြင်းနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကိုယ်စား တင်ပြလိုပါတယ်။

နိုင်ငံတော်ရဲ့တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုက အပြီးသတ်စီရင်ဆုံးဖြတ်ပြီးတဲ့အမှုများကို ကော်မရှင်က စုံစမ်းစစ်ဆေးမယ်ဆိုရင် အချက်နှစ်ချက်နှင့် ငြိစွန်းနိုင်ပါကြောင်း တင်ပြလိုပါတယ်။ ပထမအချက်က နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းဖြစ်ပါတယ်။ ဒုတိယအချက်က အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ ကုလသမဂ္ဂက ချမှတ်ထားတဲ့ အခြေခံမူများ Principle relating to the Status of National institution for the promotion and protection of human rights ဆိုတဲ့ ပါရီအခြေခံမူများနှင့် ကွဲလွဲမှုရှိခြင်းဖြစ်ပါတယ်။ ပထမအချက်နှင့်ပတ်သက်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း(၁) အခြေခံမူများ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြား သုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်ဆိုတဲ့ ပြဋ္ဌာန်းချက်ပြဋ္ဌာန်းထား ပါတယ်။ ဒီပြဋ္ဌာန်းချက်ရဲ့ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်အရ အချုပ်အခြာအာဏာသုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေးအာဏာကို ကိုင်တွယ်ကျင့်သုံးတဲ့ ပြည်ထောင်စုလွှတ်တော်၊ အုပ်ချုပ်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးတဲ့ ပြည်ထောင်စုအစိုးရအဖွဲ့၊ တရားစီရင်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးတဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ကသာလျှင် ဒီ The State higher organ သုံးခုကသာလျှင် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းပြုရပါ့မယ်လို့ အနက်အဓိပ္ပာယ်ဖွင့်ဆိုလို့ရပါတယ်။ ဒီ့အပြင် ပုဒ်မ ၁၈ ပုဒ်မခွဲ(ခ)မှာ ပြည်ထောင်စုတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တစ်ရပ်ထား ရှိသည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတော်၏ အမြင့်ဆုံးတရားရုံးဖြစ်သည် စသဖြင့် ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် တရားစီရင်ရေးအာဏာကို ကိုင်တွယ်ကျင့်သုံးရာမှာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ဟာ နိုင်ငံတော်၏အမြင့်မားဆုံး အဖွဲ့အစည်းဖြစ်သလို ပြည်ထောင်စုတရား လွှတ်တော်ချုပ်နှင့် တရားရုံးအဆင့်တို့ဟာလည်းပဲ ဥပဒေ ကြောင်းအရ စည်းနှောင်မှုရှိတဲ့ဆုံးဖြတ်ချက် ချပိုင်ခွင့်ရှိသကဲ့သို့ ပြစ်ဒဏ်ကိုလည်းပဲ ဥပဒေနှင့်အညီ ချမှတ်ပိုင်ခွင့်ရှိတဲ့ အဖွဲ့အစည်းများဖြစ်ပါ တယ်။ တစ်နည်းအားဖြင့် Binding Force ရှိတဲ့ Decision ကို Order Judgement တွေကို ချပိုင်ခွင့်ရှိတဲ့ အဖွဲ့အစည်းများဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ အထက်ပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ခြင်းဖြစ်တယ်လို့ လေးစားစွာတင်ပြရခြင်းဖြစ်ပါတယ်။ ဒုတိယအချက်နှင့်ပတ်သက်ပြီး ပါရီအခြေခံမူအရ အမျိုးသားလွှတ်တော်၊ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်တို့ရဲ့ သဘောသဘာဝဟာ နိုင်ငံတော်က ဥပဒေတစ်ရပ်ပြဋ္ဌာန်း၍ ဖွဲ့စည်းပေးပြီး နိုင်ငံတော် ၏ဘဏ္ဍာငွေပံ့ပိုးမှုဖြင့် လွတ်လပ်စွာဆောင်ရွက်ရတဲ့ နိုင်ငံတော်အဖွဲ့အစည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အပါအဝင် နိုင်ငံများမှာရှိတဲ့ အမျိုးသားလူ့အခွင့်အရေးအဖွဲ့ အစည်းတွေဟာ ပါရီအခြေခံမူများနှင့် အတတ်နိုင်ဆုံး လိုက်လျောညီထွေစွာ ဖွဲ့စည်းတည်ထောင်ကြရ ပါတယ်။ အဲဒီအခြေခံမူများအရ ကော်မရှင်ဟာ ဥပဒေကြောင်းအရ စည်းနှောင်မှုရှိတဲ့ဆုံးဖြတ်ချက် ချပိုင်ခွင့်မရှိသလို ပြစ်ဒဏ်ကိုလည်း ချမှတ်ပိုင်ခွင့်မရှိပါဘူး။ ကော်မရှင်ဟာ မိမိစုံစမ်းစစ်ဆေးချက်ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းကိုသာလျှင် အကြံပြုတိုက်တွန်းချက် Recommendation ကိုသာလျှင် ပေးပိုင်ခွင့်ရှိတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ ဒါတွေကြောင့်မို့လို့ ပါရီအခြေခံမူများနှင့် ကွဲလွဲမှုရှိခြင်းလို့ ဒီအချက်နှစ်ချက်ကို လေးစားစွာတင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ ဦးဘရှိန်တင်သွင်းသွားတဲ့ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ သဘောထားပြောပါ။

**ဦးမြသိမ်း(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီး ဦးမြသိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် တင်သွင်းတဲ့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ကိုယ်စား ရှင်းလင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေဟာ ပြည်ထောင်စုတရား လွှတ်တော်ချုပ်က စီမံခန့်ခွဲတဲ့ဥပဒေမဟုတ်ပါဘူး။ သို့သော် ပြည်သူ့လွှတ်တော်ရဲ့ ဖိတ်ကြားချက်အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ လာရောက်ပြီးဆွေးနွေးတင်ပြရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်တင်သွင်းတဲ့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃၇ ပုဒ်မခွဲ(ခ)ကို ပယ်ဖျက်ဖို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၃၇ ကို အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါတယ်။ ပုဒ်မ ၃၇။ ကော်မရှင်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့် ငြိစွန်းသော တိုင်တန်းချက်ကို စုံစမ်းစစ်ဆေးခြင်းမပြုလုပ်ရ။ (က) တရားရုံးတစ်ခုခု၏ရှေ့၌ စစ်ဆေးကြားနာခြင်းအမှုများနှင့် တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုများ၊ ဝင်ရောက်ဆဲအမှုများ၊ (ခ) တရားရုံးတစ်ခုခုက အပြီးသတ်စီရင် ဆုံးဖြတ်ပြီးသောအမှုများ။ အဆိုပါဥပဒေပုဒ်မ ၃၇ ပုဒ်မခွဲ(ခ)ကို ပယ်ဖျက်တဲ့ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးက တင်သွင်းရခြင်းဟာ တရားရုံးတစ်ခုခုက အပြီးသတ် ဆုံးဖြတ်ပြီးတဲ့အမှုများနှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ တင်ပြခွင့်ရရှိစေရန်ရည်ရွယ်ခြင်းဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) အခြေခံမူများ။ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်အချုပ်အခြာအာဏာ၏ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့ပြုတယ်လို့ ပြဋ္ဌာန်းထားပါတယ်။ ယင်းအခြေခံဥပဒေနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈ ပုဒ်မခွဲ(က)အရ နိုင်ငံတော်ရဲ့တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု၊ တရားရုံးများအပါအဝင် အဆင့်ဆင့်သောတရားရုံးများအား ခွဲဝေအပ်နှင်းပြီး ပုဒ်မခွဲ(ခ)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို နိုင်ငံတော်ရဲ့ အမြင့်ဆုံးတရားရုံးအဖြစ် သတ်မှတ်ထားတာကို တွေ့ရပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အပါအဝင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က

ဖွဲ့စည်းတည်ထောင်တဲ့ တရားရုံးအဆင့်ဆင့်က တရားစီရင်ရေးအာဏာကို ကျင့်သုံးရာမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၉ ပါ အောက်ဖော်ပြပါတရားစီရင်ရေးဆိုင်ရာအခြေခံမူများကို ကျင့်သုံးရပါတယ်။ (က) ဥပဒေနဲ့အညီလုပ်သော တရားစီရင်ရေး၊ (ခ) ဥပဒေအရ ကန့်သတ်ချက်မှအပ ပြည်သူ့ ရှေ့မှောက်တွင် တရားစီရင်ရေး၊ (ဂ) အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရှိရေး။

ဒါ့အပြင် ပြည်ထောင်စုတရားစီရင်ရေးဥပဒေအခန်း(၂) ပုဒ်မ ၃ မှာလည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၁၉ ပါ တရားစီရင်ရေးအခြေခံမူများအပါအဝင် တရားစီရင်ရေးဆိုင်ရာ လိုက်နာရမယ့် အခြေခံမူ ပုဒ်မခွဲ(က)မှ (ဆ)ထိ ပြဋ္ဌာန်းထားပါတယ်။ ယင်းအခြေခံမူများကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်အပါအဝင် တရားရုံးအဆင့်ဆင့်က လိုက်နာကျင့်သုံးရပါတယ်။ ပြည်ထောင်စု တရားစီရင်ရေးဥပဒေ တရားရုံးက လိုက်နာကျင့်သုံးနေဆဲဖြစ်တဲ့ တည်ဆဲကျင့်ထုံးဆိုင်ရာ ဥပဒေများ အရ အယူခံစီရင်ပိုင်ခွင့်၊ ပြင်ဆင်မှုနှင့် ဆောင်ရွက်ခွင့်၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်ကို ပြည်ထောင်စုတရားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်နှင့် ခရိုင်တရားရုံး အဆင့်ဆင့်ကို အပ်နှင်းထားသလို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ထိ အဆင့်ဆင့်သော အဆင့်ဆင့် အယူခံခွင့် ပြင်ဆင်မှုဖွင့်လှစ် ဆောင်ရွက်ခွင့်ရှိပြီးဖြစ်ပါတယ်။ ထို့အပြင် ပြည်ထောင်စုတရား လွှတ်တော်ချုပ်က အပြီးသတ်ချမှတ်သောစီရင်ချက် (Degreed) သို့မဟုတ် အမိန့်အပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အထူးအယူခံ ဝင်ခွင့်ရရန် လျှောက်ထားနိုင်ပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကလည်း ပြည်ထောင်စု တရားလွှတ်တော်ချုပ်က အပြီးသတ်စီရင်ထားတဲ့ မည်သည့်အမှုကိုမဆို အများပြည်သူ အကျိုးငှာအရေးယူလောက်သော ပြဿနာပေါ်ပေါက်သည်ဟု ထင်မြင်ယူဆလို့ရှိရင် ထိုပြဿနာကို အထူးအယူခံခုံရုံး၊ စုံညီခုံရုံးနှင့်ပြန်လည် စစ်ဆေးအစီရင်ခံခွင့်ကို ပြည်ထောင်စုတရားစီရင်ရေး ဥပဒေမှာပြဋ္ဌာန်းထားပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈ ပုဒ်မခွဲ(ဂ)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တွင် စာချွန်တော်အမိန့်များ ထုတ်ဆိုရန်သာရှိကြောင်းပြဋ္ဌာန်းထားပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၉၆ ပုဒ်မခွဲ(က)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ စာချွန်တော်အမိန့် ငါးမျိုးထုတ်ပိုင်ခွင့် အာဏာရှိပါတယ်။ ပုဒ်မ ၂၉၆ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၅)အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က မိမိလက်အောက်ခံတရားရုံးအပေါ် ကြီးကြပ်ကွပ်ကဲမှုအာဏာဖြင့် အမှုခေါ် စာချွန်တော်အမိန့် ထုတ်ဆင့်ကြီးကြပ်ကွပ်ကဲလေ့ရှိပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း(၁) အခြေခံ မူများ၊ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)ပါ နိုင်ငံတော်အချုပ်အခြာအာဏာ၏ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှခွဲဝေပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းမှုကိုပြုတယ်ဆိုတဲ့ အခြေခံမူအရလည်းကောင်း၊ တရားရုံးအဆင့်ဆင့်ကို ဥပဒေအရအပ်နှင်းထားတဲ့ အယူခံခွင့်၊ ပြင်ဆင်မှုဖွင့်လှစ်ဆောင်ရွက်ခွင့်နှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမှုခေါ်စာချွန်တော်အမိန့်ထုတ်ဆင့်၊ လက်အောက်ခံတရားရုံးများကို ကြီးကြပ်ကွပ်ကဲခွင့် အာဏာကျင့်သုံးခွင့်ရသလို ဥပဒေနှင့်အညီ အဆင့်ဆင့်သောတရားရုံးများကို ကြီးကြပ် ကွပ်ကဲခွင့်ရှိပြီးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်တင်သွင်းတဲ့ မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ပုဒ်မ ၃၇ ပုဒ်မခွဲ(ခ)ကို ပယ်ဖျက်လိုက်ပါက တရားရုံးတစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသောအမှုများကို မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်က စုံစမ်းစစ်ဆေးခွင့်ရှိလာမှာဖြစ်ပါတယ်။ ယင်းသို့ တရားရုံးတစ်ခုခုက အပြီးသတ်ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က စုံစမ်းစစ်ဆေးခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) အခြေခံမူများ။ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)ပါ နိုင်ငံတော်အချုပ်အခြာ အာဏာ၏ခက်သုံးဖြာဖြစ်သည့် ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းကိုပြုသည်ဆိုတဲ့ အခြေခံမူနှင့်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ(က)မှာ ပြဋ္ဌာန်းထားတဲ့ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးအခြေခံမူနှင့်လည်းကောင်း ဆန့်ကျင်ရာရောက်၊ မရောက်စဉ်းစားသင့်ပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်းနှင့် လက်ခံဆွေးနွေးရန်မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးဘရှိန် တင်သွင်းသွားတဲ့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လက်ခံဆွေးနွေးရန် သင့်/မသင့်ဆုံးဖြတ်နိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ထောက်ခံမဲများလျှင် ဥပဒေကြမ်းကို လွှတ်တော်ကလက်ခံဆွေးနွေးရန် ဆုံးဖြတ်မှာဖြစ်ပါတယ်။ ကန့်ကွက်မဲများလျှင် ဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန်မရှိကြောင်း ဆုံးဖြတ်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲ ၃၈ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၃၂၈ မဲနှင့် ကြားနေဆန္ဒမဲ ၅ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဦးဘရှိန် တင်သွင်းတဲ့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန်မရှိကြောင်း ကြေညာပါတယ်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသည့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကတင်သွင်းသော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၃)ရက်မြောက်နေ့ (၂၇-၂-၂၀၁၈ ရက်နေ့)တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၅-၃-၂၀၁၈ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန် တောင်းခံခဲ့ရာ ကိုယ်စားလှယ်ရှစ်ဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်အလိုက် အတည်ပြုနိုင်ရန် ဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းများပြုလုပ်ပြီး လွှတ်တော်ရဲ့ ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်(၁၃)ချက်ကို တင်သွင်းဖို့ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကိုဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီရဲ့ အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။

ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၂၃)ရက်မြောက်နေ့ ဖြစ်တဲ့ ၂၇-၂-၂၀၁၈ ရက်(အင်္ဂါနေ့)တွင် လွှတ်တော်သို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ စိစစ်လေ့လာ တွေ့ရှိချက်အစီရင်ခံစာကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၅-၃-၂၀၁၈ ရက်(တနင်္လာနေ့ )နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ပြင်ဆင်ချက်အဆိုကို လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးမှ ပြင်ဆင်ချက်အဆိုများကို တင်သွင်းလာခြင်းဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ လွှတ်တော်ကိုယ်စားလှယ်ရှစ်ဦးမှာ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၊ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၊ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၊ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း နှင့် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦးတို့မှ ပြင်ဆင်ချက်အဆိုများကို တင်သွင်းလာခြင်းဖြစ်ပါတယ်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၂-၃-၂၀၁၈ ရက်(တနင်္လာနေ့)နှင့် ၁၅-၃-၂၀၁၈ ရက်(ကြာသပတေးနေ့)နှင့် ၂၀-၃-၂၀၁၈ ရက်(အင်္ဂါနေ့) တို့တွင် ညှိနှိုင်းအစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ကြပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေးများ၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် (၁၃)ချက်ဖြစ်ပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ဇယားကို Slide တွင်ဖော်ပြထားသလို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထံလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၁၃)ချက်ကို လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက်ကို သဘောတူညီပါကြောင်း တင်ပြ အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်(၁၃)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၁၃)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ် များက ပြင်ဆင်ချက်နှစ်ချက်ကို တင်သွင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ ယင်းပြင်ဆင်ချက်နှင့် စပ်လျဉ်းပြီး ယခုစတင်ဆောင်ရွက်ပါမယ်။ မူလဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက် အဆိုတင်သွင်းဖို့ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးကို ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ မူရင်းဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဃ)နှင့်ပတ်သက်လို့ ကျွန်တော်ပြင်ဆင်ချက်အဆို တင်သွင်းမှာဖြစ်ပါတယ်။ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)ဟာ တောင်သူလယ်သမားဆိုသည်မှာဆိုတဲ့ အနက်အဓိပ္ပာယ်ပဲဖြစ်ပါတယ်။ တောင်သူလယ်သမားဆိုသည်မှာဆိုတဲ့အောက်မှာ ကျွန်တော်တို့ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)မှာ ပုဒ်မခွဲငယ် ၁ နှင့် ၂ နဲ့ပတ်သက်ပြီးတော့ ကျွန်တော် ပြင်ဆင်ချက်သွင်းတာပဲဖြစ်ပါတယ်။ အဲဒီမှာ တောင်သူ လယ်သမားဆိုသည်မှာဆိုတဲ့အောက်မှာ မြေကိုအသုံးပြု၍သော်လည်းကောင်း၊ အခြားနည်းကို အသုံးပြု၍သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းနှစ်ရပ်စလုံးကို မိမိ၏အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် မိမိကိုယ်တိုင်လုပ်ကိုင်သူ ဆိုပြီးတော့ ကျွန်တော်တို့ ရေးဆွဲပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။ အဲဒီတော့ ဒီမှာက ပြဋ္ဌာန်းထားတဲ့ နေရာမှာ စိုက်ပျိုးရေးလုပ်ငန်းမပါဘဲနဲ့ မွေးမြူရေးလုပ်ငန်းသက်သက်ကို လုပ်ကိုင်တဲ့သူကိုလည်း ကျွန်တော်တို့ တောင်သူလယ်သမားလို့ ဆိုရမယ်ဆိုတဲ့ အနက်အဓိပ္ပာယ်သက်ရောက်တာ ဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ လက်မခံနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ တောင်သူလယ်သမား ဆိုတာ ကျွန်တော်တို့ကိုယ်တိုင်သည်ပင်လျှင် ကျေးလက်မှဖွားပြီးတော့ လယ်ယာမြေကိုအဓိကထားပြီး ကျွန်တော်တို့ ကျွဲ၊ နွားနဲ့အတူရုန်းတဲ့ လယ်သမားကြီးတွေရဲ့သားသမီးဖြစ်ပါတယ်။ အခြားမွေးမြူရေး လုပ်ငန်းကိုက တွဲဖက်လုပ်ကိုင်တာပဲရှိပါတယ်။ ငါးကန်တွေမွေးမယ်။ ငါးတွေမွေးမယ်။ ဆိတ်မွေးမယ်။ ဒါ မွေးမြူရေးသမားလို့ ကျွန်တော်တို့ နဂိုကတည်းကခေါ်ပါတယ်။ လယ်သမားစစ်စစ်သည် တောင်သူလယ်လုပ် ခါးမခုတ်ဆိုတဲ့အတိုင်းပဲ မွေးကတည်းကိုက သူတို့သားစဉ်မြေးဆက် ဘိုးစဉ်ဘောင်ဆက်ကတည်းက ဒီလယ်ယာမြေပေါ်မှာအခြေခံပြီးတော့ သီးနှံစိုက်ပျိုးပြီးတော့ ကျွန်တော်တို့မိသားစုရဲ့ အဓိကစီးပွားရေးလုပ်ငန်းကို လုပ်ခဲ့ကြတဲ့သူတွေပါ။ ဒါကြောင့်မို့လည်းပဲ ကျွန်တော်တို့ အဘိဓာန်တွေကိုကြည့်တဲ့အခါမှာ ဘာသွားတွေ့ရလဲဆိုတော့ လယ်သမားဆိုတာ Till

man ထွန်ယက်ပြီးတော့ လုပ်ကိုင်ခဲ့တဲ့လူကို ခေါ်ပါတယ်။ Till the dead ဒီလုပ်ငန်းနဲ့သေတဲ့အထိ ထွန်ယက်စိုက်ပျိုးပြီးတော့ သေသွားတဲ့အထိ လုပ်တဲ့သူကို လယ်သမားလို့ခေါ်ပါတယ်ဆိုပြီးတော့ ကျွန်တော်တို့ အင်္ဂလိပ်အဘိဓာန်မှာလည်းတွေ့ပါတယ်။ မြန်မာအဘိဓာန်မှာလည်းတွေ့ပါတယ်။ သို့သော်လည်းပဲ အခုဒီမှာက မွေးမြူရေးလုပ်ငန်းသက်သက်လုပ်တဲ့လူကို လယ်သမားလို့ပြောတဲ့ အခါကျတော့ ရိုးရိုးလယ်သမားကြီးတွေနဲ့အတူ ဒီမွေးမြူရေးသမားကို လယ်သမားနဲ့သွားပေါင်းပြီး တော့ သွားထည့်ထားတာကို ကျွန်တော်တို့ သွားတွေ့ရတာဖြစ်ပါတယ်။ အဲဒီတော့ ဒါဟာဘာလဲဆိုတော့ ကျွန်တော်တို့ သားစဉ်မြေးဆက်လုပ်ခဲ့တဲ့နေရာမှာ တောင်သူလယ်သမားဆိုတာ တောင်သူဆိုတာ တောတောင်ထဲမှာနေကြတယ်။ ကွင်းထဲမှာနေကြတယ်။ နေတော့ ဒါ လယ်ယာလုပ်ငန်းကို လုပ်ခဲ့တဲ့ လူဆိုတာ ဒီ Definition ဟာ ဒါ လူတိုင်းလူတိုင်းသိဖို့လိုပါတယ်။ သို့သော်လည်းပဲ မွေးမြူရေးလုပ်ငန်း ဆိုတာက မြေကိုတော့အသုံးပြုတယ်။ ဘာအသုံးပြုတယ်။ သူမွေးမြူရေးတစ်ခုတည်းကို လုပ်တာပါ။ စိုက်ပျိုးရေးလုပ်ငန်းမပါဘူး။ မပါတဲ့အတွက် ကျွန်တော်ကတော့ ပြင်ဆင်ချင်တာက မြေကိုအသုံးပြု၍ သော်လည်းကောင်း၊ မြေကိုအသုံးပြု၍ မွေးမြူရေးလုပ်ငန်းကိုသော်လည်းကောင်း၊ စိုက်ပျိုးရေး လုပ်ငန်းကိုသော်လည်းကောင်း၊ မွေးမြူရေးနှင့်စိုက်ပျိုးရေးလုပ်ငန်းကို တွဲဖက်၍သော်လည်းကောင်း ဒါမှမဟုတ်လို့ရှိရင် မွေးမြူရေးလုပ်ငန်းသက်သက်ကို သူက တစ်နိုင်တစ်ပိုင်လုပ်တဲ့သူလို့ ကျွန်တော် ပြင်ချင်ပါတယ်။ ဘာကြောင့် ဒီလိုပြင်ချင်သလဲဆိုတဲ့အခါကျတော့ စိုက်ပျိုးရေးလုပ်ငန်းကို သီးခြားလုပ်တဲ့သူ တောင်သူလယ်သမား၊ စိုက်ပျိုးရေးနဲ့အတူ သူမွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် လုပ်တဲ့သူကို တောင်သူလယ်သမား၊ တချို့ကျတော့ လယ်ယာလုပ်သားတွေရှိပါတယ်။ လယ်ယာ လုပ်သားတွေဟာ သူတို့မှာလယ်ယာမရှိတဲ့အခါကျတော့ သူတို့တစ်နိုင်တစ်ပိုင် သူများဆီမှာ အခစား စိုက်ပျိုးရေးသွားလုပ်တယ်။ လုပ်ပြီးလို့ရှိလို့ရှိရင် ကျန်တဲ့အချိန်မှာ ဝက်လေးမွေး၊ ဆိတ်လေးမွေး၊ နွားလေးမွေးနဲ့ တစ်ပိုင်တစ်နိုင်လုပ်ငန်းကိုလုပ်တယ်။ သူတို့က လယ်ယာလုပ်ငန်းကနေပြီးတော့ ကြီးပြင်းလာတဲ့လူတွေဖြစ်တဲ့အတွက် ဒါကိုကျွန်တော်က လယ်သမားလို့ ကျွန်တော်ခေါ်ခြင်းပဲဖြစ်ပါ တယ်။

ကျွန်တော်တို့ တကယ့်တောင်သူလယ်သမားတွေဟာ ဒါ အများပြောနေကြပါတယ်။ ၇၀ ရာခိုင်နှုန်းသော လယ်သမားတွေရဲ့ဘဝကို ကျွန်တော်တို့မြှင့်တင်ချင်လို့ ဒီဥပဒေကိုပြဋ္ဌာန်းတာပါ။ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ဘဝကို မြှင့်တင်ဖို့အတွက် ကျွန်တော်တို့ ဒီဥပဒေကို ပြဋ္ဌာန်းခြင်းမဟုတ် ပါဘူး။ ဒါကြောင့်မို့လို့ မူရင်းဥပဒေမှာလည်းပဲ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို ဆိုတဲ့ဟာပါပါတယ်။ အဲဒီတော့ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဆိုလျှင် တောင်သူလယ်သမားစစ်စစ်ရဲ့ အခွင့်အရေးကို ကာကွယ်ဖို့နှင့် အကျိုးစီးပွားမြှင့်တင်ရေးကို လုပ်ဖို့ပဲဖြစ်ပါတယ်။ ကျွန်တော်တို့နယ်တွေမှာရှိပါတယ်။ ဧကပေါင်းမြောက်မြားစွာ ရာနဲ့ချီပြီးတော့ ကန်တွေတူးတယ်။ စိုက်ပျိုးရေးလုပ်ငန်း လုံးဝမလုပ်ဘူး။ ငွေအရင်းအနှီးတွေ အများကြီးထားတယ်။ အဲဒီလူတွေကို ကျွန်တော်တို့က ဒါကို တောင်သူလယ်သမား လို့သွားပြောမယ်ဆိုရင်တော့ ကျွန်တော်တို့တောင်သူလယ်သမားတွေရဲ့ဘဝဟာ ဘယ်ဘဝရောက်သွား မလဲ။ ဒီနေ့ ကျွန်တော်တို့အစိုးရရဲ့မူဝါဒအရ တောင်သူလယ်သမားတွေရဲ့စီးပွားရေးဘဝမြှင့်တင်ဖို့

လူမှုရေးဘဝမြှင့်တင်ဖို့၊ ကျန်းမာရေး၊ ပညာရေးဘဝမြှင့်တင်ဖို့ ကျွန်တော်တို့ စီမံကိန်းတွေအမျိုးမျိုးချပြီးတော့ လုပ်ကိုင်တဲ့အချိန်မှာ တစ်ဖက်က တောင်သူလယ်သမားနဲ့အတူယှဉ်ပြီးတော့ ဒီလိုစီးပွားရေးလုပ်ငန်းရှင်တွေကို ကျွန်တော်တို့ အကျိုးပေးချင်လို့ သူတို့ရဲ့အကျိုးစီးပွားကို စောင့်ရှောက်ချင်လို့ လုပ်လိုက်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့လယ်သမားတွေဟာ ကြာရင်းကြာရင်းနဲ့ တဖြည်းဖြည်း ပျောက်သွားပြီးတော့ ဟိုလုပ်ငန်းရှင်တွေရဲ့အောက်မှာ အခစားနဲ့သွားလုပ်ရမယ့်အဆင့်ကိုတောင်ရောက်သွားမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ကတော့ မူလဥပဒေမှာပြဋ္ဌာန်းထားတဲ့ စိုက်ပျိုးရေးလုပ်ငန်းသက်သက်လုပ်တဲ့လုပ်ငန်းရှင်တွေကိုတော့ ကျွန်တော်တို့အနေနဲ့ သူ့ကို တောင်သူလယ်သမားလို့ မခေါ်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုတာကတော့ မြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းကိုသော်လည်းကောင်း၊ စိုက်ပျိုးရေးနှင့်တွဲဖက်၍ မွေးမြူရေးလုပ်ငန်းကိုသော်လည်းကောင်း၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းကိုသော်လည်းကောင်း၊ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် မိမိကိုယ်တိုင်သို့မဟုတ် ကြီးကြပ်စီမံခန့်ခွဲသူအဖြစ်လုပ်ကိုင်သူ မြေကို သို့မဟုတ် ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ၊ နှစ်ရှည်သီးနှံ စိုက်ပျိုးခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲဖက်၍ မွေးမြူရေးလုပ်ငန်းကိုသော်လည်းကောင်း၊ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းကိုသော်လည်းကောင်း ကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် ကြီးကြပ်စီမံခန့်ခွဲသူဆိုတဲ့ဟာလေးကို ကျွန်တော်ဖြည့်ချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်ပါ။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု၍ တင်ပြခွင့်ပြုပါ။ မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးသည် လယ်ယာသားငါး ကုန်ထုတ်လုပ်မှုအပေါ်အခြေခံလျက်ရှိပါတယ်။ နိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်လျက်ရှိကြပါတယ်။ တောင်သူလယ်သမားဆိုတဲ့စကားရပ်တွင် လယ်ယာသီးနှံစိုက်ပျိုးရေးလုပ်ငန်းနှင့် သားငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်လျက်ရှိကြတဲ့ တောင်သူလယ်သမားအားလုံးပါဝင်စေရန် ထည့်သွင်းဖော်ပြထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေ၏ရည်ရွယ်ချက်အဖြစ် အရင်းအနှီးရရှိရေးအတွက် တောင်သူလယ်သမားများအား သင့်တင့်သောချေးငွေနှင့် အကူအညီများပေး၍ ထောက်ပံ့အကူအညီပြုနိုင်ရန် ထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူလယ်သမားများအား နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာတို့ကို ပံ့ပိုးပေးနိုင်ရန်၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းတို့မှထွက်ရှိသော လယ်ယာထုတ်ကုန်များအား ရောင်းချရာတွင် သင့်တင့်မျှတသည့်ဈေးနှုန်းနှင့် ဈေးကွက်များ၊ ဈေးကွက်ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လာပါက အတတ်နိုင်ဆုံး ထောက်ပံ့အကူအညီပြုရန် ပြဋ္ဌာန်းထားခြင်းဖြစ်ပါတယ်။ နိုင်ငံတစ်ဝန်း ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို တွဲဖက်လုပ်ကိုင်သူများအပြင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ခြင်းမရှိဘဲ မွေးမြူရေးသက်သက်လုပ်ကိုင်ကြသည့် တောင်သူ

လယ်သမားများစွာရှိပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏စစ်တမ်းကောက်ယူချက်များအရ နမူနာကောက်မြို့နယ်တစ်ခုတွင် စိုက်ပျိုးမြေနဲ့ တွဲဖက်၍ တိရစ္ဆာန်မွေးမြူသူဦးရေ ၇၆ ရာခိုင်နှုန်းနှင့် စိုက်ပျိုးရေးတွဲဖက်လုပ်ကိုင်ခြင်းမရှိဘဲ တိရစ္ဆာန်မွေးမြူရေးကို အဓိကထားမွေးမြူသည့် တောင်သူဦးရေ ၂၄ ရာခိုင်နှုန်းရှိကြောင်းကို သိရှိရပါတယ်။ ထို့ကြောင့် တည်ဆဲတောင်သူလယ်သမား အခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေတွင် တောင်သူလယ်သမား၏အဓိပ္ပာယ်ဖော်ပြချက်၌ မြေကိုအသုံးပြု၍ သော်လည်းကောင်း၊ အခြားနည်းကိုအသုံးပြု၍သော်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် မွေးမြူရေးလုပ်ငန်း သို့မဟုတ် ယင်းလုပ်ငန်းနှစ်ရပ်လုံးကို လုပ်ကိုင်သူဟု သတ်မှတ်ဖော်ပြခြင်းမှာ နိုင်ငံ့အဝန်းတောင်သူလယ်သမားအားလုံး အကျုံးဝင်ပြီး မြေပြင်ပကတိအခြေအနေနှင့် ကိုက်ညီမှန်ကန်မှုရှိပါတယ်။ ယခုပြင်ဆင်သည့်ဥပဒေကြမ်းတွင် တောင်သူလယ်သမားဆိုသည့်စကားရပ်၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူကို တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဟု ပြင်ဆင်ပါက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ခြင်းမရှိဘဲ မွေးမြူရေးကိုအဓိကထားလုပ်ကိုင်သည့် တောင်သူလယ်သမားများ၏အခွင့်အရေးကို ကာကွယ်ပေးနိုင်ခြင်းမရှိဘဲ ၎င်းတို့၏အကျိုးစီးပွားများကို ထိခိုက်နစ်နာဆုံးရှုံးသွားမှာ ဖြစ်ပါတယ်။ တောင်သူလယ်သမားဆိုသည့်စကားရပ်တွင် အဓိကမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများကို နုတ်ပယ်ပါက ဥပဒေ၏မူလရည်ရွယ်ချက်ပျက်ပြယ်သွားနိုင်သည့်အပြင် ဥပဒေတွင် မွေးမြူရေးဆိုင်ရာပြဋ္ဌာန်းချက်များ ဖော်ပြပါရှိပါသဖြင့် သက်ဆိုင်ရာပုဒ်မများကိုလည်း ပြင်ဆင်ရန်လိုအပ်လာမှာ ဖြစ်ပါတယ်။ နိုင်ငံတကာတွင် တောင်သူလယ်သမားဆိုသည့်စကားရပ်၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများသာမက သားငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများပါ အကျုံးဝင်ပါတယ်။ ဥပမာအားဖြင့် အမေရိကန်ပြည်ထောင်စု၊ ဩစတေးလျ၊ အင်္ဂလန်၊ နယူးဇီလန် စသည့်နိုင်ငံများတွင် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မြင်း စသည့်တိရစ္ဆာန်မွေးမြူကြသူများအား နို့စားနွားမွေးမြူရေး ကြက်၊ ဘဲ စသည့်ဥနှင့် အသားထုတ်လုပ်မွေးမြူရေး၊ ဝက်မွေးမြူရေးလုပ်ကိုင်ကြသူများမှာ တောင်သူလယ်သမားများ၊ Farmer ဆိုတဲ့ စကားရပ်တွင်အကျုံးဝင်ပါတယ်။

ထို့အတူ အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ငါး၊ ပုဇွန်မွေးမြူသည့် တောင်သူများကိုလည်း တောင်သူလယ်သမားဆိုသည့်စကားရပ်တွင် ထည့်သွင်းသတ်မှတ်ဖော်ပြကြပါတယ်။ မြန်မာနိုင်ငံတွင် ဒေသအလိုက် တောင်သူလယ်သမားများအနေဖြင့် တောင်ပေါ်ဒေသများ၌ နွားနောက်မွေးမြူရေး၊ နွားမွေးမြူရေး၊ မြင်းမွေးမြူရေး မြေပြန့်ဒေသများ၌ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ဝက်မွေးမြူရေး၊ မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းဒေသများမှာ ငါး၊ ပုဇွန်မွေးမြူရေးစသည့် ရေမြေရာသီဥတုနှင့်ကိုက်ညီသည့် သား၊ ငါး တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါတယ်။ ဒေသအလိုက် သား၊ ငါး တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရန် သင့်လျော်သည့်မြေကို အသုံးပြုလုပ်ကိုင်ရသည့်အလျောက် မွေးမြူရေးတောင်သူများကို တောင်သူလယ်သမားဟူသည့်စကားရပ်တွင် ထည့်သွင်းသတ်မှတ်ခြင်းမှသာ ဥပဒေနှင့်အညီ ထိရောက်မှန်ကန်စွာ စီမံဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ထို့ကြောင့် ဥပဒေတွင် တောင်သူလယ်သမားဆိုသည့်စကားရပ်ကို တည်ဆဲဥပဒေပါအတိုင်း ထားရှိခြင်းဖြင့် မည်သူ့ကိုမျှထိခိုက်ခြင်းမရှိဘဲ နိုင်ငံအဝန်းစိုက်ပျိုးရေးလုပ်ကိုင်သူ၊ မွေးမြူရေး

လုပ်ကိုင်သူတောင်သူလယ်သမားများအားလုံးအပါအဝင် အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါတယ်။ ထို့အပြင် ယခုဥပဒေအရ တောင်သူလယ်သမား အခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဦးဆောင်အဖွဲ့ကို နိုင်ငံတော်သမ္မတ(၂)က အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဆောင်ပြီး သက်ဆိုင်သည့်ပြည်ထောင်စုဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၊ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ပါဝင်ဖွဲ့စည်းထား၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဦးဆောင်အဖွဲ့တွင် အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက် လျက်ရှိပြီး တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှစ်ရပ်လုံး ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ တောင်သူလယ်သမားဆိုသည့်စကားရပ်၏အဓိပ္ပာယ်ဖော်ပြချက်ကို ပြင်ဆင်ရန်မသင့်ပါကြောင်းနှင့် တည်ဆဲဥပဒေပါဖော်ပြချက်အတိုင်းသာ အတည်ပြုသင့်ပါကြောင်း လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားဆိုတဲ့စကားရပ်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျွန်တော်တို့ ၂၀၁၇ ခုနှစ်၊ လယ်ယာမြေဥပဒေအခန်း(၁)အမည်နဲ့စတင် အာဏာတည်ခြင်း အဓိပ္ပာယ်ဖွင့်ဆိုချက်မှာလည်းပဲ အတိအလင်းဖွင့်ဆိုထားပြီးဖြစ်ပါတယ်။ ယခု တင်ပြဆွေးနွေးနေတဲ့ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေပါဖွင့်ဆိုချက်အတိုင်းပဲဖြစ်ပါတယ်။ အဲဒီဥပဒေမှာ တောင်သူလယ်သမားဆိုတဲ့စကားရပ်ဟာ တည်ဆဲဥပဒေပါအတိုင်းထားရှိခြင်းဟာ မိမိတို့ပြဋ္ဌာန်းထားတဲ့ဥပဒေများနှင့်အညီ ဆီလျော်ညီညွတ်စွာ နဲ့ သတ်မှတ်ထားပြီးဖြစ်တဲ့အပြင် နိုင်ငံနှင့်အဝန်း စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင် ကြတဲ့တောင်သူလယ်သမားပြည်သူအားလုံးအတွက် အကျုံးဝင်ပတ်သက်မှုကို ဖော်ညွှန်းရာလည်း ရောက်ပါတယ်။ ဒါကြောင့် တောင်သူလယ်သမား အခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေပါ တောင်သူလယ်သမားဆိုတဲ့စကားရပ်ရဲ့အဓိပ္ပာယ်ကို ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်နှင့်အညီ ထားရှိသင့်ပြီး ပြင်ဆင်ရန်မသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးသည့် မူလဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဃ)နှင့်စပ်လျဉ်းပြီး ဦးတင်ထွေးက ပြင်ဆင်ရန်အဆို တင်သွင်းထားသော်လည်း ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ချက်ကို သဘောမတူဘဲ မူလဥပဒေပြဋ္ဌာန်းချက်အတိုင်းထားရှိရန် တင်ပြထားပါ တယ်။ ဒါ့ကြောင့် ဥပဒေကြမ်းကော်မတီရဲ့ မူလဥပဒေပြဋ္ဌာန်းချက်အတိုင်းထားရှိရန် တင်ပြချက်ကို မူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံမဲများလျှင် ဥပဒေကြမ်းရဲ့တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဦးတင်ထွေးရဲ့ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးခဲ့တဲ့အချက်နှင့်

စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခု ဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲ ၃၃၅၊ ကန့်ကွက်ဆန္ဒမဲ ၂၄ မဲနှင့် ကြားနေမဲ ၇ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် မူလ ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဃ)သည် ဥပဒေကြမ်းကော်မတီ၏တင်ပြချက်အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပုဒ်မ ၁၆ ပုဒ်မခွဲ(က)နှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဖို့ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်းကို ဖိတ်ခေါ်ပါတယ်။

**ဒေါ်ချိုချိုဝင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင် ကျွန်မကတော့ မော်လိုက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ချိုချိုဝင်း ဖြစ်ပါတယ်ရှင့်။ ကျွန်မအနေနဲ့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်ပတ်သက်ပြီးတော့ ပုဒ်မ ၁၆ ပုဒ်မခွဲ(က)နှင့်ပတ်သက်ပြီးတော့မှ ကျွန်မရဲ့ပြင်ဆင်ချက်အဆိုကို တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်ရှင့်။ အဆိုပြုပြဋ္ဌာန်းချက်မှာဆိုလို့ရှိရင် ချေးငွေအကူအညီအထောက်အပံ့နှင့် သင့်တင့်သောအရင်းအနှီးများလို့ပါရှိပါတယ်။ အဲဒီတော့ ကျွန်မက အဲဒီဟာမှာ ဦးဆောင်အဖွဲ့သည်ချေးငွေအကူအညီအထောက်အပံ့များလို့ ပြင်ဆင်ထားပြီးတော့မှ သင့်တင့်သောအရင်းအနှီးဆိုတာကို ကျွန်မက ဖြုတ်ထားပါတယ်။ အဲဒါကတော့ မူလဥပဒေပြဋ္ဌာန်းချက်မှာလည်း သင့်တင့်သောအရင်းအနှီးဆိုတာ မပါဝင်ပါဘူး။ တကယ်တော့ ချေးငွေတို့၊ အကူအညီတို့၊ အထောက်အပံ့တို့ဆိုတာ အားလုံးဟာ တောင်သူလယ်သမားတွေအတွက် အရင်းအနှီးပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေအရ ကျစ်လျစ်တဲ့စကားရပ်တွေနဲ့ဖွဲ့စည်းရမှာဖြစ်တဲ့အတွက်ကြောင့် သင့်တင့်သောအရင်းအနှီးဆိုတာက အဓိပ္ပာယ်က နှစ်ခါထပ်နေတာဖြစ်တဲ့အတွက်ကြောင့် ဖြုတ်လိုက်ခြင်းဖြစ်ပါတယ်။

နောက်တစ်ခုကကျတော့ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခံစားခွင့်ရှိသည့် တောင်သူလယ်သမားများလက်ဝယ်သို့ အပြည့်အဝရရှိစေရန် စီမံဆောင်ရွက်ရမယ်လို့ ဥပဒေကြမ်းက အဆိုပြုပြဋ္ဌာန်းထားပါတယ်။ အဲဒီနေရာမှာဆိုလို့ရှိရင် ဒီတည်ဆဲဥပဒေတစ်ရပ်ရပ်အရဆိုလို့ရှိရင် တည်ဆဲဥပဒေအရခံစားခွင့်ရှိတဲ့တောင်သူလယ်သမားဖြစ်ပြီးတော့ တကယ်တောင်သူလယ်သမား အစစ်အမှန်ဖြစ်ပြီးတော့မှ တည်ဆဲဥပဒေတစ်ရပ်ရပ်ထဲမှာ တောင်သူလယ်သမားအဖြစ် သတ်မှတ်ခြင်းမခံရတဲ့သူတွေဟာဆိုလို့ရှိရင် ဒီနိုင်ငံတော်ကနေပြီးတော့မှ ပြည်သူ့ဘဏ္ဍာကနေပြီးတော့မှ ထောက်ပံ့ထားတဲ့ အရင်းအနှီးအထောက်အပံ့တွေကို မရရှိနိုင်တဲ့အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မပြင်ဆင်ထားတာကတော့ အမှန်တကယ်ခံစားခွင့်ရရှိတဲ့ တောင်သူလယ်သမားများလက်ဝယ်သို့ ဥပဒေနှင့်အညီအပြည့်အဝရရှိစေရန် စီမံဆောင်ရွက်ရမယ်လို့ ကျွန်မက ပြင်ဆင်ချက်အဆိုတင်ထားပါတယ်ရှင့်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့မြန်မာနိုင်ငံမှာ ကြည့်မယ်ဆိုလို့ရှိရင် အစိုးရအဆက်ဆက်ကနေပြီးတော့မှ ထုတ်ပြန်ခဲ့တဲ့ဥပဒေတွေကြောင့် တကယ့်နှစ်ပေါင်း

များစွာ နှစ်ပေါင်း ၁၀၀၊ နှစ်ပေါင်း ၈၀၊ နှစ်ပေါင်းများစွာစိုက်ပျိုးလာတဲ့ လယ်သမားတွေဟာ ဥပဒေရဲ့ ပြင်ပကိုရောက်ရှိသွားတဲ့တောင်သူလယ်သမားတွေ ကျွန်မတို့မြန်မာနိုင်ငံမှာ အများကြီးရှိပါတယ်။ ကျွန်မတို့ တောင်သူလယ်သမားတွေဟာဆိုလို့ရှိရင်ပေါ့နော်။ သစ်တောဥပဒေအရဆိုလို့ရှိရင်လည်း သစ်တောရဲ့ကြိုးပြင်ကာကွယ်တောဆိုပြီးတော့မှ တကယ့်ပြည်သူလူထုတောင်သူလယ်သမားတွေကို တိတိကျကျနှင့် ပွင့်ပွင့်လင်းလင်းချပြထားခြင်းမရှိဘဲနဲ့ နှစ်ပေါင်းများစွာစိုက်ပျိုးလာတဲ့ တောင်သူလယ်သမားတွေကို သစ်တောကျူးမြေပါဆိုပြီးတော့မှ ဥပဒေရဲ့ပြင်ပကိုရောက်ရှိအောင် ဖယ်ထုတ်လိုက်တဲ့လယ်သမားတွေလည်း ကျွန်မတို့မြန်မာနိုင်ငံမှာအများကြီးရှိပါတယ်ရှင့်။ နောက် ဝန်ကြီးဌာနအသီးသီးကနေပြီးတော့မှ စီမံကိန်းအမျိုးမျိုးတွေနဲ့ လယ်သမားတွေရဲ့ လယ်ယာမြေတွေကို သူတို့လိုချင်သလိုဆွဲထားတဲ့ဥပဒေတွေနဲ့။ နောက် ဒီဟာတွေက သစ်တောမြေဖြစ်ပါတယ်။ ဒါတွေဟာ ပလပ်မြေဖြစ်ပါတယ်။ ဒါတွေဟာ မြို့မြေဖြစ်ပါတယ်ဆိုပြီးတော့မှ နှစ်ပေါင်းများစွာစိုက်လာတဲ့တောင်သူလယ်သမားတွေရဲ့ လယ်ယာမြေတွေကို သူတို့နည်းမျိုးစုံနဲ့ပိုင်ဆိုင်ခွင့်မဖြစ်အောင် ပုံစံ(၇)ဆိုတာကြီးကို တီထွင်ပြီးတော့ အဲဒီပုံစံ(၇)နဲ့ ပယ်ချခံလိုက်ရတဲ့တောင်သူလယ်သမားတွေလည်း ရှိပါတယ်။ ဒါ ကျွန်မတို့ မြို့တိုင်းမြို့တိုင်းမှာလည်း ဖြစ်နေပါတယ်။ နောက် လယ်သမားတွေကစိုက်ပျိုးတယ်။ စိုက်ပျိုးတဲ့နှစ်ပေါင်းများစွာ သီးနှံခွန်လည်းဆောင်တယ်။ နောက် မြေခွန်လည်းဆောင်လာတယ်။ သို့သော် သူတို့လို ဒီလိုမျိုး မြို့မြေအဖြစ်သတ်မှတ်တော့မယ်လို့ သူတို့က သူတို့ဟာနဲ့သူတို့တော့ ဌာနဆိုင်ရာတွေမှာ စီမံလိုက်ပါတယ်။ ဒါပေမဲ့ တောင်သူလယ်သမားတွေကို အသိပေးခြင်း၊ ခေါ်ယူဆွေးနွေးခြင်း မရှိဘဲနဲ့ စိုက်ပျိုးစရိတ်ချေးငွေရပ်တာတို့၊ မြေခွန်တွေရပ်တာတို့၊ နောက် ဒါပေမဲ့ သူတို့ကို စိုက်ခွင့်တော့ ပေးနေသေးတယ်။ ပေးနေတော့ သူတို့ကလည်း သိတယ်။ ခံစားနေရတယ်။ ဘာခံစားရသလဲဆိုတော့ ငါတို့လယ်ယာကတော့ တစ်ချိန်ချိန်ကျရင် အသိမ်းခံရတော့မှာ။ ငါတို့ကို စိုက်ပျိုးစရိတ်ချေးငွေလည်း မထုတ်ပေးဘူး။ ပုံစံ(၇)မထုတ်ပေးဘူး။ ဒါမြို့မြေလို့လည်း သူတို့သတ်မှတ်တယ်လို့လည်း ပြောတယ်ဆိုတဲ့အခါကျတော့ ဒီလယ်သမားတွေဟာ ဒါဆိုရင် ဥပဒေနဲ့ မညီတဲ့အတွက်ကြောင့်မို့လို့ ဒါတွေဟာ လယ်သမားမဟုတ်တော့ဘူးလား။ ဒါတွေကိုလည်း ကျွန်မတို့က ထည့်သွင်းပြီးတော့မှ ဒီလိုလယ်သမားတွေ အမှန်တကယ်စိုက်ပျိုးနေတဲ့လယ်သမားတွေကိုလည်း ကျွန်မတို့က ဥပဒေနှင့်အညီဖြစ်လာအောင် ကျွန်မတို့က သူတို့ကိုလည်း ကူညီစောင့်ရှောက်ရမှာဖြစ်ပါတယ်။ တကယ်တော့ တည်ဆဲဥပဒေအရ ချေးငွေကို ခွင့်ပြုထားပြီးပြီဆိုလို့ရှိရင် ဒါဟာ လွယ်ကူပါတယ်။ အပြည့်အဝရရှိဖို့ဆိုတာ မခက်ခဲပါဘူး။ ဒါက အကုန်လုံး ဘယ်သူဖြစ်ဖြစ်၊ တောင်သူလယ်သမားကိုယ်တိုင်ကလည်း ဒီဥပဒေနှင့်အညီ ကျွန်တော်တို့ကို ဒီရင်းနှီးငွေကို အပြည့်အဝပေးပါဆိုတာမျိုး သူတို့မှာ တောင်းဆိုခွင့်ရှိပါတယ်။ တကယ်တော့ ကျွန်မတို့ ခက်ခဲနေတာက ဥပဒေအပြင်ဘက်ကို၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ရဲ့အပြင်ဘက်ကို ရောက်ရှိသွားတဲ့ တကယ်အမှန်အကန်လုပ်ဆောင်နေတဲ့တောင်သူလယ်သမားကိုသာ ကျွန်မတို့က သူတို့ကို တကယ်နိုင်ငံတော်ကပေးတဲ့အထောက်အပံ့တွေ၊ ချေးငွေတွေကို ဘယ်လိုနည်းနဲ့ ဘယ်လို ဥပဒေတွေနဲ့ ကူညီပြီးတော့မှ ရရှိအောင်ဆောင်ရွက်ပေးနိုင်မလဲဆိုတာ စဉ်းစားရမှာဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီက အဆိုပြုထားတဲ့ အဆိုပြုချက်အရဆိုလို့ရှိရင် တောင်သူလယ်သမားအချင်းချင်း တောင်မှ ခွဲခြားပြီးတော့မှ ဥပဒေတစ်ရပ်ရပ်ကို ရေးဆွဲထားတယ်လို့ ကျွန်မတို့အနေနဲ့ သုံးသပ်လို့ရပါတယ်ရှင့်။ အဲဒီတော့ ကျွန်မတို့က လက်ရှိမြန်မာနိုင်ငံမှာဆိုလို့ရှိရင်လည်း အားလုံးသိတဲ့အတိုင်းပဲ

ဥပဒေတွေရေးဆွဲတယ်။ ပြဋ္ဌာန်းတယ်။ အမိန့်တွေ၊ ညွှန်ကြားချက်တွေလုပ်တယ်။ အဲဒီအခါမှာ ကျွန်မတို့မြန်မာနိုင်ငံရဲ့ လယ်သမားဆိုတဲ့ဟာမှာ ကြည့်လိုက်လို့ရှိရင် တကယ်တော့ ခါတော်မီ လယ်သမားတွေ။ ဧကပေါင်းများစွာပိုင်ဆိုင်ပြီးတော့မှ ဥပဒေဘောင်ထဲကို သွတ်သွင်းထားတဲ့ ခါတော်မီလယ်သမားတွေသာ အများစုဖြစ်နေပြီးတော့မှ တကယ်အသက်မွေးဝမ်းကျောင်းအရ လုပ်ကိုင်စားသောက်နေကြတဲ့ လယ်သမားတွေဟာ ဥပဒေအပြင်ဘက်ကိုရောက်ရှိနေတာဖြစ်တဲ့ အတွက်ကြောင့် ကျွန်မက အမှန်တကယ်ခံစားခွင့်ရနိုင်တဲ့ တကယ်လယ်သမားအစစ်အမှန်လေးတွေကို ကျွန်မတို့က ဘယ်လိုကူညီပြီးတော့မှ ဥပဒေနှင့်အညီ သူတို့ကို ဘယ်လိုကူညီဆောင်ရွက်ပေးနိုင်မလဲ ဆိုတာမျိုးကို ကျွန်မတို့က စဉ်းစားပြီးတော့မှ သူတို့အတွက်ကို လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။

ဒီဦးဆောင်အဖွဲ့ဆိုတာက အစောတုန်းကပြောသလိုပဲ ကျယ်ကျယ်ပြန့်ပြန့်လည်း လုပ်ရမှာ ဖြစ်ပါတယ်။ ကွက်ကြားမိုးရွာလို့မဖြစ်ပါဘူး။ သူတို့ဒီဥပဒေအရဆိုလို့ရှိရင် သူတို့က လွယ်လွယ်ကူကူ လေးနဲ့ကူညီမယ်။ ကူညီခွင့်ရတဲ့ဟာလေးကို လုပ်ပေးမယ်။ တကယ်တောင်သူလယ်သမားတွေ ခက်ခက်ခဲခဲလုပ်ရမယ့် သူတို့အတွက် သူတို့ရဲ့အခွင့်အရေးတွေဆုံးရှုံးနေတဲ့လူတွေအတွက်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းမှာ အမှန်တကယ်ခံစားခွင့်ရှိသည့် တောင်သူလယ်သမားဟုဆိုရာတွင် ဥပဒေတွင် တိကျမှု၊ ခိုင်မာမှုမရှိပါဘူး။ အဆိုပြုပြဋ္ဌာန်းချက်တွင် တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ခံစားခွင့်ရှိသည့်တောင်သူလယ်သမားဟု အဆိုပြုတင်ပြထားသည့် အပိုဒ် မှာ ပိုမိုမှန်ကန်ပြီးတော့ တိကျမှာဖြစ်ပါသဖြင့် အဆိုပြုပြဋ္ဌာန်းချက်ကိုသာ အတည်ပြုပေးပါရန် လွှတ်တော်သို့ လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့အဆိုပြုပြဋ္ဌာန်းချက်အတိုင်း ထားရှိ သင့်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆွေးနွေးသည့် ပုဒ်မ ၁၆ ပုဒ်မခွဲ(က)နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက အဆိုပြုပြဋ္ဌာန်းချက်အတိုင်းထားရှိရန် တင်ပြခဲ့ပြီး ဒေါ်ချိုချိုဝင်းက ပြင်ဆင်ချက်အဆိုတင်သွင်းထားပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့အဆိုပြု ပြဋ္ဌာန်းချက်အတိုင်း ထားရှိရန် တင်ပြချက်ကိုမူတည်၍ မဲခွဲဆုံးဖြတ်ပါမယ်။ ထောက်ခံမဲများလျှင် ဥပဒေကြမ်းကော်မတီရဲ့တင်ပြချက်က အတည်ဖြစ်ပါမယ်။ ကန့်ကွက်မဲများလျှင် ဒေါ်ချိုချိုဝင်းရဲ့ ပြင်ဆင်ချက်က အတည်ဖြစ်ပါမယ်။ ယခုဆွေးနွေးတဲ့အချက်နှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲ ပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါ့မယ်။ ထောက်ခံဆန္ဒမဲ ၃၄၈ မဲ၊ ကန့်ကွက်ဆန္ဒမဲ ၁၅ မဲ၊ ကြားနေဆန္ဒမဲ ၂ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံဆန္ဒမဲကများတဲ့အတွက် ပုဒ်မ ၁၆ ပုဒ်မခွဲ(က)သည် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသော တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားသောအပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက် ရယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန်လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းသော တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက် (သောကြာနေ့)နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၃၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၃း၃၅ နာရီ အချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ (၂၃.၅.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ



U Hla Kyaw U Myo Zaw Oo



U Hla Kyaw Dr Daw Shwe Pon



U Hla Kyaw U Tun Tun Naing



U Hla Kyaw U Stephan



U Hla Kyaw U Nyan Hein



U Hla Kyaw U Zarni Min

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်